# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ်(၀၃၆)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က MMA ပြိုင်ပွဲတွင် အနိုင်ရခဲ့သည့် အောင်လအန်ဆန်ထံ ဂုဏ်ပြုချီးကျူးလွှာပေးပို့


စာမျက်နှာ - ၃


# မဒဲကျွန်းဆိပ်ကမ်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် တည်ဆောက်မည့်မြေနေရာနှင့် သဘာဝဓာတ်ငွေ့စခန်းအား ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဒဲကျွန်းဆိပ်ကမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၄**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဒေါက်တာထွန်းနိုင်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး မဒဲကျွန်းဆိပ်ကမ်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်မည့် မြေနေရာနှင့် သဘာဝဓာတ်ငွေ့စခန်း (OGT) အား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ကျောက်ဖြူမြို့နယ် မဒဲကျွန်းသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြရာ SEAOP/SEAGP ကုမ္ပဏီ Director Mr. Zhang Qiang က ရှင်းလင်းဆောင်၌ မဒဲကျွန်းဆိပ်ကမ်း စီမံကိန်းလုပ်ငန်းများ စတင်ခဲ့မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံထားမှု၊ EIA, SIA လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ရေနံစိမ်းပိုက်လိုင်း၊ ရေနံတင်၊ ချ ဆိပ်ကမ်းနှင့် ရေနံစိမ်း သိုလှောင်ကန်များ တည်ဆောက်ထားမှု၊ ရေနံပို့လွှတ်ဖြန့်ဖြူးနေမှု၊ မြန်မာနိုင်ငံသားများအား အလုပ်ခန့်ထားမှု၊ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ရန်ကုန်တက္ကသိုလ် Recreation Centre ၌ လူငယ်နှင့် လူမှုမီဒီယာ ပြည်သူ့စကားဝိုင်း ကျင်းပ ဆိုရှယ်မီဒီယာကို မှန်မှန်ကန်ကန်အသုံးချပါက အကျိုးရှိပြီး မှားယွင်းစွာသုံးမိလျှင် များစွာနစ်နာနိုင်**


စာ ➤ ၄


**အမေရိကန် သမ္မတ မြောက်ကိုရီးယား နျူကလီးယားအရေး အကူအညီရရှိရန် အာရှခရီးစဉ် ထွက်ခွာ**


စာ ➤ ၁၄







မြန်မာ့အလင်း

# ထင်ယောင်ထင်မှားမှု အစပြု၍

ပြည်သူ့ဝန်ထမ်း အမျိုးအစားတစ်ခုခုတွင် ပါဝင်သူ မဟုတ်ဘဲလျက်၊ ထိုပြည်သူ့ဝန်ထမ်း အမျိုးအစားတစ်ခုခုတွင် ပါဝင်သူဖြစ်ကြောင်း သူတစ်ပါးယုံကြည်စေရန် ကြံရွယ်ချက်နှင့်ဖြစ်စေ၊ သူတစ်ပါး ယုံကြည်စေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ မည်သူမဆို၊ ထိုပြည်သူ့ဝန်ထမ်း အမျိုးအစားတို့ ဝတ်ဆင်ကိုင်ဆောင်သော အဝတ်တန်ဆာနှင့် သို့တည်းမဟုတ် အမှတ်အသားနှင့် သဏ္ဍာန်တူသော အဝတ်တန်ဆာကို သို့တည်းမဟုတ် အမှတ်အသားကို ဝတ်ဆင်လျှင် သို့တည်းမဟုတ် ကိုင်ဆောင်လျှင် ထိုသူကို ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရန် ဥပဒေ၌ ပြဋ္ဌာန်းထားပြီးဖြစ်သည်။

မကြာသေးမီက နေပြည်တော် လေဆိပ်တွင် ခရီးသည်ထံမှ လက်နက်နှင့် မူးယစ်ဆေးအချို့ဖမ်းဆီးရမိမှုနှင့် ဆက်စပ်လျက် ဖော်ထုတ်သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများတွင် လက်နက်များ၊ ဆက်သွယ်ရေး ကိရိယာများ၊ မော်တော်ယာဉ်များအပြင် တူညီဝတ်စုံများ၊ အမှတ်တံဆိပ်များလည်း ပါဝင်ခဲ့သည်ကို သတင်းများတွင် တွေ့ရှိခဲ့ကြရပြီး ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ အနှံ့အပြား၌ လူအင်အားသောင်းနှင့်ချီ၍ ရှိသည်ဆိုသော သတင်းအဖွဲ့အစည်းဟုဆိုသည့် အဖွဲ့တစ်ခုကလည်း ယူနီဖောင်းနှင့် အသွင်တူသည့် ဝတ်စုံများ ဝတ်ဆင်လှုပ်ရှားကြခြင်းနှင့် ပတ်သက်၍ သတင်းလောကနှင့် လူမှုကွန်ရက်တို့၌ ဝေဖန်မှုများစွာ ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။

ထို့ပြင်မက သာမန်ပြည်သူများအနေဖြင့် ထင်ယောင်ထင်မှားဖြစ်စေနိုင်သည့် အလွဲသုံးစားပြု ကိုင်တွယ်သုံးစွဲမှုများကိုလည်း မကြာခဏဆိုသလို တွေ့မြင်နေကြရသည်။ ဥပမာအားဖြင့် ရဲဝန်ထမ်းများသာ ကိုင်တွယ်ခွင့်ရှိသည့် လက်ထိပ်ကို မဆိုင်သူများက ကိုင်တွယ်ကာ မသိနားမလည်သူများကို ခြိမ်းခြောက်ခြင်း၊ တရားမဝင် ဆက်သွယ်ရေးစက် (လမ်းလျှောက်စကားပြောစက်)များကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်း၊ လူနာတင်မော်တော်ယာဉ်၊ မီးသတ်မော်တော်ယာဉ်၊ ရဲတပ်ဖွဲ့သုံး ကင်းလှည့်မော်တော်ယာဉ်တို့တွင် အမျိုးအစားအလိုက် ခွဲခြား သုံးစွဲရသည့် အရေးပေါ် အချက်ပြမီးများနှင့် ဥဩသံတို့ကို တရားမဝင် မှန်ကန်မှုမရှိဘဲ သုံးစွဲနေကြခြင်းတို့ကို အတားအဆီးမရှိသည့်နှယ် ပြုလုပ်နေကြခြင်းပင်ဖြစ်သည်။ ဤနည်းအားဖြင့် လူနာတင်ယာဉ်အသွင်ဆောင်ပြီး သစ်ခိုးထုတ်သည့်ကားများ ဖမ်းမိခဲ့သည့် သာဓကများကိုပင် တွေ့ရှိခဲ့ရပြီးဖြစ်သည်။

အမှန်စင်စစ်အားဖြင့် အထက်တွင် ဖော်ပြခဲ့သည့် တရားမဝင်ကိုင်တွယ်သုံးစွဲမှု အားလုံးတို့မှာ ဥပဒေရှိနေလျက်နှင့် ဥပဒေကိုချိုးဖောက် ဆောင်ရွက်နေကြခြင်းဖြစ်ပြီး ကြာလေလေ အတင့်ရဲလေလေ ဖြစ်လာကြခြင်းပင်ဖြစ်သည်။ သို့တည်းမဟုတ် ဥပဒေသည် အသက်မဝင်တော့ခြင်း သို့မဟုတ် ပြစ်ဒဏ်က အသေးအဖွဲဟု ယူဆလာကြကာ ဂရုမစိုက် လျစ်လျူရှုလာကြခြင်းဖြစ်သည်။ အဖွဲ့အစည်းပုံစံ ယူနီဖောင်း ဝတ်ကြခြင်း၊ ဆက်သွယ်ရေးစက် သုံးစွဲကြခြင်း၊ အမှတ်တံဆိပ်လိုဂိုများ တပ်ဆင်ခြင်း၊ အချက်ပြမီးများ သုံးစွဲခြင်းတို့မှာ သာမန်အားဖြင့် ကြီးလေးသည့် ရာဇဝတ်မှုကြီးများ မဟုတ်ဟု ဆိုနိုင်သော်လည်း အနိမ့်ဆုံးအားဖြင့် ပြည်သူကို စိတ်အနှောင့်အယှက်ဖြစ်စေနိုင်ပြီး စည်းမဲ့ကမ်းမဲ့ လူ့အဖွဲ့အစည်းတစ်ခုသဖွယ် မြင်လာစေသည်။ ရောင်တော်ပြန်နှင့် ရောလွှတ်ကာ ပုံမှားရိုက်ခြင်းဖြင့် မျှော်လင့်မထားနိုင်သော အမှုအခင်းများပင် ဖြစ်ပေါ်လာနိုင်ရာ အမှိုက်က စ ပြာသာဒ်မီးလောင်သည့် အဆင့်သို့ ရောက်မလာအောင် ဥပဒေနှင့်အညီ ရှင်းလင်း တားဆီးမှုတို့ ပြုဖို့လိုမည်ဟု ရှုမြင်ရပါကြောင်း။ ။

## လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

# ဘားအံမြို့၏ ကျက်သရေဆောင် သေဋ္ဌမာရ်အောင်ဘုရားကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူ



**ဘားအံ နိုဝင်ဘာ ၄**

ကရင်ပြည်နယ် ဘားအံမြို့၏ ကျက်သရေဆောင် သေဋ္ဌမာရ်အောင်ဘုရားကြီး၏ (၁၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဘုရားကြီးဝင်းအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့် အမှူးပြုသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဗုဒ္ဓဘာသာနွယ်ဝင် စေတနာရှင် ပြည်သူများက စေတနာ သဒ္ဒါတရားထက်သန်စွာဖြင့် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်တို့ကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲသို့ ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၆၀မှ ရှင်သာမဏေ၊ ရဟန်း၊ သံဃာတော် ၁၅၇၆ ပါး၊ သီလရှင်ကျောင်း ၁၂ ကျောင်းမှ သီလရှင် ၅၅၇ပါး၊ ရှင်သာ မဏေ၊ ရဟန်း၊ သံဃာတော်၊ သီလရှင် စုစုပေါင်း ၂၁၃၃ ပါး ကြွရောက်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် စေတနာရှင် ဒါယကာ၊ ဒါယိကာမများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို စေတနာသဒ္ဒါတရား ထက်သန်စွာဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

***ကျောဖုံးမှ***

အကောင်းဆုံးပွဲတော့ မဟုတ်ပါဘူး၊ entertainment အနေနဲ့ ဘာမှမရှိလိုက်ဘူး၊ ကျွန်တော် ကတိပေးပါတယ်၊ ဒီကနေ ပြန်သွားတာနဲ့ လေ့ကျင့်မှုတွေပြန်စမှာပါ၊ ကျွန်တော်နောက်ပွဲတွေမှာ ပိုကောင်းစေရမယ်''ဟု အောင်လက သတင်းထောက်များကို ပြောကြားသည်။

ပြိုင်ဘက်ဖြစ်သူ အလိန်းဂါလာနီကလည်း သတင်းစာရှင်းလင်းပွဲအတွင်း ''အားပေးကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်၊ အခုလို အားပေးကြတာကို တွေ့ရတော့ ဒီပွဲအတွက် အားရပါတယ်၊ ဝိတ်တန်းမတူပေမယ့် သူ့ရဲ့လေ့ကျင့်မှု အားကောင်းတယ်''ဟု အောင်လအပေါ် မှတ်ချက်ပေးသည်။

အောင်လအန်ဆန်က ပထမအချီတွင်ပင် အနိုင်ရရှိခဲ့ခြင်းကြောင့် ပရိသတ်အချို့က ကြည့်ရှုရသည်မှာ အားမလို အားမရဖြစ်ခဲ့ကြသော်လည်း လာရောက်အားပေးသူတစ်ဦးက ''လုပ်ပွဲတော့မဟုတ်ပါဘူး၊ အလိန်းဂါလာနီကလည်း ဟဲဗီးဝိတ်ချန်ပီယံ လေးခါတောင်ရထားတာပဲ၊ သူ့သိက္ခာအကျခံမယ်လို့မထင်ပါဘူး၊ အောင်လကို လျှော့တွက်တာ သတိထားမိတယ်၊ သူသာ အရှုံးမပေးခဲ့ရင် ဇက်ကျိုးမယ့်အနေအထား ဆိုတာ ကျွန်တော်တို့ အားလုံးမြင်နေရတာပဲ၊ အခုလို လေ့ကျင့်မှုကောင်းကောင်းနဲ့ ရိုးရိုးသားသား ရှင်းရှင်းလင်းလင်း ထိုးသတ်တာ အားလုံးတွေ့တယ်''ဟု သူ့အမြင်ကို ပြောသည်။

အောင်လအန်ဆန်အနေဖြင့် Middle Weight တန်းချင်းတူညီသည့် ပြိုင်ပွဲများကို ပိုမိုထိုးသတ်နိုင်ရန် ဆန္ဒရှိနေပြီး သူ၏ ကမ္ဘာ့ချန်ပီယံအမှတ်တံဆိပ်ကို ကြာရှည်စွာ ထိန်းသိမ်းထားရန် စိတ်ပိုင်းဖြတ်ထားသည်ကို မြင်တွေ့ရသည်။ ''ကျွန်တော်ပြန်ရောက်တာနဲ့ လေ့ကျင့်မှုကိုစတင်မှာပါ၊ လက်ရှိမှာတော့ ကျွန်တော့်ရဲ့ အဓိက ရည်ရွယ်ချက်က ထိုးသတ်ယှဉ်ပြိုင်ဖို့ပါပဲ၊ အသက်အရွယ်တစ်ခုရလာပြီး နောက်ပိုင်းကျရင်တော့ ဝါသနာရှင်တွေကို လေ့ကျင့်သင်ကြားပေးမယ်၊ အဲဒီနည်းနဲ့ ကျွန်တော်ချစ်တဲ့ပရိသတ်ကြီးကို ကျေးဇူးဆပ်မှာပါ၊ မြန်မာနိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးက မြန်မာနိုင်ငံသားတွေ ကျွန်တော့်ကိုချစ်ခင်အားပေးတဲ့ မြန်မာတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်၊ တကယ်ဆိုရင် ကျေးဇူးတင်ထိုက်သူတွေလည်း အများကြီးရှိတယ်၊ နောက်မှပဲ ကျွန်တော် အချိန်ပေးပြီး ပြောကြားပါဦးမယ်၊ ကျွန်တော်တို့မြန်မာတွေ စည်းလုံးကြမယ်ဆိုရင် မဖြစ်နိုင်တာ မရှိပါဘူး''ဟု အောင်လအန်ဆန်က ပြောကြားခဲ့သည်။

လာမည့် ၂၀၁၈ ဖေဖော်ဝါရီတွင်လည်း အောင်လအန်ဆန်၏ သုံးလတာအတွင်း ပြင်ဆင်ထားသည့် အရည်အသွေးများကို ထပ်မံ ကြည့်ရှုခံစားနိုင်ဦးမည်ဖြစ်ပြီး လေ့ကျင့်မှုအားကောင်းစွာဖြင့် ကမ္ဘာ့ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်အတွက် မျှော်လင့်ရသည်။

**သတင်း-မင်းသော်၊ ဓာတ်ပုံ-လူထုအားကစားနှင့်ပညာပေးဌာနခွဲ**

---

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**



နိုဝင်ဘာ ၃ ရက် (တန်ဆောင်မုန်းလပြည့်)ညက စမ်းချောင်းမြို့နယ် ကိုးထပ်ကြီး ဘုရားရင်ပြင်၌ ဖယောင်းတိုင် ၉၉၉၉ တိုင် ထွန်းညှိပူဇော်စဉ်
တင်ဝင်းလေး
(ကြည့်မြင်တိုင်)

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၄-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၀ |
| ထိုင်း | တစ်ဘတ် | ၄၀ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ ·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ·၉ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က MMA ပြိုင်ပွဲတွင် အနိုင်ရခဲ့သည့် အောင်လအန်ဆန်ထံ ဂုဏ်ပြုချီးကျူးလွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၄**

One Championship အဖွဲ့က ဦးဆောင်ကျင်းပသော MMA (ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) One Hero's Dream ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်ထံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၃ ရက်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးပို့ခဲ့ကြောင်း သိရှိရသည်။

**ဂုဏ်ပြုချီးကျူးလွှာပေးပို့**

မြန်မာနိုင်ငံ၌ နိုဝင်ဘာ ၃ ရက်က ကျင်းပသော One Championships Hero's Dream Open Weight Super -Bout ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Middle Weight တန်းမှ အောင်လအန်ဆန်က စိန်ခေါ်သူ Heavy Weight တန်း ကစ်ဘောက်ဆင် ကမ္ဘာ့ချန်ပီယံ အလိန်းဂါလာနီကို ပထမအချီ ၄ မိနစ် ၃၁ စက္ကန့်တွင် ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့သည့်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုပြိုင်ပွဲသည် အောင်လအန်ဆန်၏ ထူးချွန်ပြောင်မြောက်ပြီး အံ့မခန်းလောက်အောင် စိန်ခေါ်သူ ပြိုင်ဘက်ကို စွမ်းဆောင်အနိုင်ရယူခဲ့သည့်အတွက် ဂုဏ်ပြုချီးကျူးလွှာပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အောင်လအန်ဆန်နှင့် အလိန်းဂါလာနီတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်** ဓာတ်ပုံ-ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဒဲကျွန်းဆိပ်ကမ်းရှိ ရေနံတင်၊ ချ ဆိပ်ကမ်း တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်** သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားမှု၊ ဒေသခံများအား ထပ်မံ အလုပ်ခန့်ထားနိုင်ရေးနှင့် လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မဒဲကျွန်းဆိပ်ကမ်း၌ ရေနံများ သိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးပို့လွှတ်မှု၊ မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် ပြင်ဆင်ထားမှု အခြေအနေနှင့် တန် သုံးသိန်းအထိ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် မဒဲကျွန်း ရေနံ တင်၊ ချ ဆိပ်ကမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အဆိုပြုတင်ပြထား**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်မည့် စီမံကိန်းမြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းက ကျောက်ဖြူ အထူးစီးပွားရေး အကောင်ထည်ဖော်ရေးအတွက် အဆိုပြုတင်ပြထားသည့် အချက်များနှင့် မြေနေရာလျာထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

**အဆင့်မြင့်အိမ်ရာစီမံကိန်း**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါသဖြင့် ကျောက်ဖြူဒေသအား အထူး စီးပွားရေးဇုန်အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော်က ၂၀၁၁ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။ ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် စီမံကိန်းများ အနေဖြင့် ရေနက်ဆိပ်ကမ်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းနှင့် အဆင့်မြင့်အိမ်ရာ စီမံကိန်းများ ပါဝင်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကျောက်ဖြူမြို့ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစခန်း (OGT)သို့ ရောက်ရှိကြရာ POSCO DAEWOO ကုမ္ပဏီမှ တာဝန်ခံက သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိမှုနှင့် ထုတ်လုပ်နိုင်မှု၊ နှစ်အလိုက် သဘာဝဓာတ်ငွေ့များ ရောင်းချနေမှု၊ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးနေမှု၊ ဒေသခံများအား အလုပ်အကိုင်ပေးနိုင်မှု၊ ဒီရေတောများစိုက်ပျိုးပေးမှု၊ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပုံစံငယ်ပြခန်းကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစခန်း (OGT) အတွင်း ပြသထားသည့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ပုံစံငယ်ပြခန်းအား ကြည့်ရှုလေ့လာသည်။

**ဓာတ်အားဖြန့်ဖြူးပေးမှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတသည် ကျောက်ဖြူမြို့နယ်ရှိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားရရှိမှုနှင့် ကျောက်ဖြူမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေတို့ကို စစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကျောက်ဖြူလေဆိပ်မှ မြန်မာ့အမျိုးသားလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ် တိုးမြှင့် ဖွင့်လှစ်

**မြို့သစ် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဆူးတပ်ကြီးကျေးရွာအုပ်စု ဆူးတပ်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား ၂၀၁၂ ခုနှစ်က ဖွင့်လှစ်နိုင်ခဲ့ပြီး အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ဆူးတပ်ကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်တို့က အခြေခံပညာအလယ်တန်းကျောင်း ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသာအောင်၊ ခရိုင်ပညာရေးမှူး ဆရာကြီး ဦးကျော်ဆွေတို့က အမှာစကား ပြောကြားပြီး ဆူးတပ်ကြီးကျေးရွာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းဦးက ကျောင်း၏သမိုင်းကြောင်း အသေးစိတ်အား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆူးတပ်ကြီးကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုးနိုင်က ဆူးတပ်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးခြင်းကိုကျေးဇူးတင်ပါကြောင်း၊ အဆိုပါ အလယ်တန်းကျောင်းအား ဆူးတပ်ကြီး၊ ပန်းတော၊ ရွှေဘို၊ မိုးကောင်း၊ ကြို့ပင်သာ စသော ကျေးရွာငါးရွာမှ ကျောင်းသား ကျောင်းသူများအတွက် အဆင်ပြေသဖြင့် ကျေးဇူးတင်မိပါကြောင်း ပြောသည်။



အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ခရိုင်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# ရန်ကုန်တက္ကသိုလ် Recreation Center ၌ လူငယ်နှင့် လူမှုမီဒီယာ ပြည်သူ့စကားဝိုင်း ကျင်းပ

# ဆိုရှယ်မီဒီယာကို မှန်မှန်ကန်ကန်အသုံးချပါက အကျိုးရှိပြီး မှားယွင်းစွာသုံးမိလျှင် များစွာနစ်နာနိုင်

ရန်ကုန် နိုဝင်ဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းကျင်းပသော လူငယ်များဘက်စုံတိုးတက်စေရေးအတွက် လူငယ်များနှင့် သက်ဆိုင်သည့်'လူငယ်နှင့်လူမှုမီဒီယာ' ပြည်သူ့စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ် Recreation Center ၌ ကျင်းပသည်။**

ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကို ဒီမိုကရေစီ အင်္ဂါရပ်များအတိုင်း အစိုးရနှင့် အများပြည်သူအကြား ဆွေးနွေး တိုင်ပင်ကြမည့် အကြောင်းကိစ္စများ ရှိလာသည့်အခါ ဆွေးနွေးပြောကြားနိုင်သည့်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာတွင် ဖြစ်ပေါ်နေသည့် အကြောင်းကိစ္စများအား ပြည်သူများအကြား ဆွေးနွေးမှုများရှိလာစေရန်နှင့် အဆိုပါဆွေးနွေးပွဲများကြောင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပြည်သူနှင့် လူငယ်များ ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထကောင်းများ ရရှိစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

## တက်ရောက်

ယနေ့ ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာ၌ ယနေ့ ပြည်သူ့စကားဝိုင်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ ဌာနခွဲတစ်ခုဖြစ်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အဓိက ကဏ္ဍမှ စီမံခြင်းဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတစ်ဝန်း ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ ဆောင်ရွက်မည့် ခရိုင်ရုံး၊ မြို့နယ်ရုံးများနှင့်အတူ စာကြည့်တိုက်များ ပူးတွဲဖွင့်လှစ်ထားပါကြောင်း၊ ယခုအခါ ထိုစာကြည့်တိုက်နှင့်ရုံးများကို အများပြည်သူ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ပြီး မိမိတို့ဝါသနာပါရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်မည့် လူမှုအခြေပြု ဗဟိုဌာန (Community Center) များအဖြစ် ပြုပြင်ပြောင်းလဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

## မျှော်လင့်

ရည်ရွယ်ချက်မှာ သက်ဆိုင်ရာဒေသမှ မြို့နယ်လူထုအနေဖြင့် မိမိတို့အချင်းချင်း တွေ့ဆုံပြီး လူမှုရေးကိစ္စရပ်များမှသည် ရပ်ရွာအရေးကိစ္စ၊ ဒေသဆိုင်ရာ အရေးကိစ္စ၊ နိုင်ငံလုံးဆိုင်ရာ အရေးကိစ္စများအထိ ဆွေးနွေးပြီး နှီးနှောဖလှယ်နိုင်မည့် နေရာတစ်ခု ဖန်တီးပေးလိုသည့် သဘောဖြစ်ပါကြောင်း၊ ယခုလို ဖန်တီးပေးခြင်းအားဖြင့် ရပ်ရွာလူထုအနေဖြင့် မိမိတို့အချင်းချင်း တွေ့ဆုံနှီးနှောခြင်းပြုလုပ်ရုံသာမက ဒေသအသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်သူ့အစိုးရအဖွဲ့များတွင် တာဝန်ယူထားကြသည့် ပုဂ္ဂိုလ်များ စသည့် ပြည်သူက လွှဲအပ်ထားသည့် တာဝန်ကို ထမ်းဆောင်နေကြသူများနှင့် ရပ်ရွာလူထုတို့ အခါအားလျော်စွာ တွေ့ဆုံပြီး ကိုယ်စားလှယ်များက ပြည်သူကို အစီရင်ခံခြင်း၊ ပြည်သူတို့က ကိုယ်စားလှယ်များကို မေးမြန်းခြင်း၊ ထောက်ပြဝေဖန်ခြင်း၊ အကြံပြုခြင်း၊ မိမိတို့လိုလားချက်ဖြစ်သည့် သဘောထားဆန္ဒများကို အသိပေးပြောဆိုခြင်း၊ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးပြီး လိုအပ်ပါက မိမိတို့အထက်ရှိ မူဝါဒချမှတ်သူများကို ဆက်လက်တင်ပြခြင်း စသည်တို့ တိုးတက်ဖြစ်ပေါ်လာရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

## အထောက်အကူပြုနိုင်

ပြည်ထောင်စုဝန်ကြီးက "တစ်နည်းပြောရရင် နိုင်ငံမှာ ဒီမိုကရေစီအလေ့အကျင့်များ ပြန့်ပွား



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်

လာရေး၊ ဒီမိုကရေစီ သို့မဟုတ် လူထုအစိုးရစနစ်ဆိုတာနဲ့အညီ နိုင်ငံ့ရေးရာများ စီမံဖန်တီးရာမှာ ပြည်သူကိုယ်တိုင်ပါဝင်မှု၊ ပြည်သူ့သဘောထားများ ပါဝင်မှုတို့ တိုးတက်လာစေဖို့ ဆက်လက် လက်ဆင့်ကမ်း အထောက်အကူပြုနိုင်အောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

"ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနိုင်ငံဆိုတာ ပြည်သူများက လေးနှစ်တစ်ကြိမ်၊ ငါးနှစ်တစ်ကြိမ် စသဖြင့် သတ်မှတ်ထားတဲ့ သက်တမ်းကာလအလျောက် ကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲတွေမှာ ပြည်သူ့ကိုယ်စားလှယ်တွေ၊ ရွေးကောက်တင်မြှောက်ပေးလိုက်ရုံနဲ့ မပြည့်စုံ ၊ မလုံလောက်ပါဘူး။ ပြည်သူလူထုက မိမိတို့ရဲ့သဘောဆန္ဒများ၊ လိုလားချက်များကို တိုင်းပြည်အတွက် မူဝါဒချမှတ်သူတွေ သိရှိအောင်၊ ထည့်သွင်းစဉ်းစားကြအောင် တိုက်တွန်းခြင်း၊ ဝေဖန်ထောက်ပြခြင်းနည်းများအားဖြင့် လွှမ်းမိုးမှု ပြုနိုင်မှသာလျှင် ဒီမိုကရေစီစနစ် ပြည်သူ့အစိုးရစနစ် ပီပြင်စွာပေါ်ပေါက်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

## ပွင့်လင်းစွာ ဆွေးနွေး

ဆက်လက်၍ နိုင်ငံရေးသဘောတရား ဆရာများက ဒီမိုကရေစီဆိုသည်မှာ ပြည်သူပါဝင်မှု ပြည့်ဝမှသာ ပီပီပြင်ပြင် ဖြစ်ထွန်းအောင်မြင်နိုင်မည်ဟု ပြောလေ့ရှိကြပါကြောင်း၊ ပြည်သူ ပါဝင်သည်ဆိုရာတွင် အဓိကအားဖြင့် ရပ်ရွာဒေသကိစ္စမှ သည် နိုင်ငံ့အရေးကိစ္စအထိ ပြည်သူတို့က မိမိတို့ သဘောထားအမြင်ကို အများသိအောင် ပွင့်လင်းစွာ ဆွေးနွေးပြောဆိုခြင်းပင် ဖြစ်ပါကြောင်း။

ဤသဘောအရ တချို့ ပုဂ္ဂိုလ်များက ဒီမိုကရေစီဆိုသည်မှာ ဆွေးနွေးတိုင်ပင်သောနည်းဖြင့် အုပ်စိုးသော စနစ် (Government by discussion) ဟု ဆိုကြခြင်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လူထု၏အသံကို နားထောင်သည့် စနစ်၊ ထိုအသံတွင်ပါလာသည့် လူထု၏ သဘောဆန္ဒကို အလေးထားသည့် စနစ်ဟု ဆိုချင်ပါကြောင်း။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် "လူငယ်နှင့် လူမှုမီဒီယာ ပြည်သူ့စကားဝိုင်း" အခမ်းအနားတွင် အမှာစကားပြောကြားစဉ်

ထို့အတွက် အထက်က ပြောခဲ့သည့်အတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများနှင့် စာကြည့်တိုက်များကို လူမှုအခြေပြုဗဟိုဌာနများအဖြစ် ပြုပြင်ပြောင်းလဲနေခြင်း ဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်း အစီအစဉ်များကို မိမိတို့စတင်ကျင်းပနေပါကြောင်း၊ ထိုအစီအစဉ်အရ သက်ဆိုင်ရာနယ်မြေဒေသ အသီးသီးတွင် ဖြစ်ပေါ်နေသည့်၊ ရပ်ရွာလူထု အများစု စိတ်ဝင်စားသည့်၊ အရေးကြီးသည်ဟု ထင်သည့် အကြောင်းအရာများကို သုံးသပ်ဝေဖန် ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

## နေရာတစ်ခုဖြစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က "အထက်မှာ Community Center များလို့ ကျွန်တော်ပြောခဲ့ပါတယ်၊ ဒီကနေ့နဲ့ မနက်ဖြန် ကျင်းပမှာကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ RC ခန်းမလို့ခေါ်တဲ့ Recreation Center ဖြစ်ပါတယ်၊ ဘာလို့ ဒီနေရာမှာ ကျင်းပရသလဲဆိုရင် တစ်အချက်က ရန်ကုန်တက္ကသိုလ် ကျောင်းသားကျောင်းသူများအတွက် အားကစားပြိုင်ပွဲများ အပါအဝင် အခမ်းအနားပွဲများကျင်းပရာ၊ တစ်ဦးနဲ့တစ်ဦးတွေ့ဆုံရာ၊ ဥဒဟို ဝင်ထွက်သွားလာရာ အပန်းဖြေရာ နေရာဖြစ်ပါတယ်။ နှစ်အချက်က ဒီနှစ်ရက် ကျင်းပမယ့် ပြည်သူ့စကားဝိုင်းများအတွက် ကျွန်တော်တို့ ရွေးချယ်ထားတဲ့ ခေါင်းစဉ်များသည် လူငယ်လူရွယ်များနဲ့ အထူးသဖြင့် သက်ဆိုင်တဲ့ ခေါင်းစဉ်များ ဖြစ်ပါတယ်၊ ရန်ကုန်တက္ကသိုလ်နဲ့ လှည်းတန်း၊ ကမာရွတ် တစ်ဝိုက်သည် ရန်ကုန်မှာ လူငယ်များ အများဆုံး လှုပ်ရှားသွားလာနေထိုင်ကြတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

## ကျင်းပရခြင်းဖြစ်

"ဒါ့ကြောင့်မို့ လူငယ် အများအပြားတက်ရောက်ဖို့ အဆင်ပြေတဲ့နေရာကို စဉ်းစားတဲ့အခါ ရန်ကုန်တက္ကသိုလ် RC ခန်းမကို စဉ်းစားမိပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တို့နဲ့ တာဝန်ရှိပုဂ္ဂိုလ်များကို မေတ္တာရပ်ခံပြီး ဒီနေရာမှာ ကျင်းပရခြင်းဖြစ်ပါတယ်။

"ဒီကနေ့ဆွေးနွေးပွဲမှာ ပရိသတ်များက ပါဝင်ဆွေးနွေးပေးကြဖို့ပါ၊ ဒီမိုကရေစီရဲ့ အနှစ်သာရတစ်ခုက လွတ်လပ်ခွင့်ဖြစ်ပါတယ်၊ အဲဒီအထဲမှာ အဓိကတစ်ခုက မိမိသဘောထား အမြင်ကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ဖြစ်ပါတယ်၊ ဒီလွတ်လပ်ခွင့်ကို ကျင့်သုံးစေချင်ပါတယ်၊ ဦးဆောင်ဆွေးနွေးမယ့် သူများရဲ့ ဆွေးနွေးချက်များကို နားထောင်ပြီးတဲ့အခါ မရှင်းတာရှိရင် မေးပါ၊ လိုအပ်တယ်ထင်ရင် ဖြည့်စွက်ပါ၊ အယူအဆမတူရင် အဘက်ဘက်မှ ဝေဖန်ဆွေးနွေးပါ၊ သက်ဆိုင်သူတို့က ပြန်လည် ရှင်းလင်းပေးပါလိမ့်မယ်၊ ဒါသည် ဒီမိုကရေစီအလေ့အကျင့်တစ်ခု ဖြစ်ပါတယ်၊ ဒါကို လက်တွေ့ လေ့ကျင့်သုံးစွဲကြပါလို့ ပြောရင်း နိဂုံးချုပ်အပ်ပါတယ် "ဟု ပြောကြားသည်။

## ဆက်စပ်နေ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ ဆွေးနွေးသည့် လူမှုမီဒီယာဆိုသည်မှာ အရေးကြီးသည့် အခြေအနေတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခုလုံးကို ထိန်းမတ်ပေးသလို နိုင်ငံ၏ အခြေအနေတစ်ခုကို သယ်ဆောင်ပေးနိုင်ပါကြောင်း၊ ယခင်က မိမိပြောချင်သည့် အကြောင်းအရာကို ပြောဆိုရန် ခက်ခဲပါကြောင်း၊ ယခုအချိန်တွင် စမတ်ဖုန်းတစ်လုံးရှိရုံဖြင့် လူမှုမီဒီယာပေါ်၌ ချက်ချင်းပြောနိုင်သည့် အခြေအနေတစ်ခုကို ရောက်လာပါကြောင်း၊ ဒီမိုကရေစီခေတ်တွင် မိမိ၏ ပြောဆိုမှုများသည် အခြားသူမထိခိုက်၊ မနစ်နာစေရန် ဂရုပြုရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေ စိုးမိုးရေးနှင့်လည်း ဆက်စပ်နေပါကြောင်း။

လူမှုကွန်ရက်၏ ကျယ်ပြန့်သည့်အခြေအနေ၊ ပြောချင်သည့်အသံများကို ကျယ်ကျယ်ပြန့်ပြန့် ပြောနိုင်သည့်အခွင့်အလမ်းများ ရရှိနေပြီဖြစ်ပါကြောင်း၊ ပြည်သူလူထုအားလုံးက ပန်းတိုင်ကို ရောက်ရန် နိုင်ငံ၏လိုအပ်ချက်များကို ပြောနိုင်ဆိုနိုင်ရန် အခွင့်အလမ်းများရနေပြီဟု ပြောလို့ရပါကြောင်း၊ ခေါင်းဆောင်မှုကောင်း ရရှိနေသည့် အချိန်ကာလတွင် မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းကြပါ၊ မိမိတို့ဖြစ်ချင်သည့် ဆန္ဒများကို ဆွေးနွေးတိုင်ပင်ပြီး ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင် ကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း၊ မြို့နယ်အသီးသီးရှိ ပြည်သူလူထုကြားတွင် ပြည်သူ့စကားဝိုင်း၊ ပြည်သူ့အသံများမှတစ်ဆင့် မိမိတို့ မြန်မာနိုင်ငံတွင် ရင့်ကျက်သည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် **'လူငယ်နှင့်လူမှုမီဒီယာ'** ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က

*စာမျက်နှာ ၅ သို့*

**"ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနိုင်ငံဆိုတာ ပြည်သူများက လေးနှစ်တစ်ကြိမ်၊ ငါးနှစ်တစ်ကြိမ် စသဖြင့် သတ်မှတ်ထားတဲ့ သက်တမ်းကာလအလျောက် ကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲတွေမှာ ပြည်သူ့ကိုယ်စားလှယ်တွေ၊ ရွေးကောက်တင်မြှောက်ပေးလိုက်ရုံနဲ့ မပြည့်စုံ ၊ မလုံလောက်ပါဘူး၊ ပြည်သူလူထုက မိမိတို့ရဲ့သဘောဆန္ဒများ၊ လိုလားချက်များကို တိုင်းပြည်အတွက် မူဝါဒချမှတ်သူတွေ သိရှိအောင်၊ ထည့်သွင်း စဉ်းစားကြအောင် တိုက်တွန်းခြင်း၊ ဝေဖန်ထောက်ပြခြင်း နည်းများအားဖြင့် လွှမ်းမိုးမှုပြုနိုင်မှသာလျှင် ဒီမိုကရေစီစနစ်၊ ပြည်သူ့အစိုးရစနစ် ပီပြင်စွာ ပေါ်ပေါက်မှာ ဖြစ်ပါတယ်"**




လူငယ်နှင့် လူမှုမီဒီယာ ပြည်သူ့စကားဝိုင်း ကျင်းပစဉ် သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ကမ္ဘာနှင့် မြန်မာတွင် လူကြီး၊ လူငယ်နှင့် လူလတ်ပိုင်းသာမက လူတော်တော်များများသည် ဖေ့စ်ဘုတ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီး တွစ်တာနှင့် You Tube စသဖြင့် ကဏ္ဍအမျိုးအစားများရှိရာတွင် မြန်မာနိုင်ငံအနေဖြင့် ဖေ့စ်ဘုတ်ကို ပိုမိုတွင်ကျယ်စွာ သုံးစွဲနေကြကြောင်း။

တစ်နေ့တာ အချိန်တော်တော်များများတွင် ဖုန်းများ ပွတ်ကာ ဖေ့စ်ဘုတ် သုံးသူ၊ ဂိမ်းဆော့သူများ စသဖြင့် တွေ့မြင်နေရပါကြောင်း၊ ဖေ့စ်ဘုတ်သုံးစွဲရန် ဖုန်းဘီလ်များ ဝယ်ယူရပါကြောင်း၊ အမြင်အာရုံများ စိုက်ထုတ်ရပါကြောင်း၊ ထိုအရာသည် ရင်းနှီးမြှုပ်နှံမှုများပင်ဖြစ်ပါကြောင်း၊ ထိုရင်းနှီးမြှုပ်နှံမှုများနှင့် ထိုက်တန်သည့် သတင်းအချက်အလက်များ၊ ပုဂ္ဂိုလ်ရေးရာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်၊ အသိပညာကြွယ်ဝစေသည့် သတင်းအချက်အလက်များ ရရှိသလား၊ မိမိတို့ ဘဝအတွက် အထောက်အပံ့ဖြစ်ရဲ့လား ဆိုသည်ကို ဆန်းစစ်ရန် လိုပါကြောင်း ဦးဆောင်ဆွေးနွေးပြောကြားသည်။

**အလွန်အရေးပါသည့် အခန်းကဏ္ဍ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဆိုရှယ်မီဒီယာအပေါ် အမြင်နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် မိမိတို့နိုင်ငံ၏ လူသားထုတွင် လူငယ်ထုသည် အကြီးဆုံးဖြစ်ပါကြောင်း၊ ဆိုရှယ်မီဒီယာကို အသုံးပြုရာတွင် မှန်မှန်ကန်ကန်နှင့် အကျိုးပြုအောင် မည်သို့အသုံးချနိုင်သလဲ ဆိုသည်မှာ အလွန် အရေးပါသည့် အခန်းကဏ္ဍဖြစ်လာပါကြောင်း၊ လူငယ်ထုသည် မိမိတို့ နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များဖြစ်သည့်အတွက် မှားယွင်း အသုံးချပါက များစွာနစ်နာနိုင်ပါကြောင်း။

မိမိသည် ယနေ့ခေတ် လူငယ်များကဲ့သို့ပင် ဖေ့စ်ဘုတ်သုံးစွဲခြင်းကို နှစ်သက်ပါကြောင်း၊ နိုင်ငံရေးသမားတစ်ဦးအနေဖြင့် လူမှုကွန်ရက်သည် အရေးပါသည့် အခန်းကဏ္ဍဖြစ်ပါကြောင်း၊ အာဏာနိုင်ငံရေးတွင် လူထုကို စည်းရုံးသည့်အရာ၊ မိမိတို့ ဘာတွေလုပ်နေသည်ဆိုသည်ကို သိရှိစေချင်သည့်အရာများ စသဖြင့် အချိန်နှင့်တစ်ပြေးညီ အကြောင်းအရာများအား လူမှုမီဒီယာကို အသုံးပြုပြီး ဆောင်ရွက်နိုင်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံ့ခေါင်းဆောင်များ၏ လုပ်ဆောင်ချက်များ၊ ကြေညာချက်များကိုလည်း ဖေ့စ်ဘုတ်စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေပါကြောင်း။

**ကျင့်ဝတ်ပိုင်းကို အဓိကထား**

ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် ဗဟုသုတများကိုလည်း သိရှိရသည့်အတွက် မိမိအနေဖြင့် ကြိုက်နှစ်သက်ပါကြောင်း၊ သို့သော် ကောင်းကျိုးနှင့် ဆိုးကျိုးသည် ဒွန်တွဲပါလာတတ်သဖြင့် လွဲမှားစွာအသုံးချပါက လူအများကြီး နစ်နာနိုင်သည်ဟု မြင်ပါကြောင်း၊ ကျင့်ဝတ်ပိုင်းကို အဓိကထား ပြောလိုပါကြောင်း၊ လူငယ်များအနေဖြင့် ဆိုရှယ်မီဒီယာကို မှန်မှန်ကန်ကန်အသုံးချရန်၊ အသိပညာများကို ကျွမ်းကျင်အောင် လေ့လာပြီး မှန်ကန်စွာအသုံးချရန် ပြောကြားလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က ဆိုရှယ်မီဒီယာနှင့် အခြားမီဒီယာ မတူသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် Print မီဒီယာနှင့် ဆိုရှယ်မီဒီယာ၏ ကွာခြားသည့်အချက်မှာ အမြန်နှုန်း (Speed) ဖြစ်ပါကြောင်း၊ Print မီဒီယာဖြစ်သည့် သတင်းစာများတွင် ယနေ့ဖတ်သည့် သတင်းစာတွင် ပါဝင်သည့် အကြောင်းအရာများသည် မနေ့က သတင်းအကြောင်းအရာများ ဖြစ်ပါကြောင်း၊ အနည်းဆုံး တစ်ရက်စောင့်ရပါကြောင်း၊ ယခုအခါ ယနေ့ဖြစ်သည့် အကြောင်းအရာများကို ယနေ့ သိနိုင်ရန်မှာ ဆိုရှယ်မီဒီယာက ဖြည့်ဆည်းပေးပါကြောင်း။

**ဆိုရှယ်မီဒီယာ၏ အားသာချက်**

ယခင်က မီးသတ်ကားတစ်စီး ဖြတ်သွားပါက အိမ်အပြင်ထွက်ပြီး မီးသတ်ကား၏ လားရာကိုကြည့်ပြီး ဘယ်မှာ ဖြစ်နိုင်သည်ဆိုသည်ကို ခန့်မှန်းရပါကြောင်း၊ ယခုအခါ ဆိုရှယ် မီဒီယာကို ဖွင့်လိုက်ပြီး ကြည့်လိုက်ပါက ဘယ်မှာ မီးလောင်သည် ဆိုသည်ကို ဓာတ်ပုံနှင့်တကွ သိရှိနိုင်ပါကြောင်း၊ ပြောချင်သည်မှာ အမြန်နှုန်း (Speed) မှာ ဆိုရှယ်မီဒီယာ၏ အားသာချက်ဖြစ်ပါကြောင်း။

သတင်းအချက်အလက်များကို ဆိုရှယ်မီဒီယာက ရက်စောင့်စရာမလိုဘဲ ယခုဖြစ်တာကို ယခုချက်ချင်း ပြည်သူလူထု သိရှိနိုင်သည့် အနေအထားတစ်ခုကို တွေ့ရပါကြောင်း၊ ပြဿနာမှာ Speed သည် ကောင်းတာဖြစ်နိုင်သလို တစ်ဖက်ကလည်း ဆိုးတာဖြစ်နိုင်ကြောင်း၊ အကြောင်းအရာတစ်ခုကို မြန်မြန်ဆန်ဆန် ပြည်သူလူထုက မြင်သိ ကြားစေချင်သည့်အတွက် ဆင်ခြင်တုံတရားအားနည်းသွားပါကြောင်း၊ မှန်သလား၊ မှားသလား၊ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလား ဆိုသည်ကို မဝေခွဲဘဲ၊ အကျိုးသက်ရောက်မှုကို သိပ်မစဉ်းစားတော့ဘဲ တင်လိုက်သည့်အခါ Speed က မကောင်းသည့်ဘက်တွင် သက်ရောက်သွားပါကြောင်း။

**အချက်အလက်မှန်ကန်မှု အားနည်းလာ**

Print မီဒီယာတွင် သတင်းအချက်အလက်၊ စကားလုံးများကို အယ်ဒီတာက တည်းဖြတ်ပြီးမှသာ ထုတ်ခြင်းဖြစ်ပါကြောင်း၊ ဆိုရှယ်မီဒီယာသည် ထိုကဲ့သို့ မဟုတ်ပါကြောင်း၊ စာလုံးပေါင်းနှင့် သတင်းအချက်အလက် မှန်ကန်မှုများ အားနည်းလာပါကြောင်း၊ ဖေ့စ်ဘုတ်ပေါ်က သတင်းများ၊ ဓာတ်ပုံများ၊ အချက်အလက်များကို ဖတ်မည်ဆိုပါက ဖတ်ရှုသူကိုယ်တိုင် တည်းဖြတ်ခြင်း အလုပ်ကို လုပ်ဆောင်ရန် လိုပါကြောင်း၊ သို့မှသာ ဖေ့စ်ဘုတ်က ကောင်းကျိုးရမည်ဟု ပြောလိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် Information Matrix Co. Ltd; CEO ဦးသောင်းစုငြိမ်းက ပုံနှိပ်မီဒီယာနှင့် ဆိုရှယ်မီဒီယာ၏ ကွာခြားချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပုံနှိပ်မီဒီယာသမားများအနေဖြင့် ဆိုရှယ်မီဒီယာသည် လက်တွဲဖော်ဖြစ်သလို ပြိုင်ဘက်လည်း ဖြစ်ပါကြောင်း၊ ပုံနှိပ်မီဒီယာသည် ဆိုရှယ်မီဒီယာနှင့် တွဲ၍ သွားနေသည့် အနေအထားဖြစ်ပါကြောင်း၊ ပုံနှိပ်မီဒီယာသမားတစ်ယောက်အနေဖြင့် ဆိုရှယ်မီဒီယာကို ဖြန့်ချိရေး ကိရိယာအဖြစ် သုံး၍ ရနိုင်ပါကြောင်း၊ တစ်ခေတ်တစ်ခါက စောင်ရေအများဆုံးဖြစ်သည့် ပုဂ္ဂလိကပိုင် အပတ်စဉ်ထုတ်ဂျာနယ်များသည် ဖတ်ရှုသူ နှစ်သန်းဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ ဆိုရှယ်မီဒီယာပေါ်တွင် တစ်နိုင်ငံလုံး အင်တာနက်အသုံးပြုသူ အားလုံးနီးပါး ၁၅ သန်းမှ ၁၈ သန်းအထိ ဖြန့်ကြက်လာပါကြောင်း။

**သတင်းအတုများ**

ထို့ကြောင့် ဆိုရှယ်မီဒီယာသည် မိမိတို့အတွက် ဖြန့်ချိရေး ပလက်ဖောင်းတစ်ခု ဖြစ်လာပါကြောင်း၊ ဆိုရှယ်မီဒီယာကို ဂျာနယ်လစ်များအနေဖြင့်လည်း သတင်းရရှိရာ ရင်းမြစ်တစ်ခုအဖြစ် သုံးစွဲ၍ ရပါကြောင်း၊ ဆိုရှယ်မီဒီယာသည် ဆန်းသစ်တီထွင်၍ ရသည့် နေရာတစ်ခုအဖြစ် မြင်ပါကြောင်း၊ ဆိုရှယ်မီဒီယာအနေဖြင့် သတိပြုရမည့် အားနည်းချက်များမှာ မြန်သော်လည်း အချက်အလက်မမှန်နိုင်ဆိုသည်များ ရှိပါကြောင်း၊ ပုံနှိပ်မီဒီယာနှင့် ဆိုရှယ်မီဒီယာ၏ ကွာခြားချက်အကြီးဆုံးနှင့် အန္တရာယ်အရှိဆုံးမှာ သတင်းအတုများပင် ဖြစ်ပါကြောင်း။

လတ်တလောဖြစ်နေသည့် ရခိုင်အရေးနှင့် ပတ်သက်၍ သတင်းအတုများကြောင့် နိုင်ငံတကာတွင် အကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ထိုအချိန်မျိုးတွင် သတင်းအတုများသည် ဆိုရှယ်မီဒီယာမှာ များစွာပျံ့နှံ့နေပါကြောင်း၊ မည်သို့ ပြန်လည်တုံ့ပြန်မလဲ ဆိုသည်မှာ အရေးကြီးပါကြောင်း၊ လှောင်ပြောင် ရေးသားသည်ဖြစ်စေ၊ တမင်ရည်ရွယ်၍ ဖြန့်သည်ဖြစ်စေ သတင်းအတုများ ၊ သတင်းအမှားများသည် ဖြစ်ပွားနေပါကြောင်း၊ Traditional မီဒီယာ၏ အခန်းကဏ္ဍသည် ပြန်လည်အရေးကြီးလာပါကြောင်း ဆွေးနွေးသည်။

**အင်တာနက်သုံးစွဲမှုနှုန်းတက်လာ**

The Door Institute and Social Enterprise; CEO ဦးရန်နိုင်ဦးက မြန်မာနိုင်ငံ၏ ဆိုရှယ်မီဒီယာအခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ဆိုရှယ်မီဒီယာသည် မည်သို့ပုံစံနှင့် ရှိနေသည်၊ အဓိက ဘာလုပ်နေကြသည်ဆိုသည်ကို နားလည်ရန်လိုပါကြောင်း၊ ၁၉၉၈ ခုနှစ်မှ စတင်၍ ဆိုရှယ်မီဒီယာ စတင်ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် အသစ်များ ထပ်မံပေါ်ပေါက်၍ ဖေ့စ်ဘုတ်၊ တွစ်တာ စသဖြင့် ကွန်ရက်ပုံစံ နက်ဝပ်များ ချိတ်ဆက်ကာ ပုံစံမျိုးစုံဖြင့် ထွက်ပေါ်လာပြီး သုံးစွဲနေကြပါကြောင်း၊ ယခု မြန်မာနိုင်ငံအနေဖြင့်လည်း အင်တာနက်သုံးစွဲမှုနှုန်း တက်လာပါကြောင်း။

ဖေ့စ်ဘုတ် ၊ You Tube ၊ Instagram ၊ တွစ်တာ၊ Skype စသဖြင့် သုံးစွဲနေကြပါကြောင်း၊ လူငယ်များ အများဆုံး သုံးစွဲလာပါကြောင်း၊ ဆိုရှယ်မီဒီယာကို စွဲလမ်းလာပြီး ပုံစံအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိပါကြောင်း၊ ဆိုရှယ်မီဒီယာကို အသုံးပြုခြင်းဖြင့် ဆိုးကျိုးများမှာ စွဲလမ်းခြင်း၊ အားကစားဘက်တွင် အားနည်းလာခြင်း၊ သတင်းအတုများ ပေါ်များလာခြင်း၊ တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ရာတွင် လွယ်ကူခြင်း ၊ အချို့က လှောင်မိုးမှုခံရမှုကြောင့် စိတ်ဓာတ်ကျအားငယ်ခြင်း၊ တစ်ဦးတည်း အထီးကျန်ခြင်းများ ဖြစ်လာနိုင်ကြောင်း၊ အားသာချက်အနေဖြင့် မတွေ့နိုင်သူများကို တွေ့မြင်နိုင်ခြင်း၊ မိမိတို့ဒေသမဟုတ်သည့် နေရာများမှ ဖြစ်ရပ်များကို တင်ပြနိုင်ခြင်း၊ ရင်ထဲမှ စကားများကို ပြောကြားနိုင်ခြင်း၊ လူမှုပေါင်းသင်းဆက်ဆံရေး ကောင်းမွန်လာခြင်း စသဖြင့် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးသည်။

**ဆိုရှယ်မီဒီယာစွဲလမ်း**

ထို့နောက် ဆိုရှယ်မီဒီယာကိုအကျိုးရှိအောင် အသုံးပြုရန် မည်သို့ စည်းရုံးမည်၊ ယနေ့ အကြံပြုဆွေးနွေးမှုများအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မည်သို့ ချိတ်ဆက်ဆောင်ရွက်မည်၊ လူငယ်ထုများတွင် ဆိုရှယ်မီဒီယာစွဲလမ်းပြီး လှောင်မိုးမှုများကို လျှော့ချနိုင်ရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများက မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပြည်သူ့စကားဝိုင်းကို နိုဝင်ဘာ ၅ ရက်တွင် လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ အင်းစိန်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း၊ ဦးဝင်းနိုင် (JPE Everest Ltd. ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)နှင့် ဦးသန်းစိုး (CEO & Chief Editor,7 HR Business Group and Two Four DMA Media Group) တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာ**

၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပြီး ကော့မှူးမြို့ရှိ လူမှုအခြေပြုဗဟိုဌာန(Community Center) တွင် လူငယ်နှင့် လူမှုမီဒီယာခေါင်းစဉ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Community Center တို့တွင် လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ဆက်လက်၍ ပြည်သူ့စကားဝိုင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်အား ပြင်သစ်နိုင်ငံမှ စာပေ အနုပညာ သူရဲကောင်းဆုတံဆိပ် ချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ချီးမြှင့်သည့် စာပေအနုပညာ သူရဲကောင်းဆုတံဆိပ်ကို အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Olivier RICHARD က ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Olivier RICHARD က အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်အား ပြင်သစ်နိုင်ငံက စာပေ အနုပညာ သူရဲကောင်းဆု ရွေးချယ်ဂုဏ်ပြုချီးမြှင့်သည့် အကြောင်းနှင့် စပ်လျဉ်းသည့် အမှာစကားပြောကြားသည်။

ထို့နောက် ပြင်သစ်နိုင်ငံ သံအမတ်ကြီးက အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်အား ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့် စာပေ အနုပညာ သူရဲကောင်းဆုတံဆိပ်ကို ပေးအပ် ချီးမြှင့်သည်။ **(ယာပုံ)** ယင်းနောက် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပေးအပ်သည့် စာပေအနုပညာ သူရဲကောင်းဆုတံဆိပ် ချီးမြှင့်ခြင်း အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး၊ ပြင်သစ်သံရုံးမှ တာဝန်ရှိသူများ၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာပေနှင့်အနုပညာ သူရဲကောင်းတံဆိပ်သည် ပြင်သစ်နိုင်ငံ နွှေဦးရာသီ ဆုချီးမြှင့်သည့် အစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ပြီး ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးဌာနများမှ ပေးအပ်ချီးမြှင့်သော အဓိကဆုကြီး လေးခုထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ပြင်သစ်အမည်ဖြင့် " Chevailer de L' odre des Arts et des Letters" ဆုဟု ခေါ်ဆိုကြောင်း သိရသည်။




ယခုနှစ်အတွက် ချီးမြှင့်သည့်ဆုကို ပြင်သစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် ဧပြီ ၂၁ ရက်စွဲဖြင့် ဒေါ်ဆွေဇင်ထိုက်အား ဆုချီးမြှင့်ကြောင်း အကြောင်းကြားခဲ့သည်။ မြန်မာ-ပြင်သစ် ယဉ်ကျေးမှုကဏ္ဍ မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံသွားလာခြင်းဖြင့် ပြည်ထောင်စု စိတ်ဓာတ် ခိုင်မြဲတည်ကြည်

မြင့်စိုး (နတလ)

**တိုင်းရင်းသား သွေးချင်းများနှင့်ပတ်သက်၍ ဆရာသမားများထံမှ ကြားဖူးနားဝမှတ်သားခဲ့ရသည့် ဗဟုသုတများ၊ နှစ်အတန်ကြာဆောင်ရွက်ခဲ့ရသော လုပ်ငန်းအတွေ့အကြုံများ ပေါ်မူတည်ကာ အကြောင်းအရာတချို့ကို တင်ပြလိုပါသည်။**

ပြီးခဲ့သည့် ရက်ပိုင်းကလေးကပဲ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)၏ အမှတ်စဉ် ၁၂ သင်တန်းဆင်းပွဲသို့ တက်ရောက်ခဲ့ရာ အဆိုပါသင်တန်းဆင်းကျောင်းသားများနှင့်ပတ်သက်၍ လူမျိုးစု အလိုက်အင်အား အခြေပြဇယားကို ပြုစုထားကြောင်း တွေ့ရသည်။ ထို့အင်အား အခြေပြဇယားထဲမှာ ချင်းတိုင်းရင်းသား ကျောင်းသားလေး သုံးဦး၏ လူမျိုးစုအမည်ကို ချိုချင်းဟု ရေးသားဖော်ပြထားကြောင်း တွေ့ရသဖြင့် ကျွန်တော်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားရသည်။

မိမိတို့ဦးစီးဌာနအတွက် ၂၀၁၇ ခုနှစ် ပြက္ခဒိန်ကို တာဝန်ယူဆောင်ရွက်စဉ်ကလည်း အသုံးပြုသော တိုင်းရင်းသား တိုင်းရင်းသူဓာတ်ပုံများထဲမှာ တိုင်းရင်းသား အမည်တစ်ခုကို မှားယွင်းဖော်ပြမိမလို ဖြစ်ခဲ့ဖူးသည်။ ဓာတ်ပုံဆရာရိုက်ထားသည်က အရှိုချင်းတိုင်းရင်းသူလေး သုံးဦး ဖရဲသီးစိတ်လေးများစား၍ ပျော်ရွှင်စွာရယ်မောနေသည့်ပုံ၊ ထိုပုံကိုကျွန်တော်က ရိုးသားပျော်မွေ့ပလောင်တိုင်းရင်းသူလေ့ဟု အမည်ပေးထားလိုက်မိသည်။ ပုံနှိပ်ခါနီးဆဲဆဲ စိတ်ထဲတွင် မသိုးမသန့် ဖြစ်နေသောကြောင့် Photo City ဓာတ်ပုံတိုက်သို့ လှမ်းပြီးအတည်ပြုမေးမြန်းခဲ့ရာ ပလောင်တိုင်းရင်းသူ မဟုတ်ဘဲ အရှိုချင်းတိုင်းရင်းသူများဖြစ်ကြောင်း သိရှိလိုက်ရသဖြင့် အချိန်မီပြင်ဆင်လိုက်ရသည်။

ယခုလည်း ချိုချင်းဆိုတာနဲ့ပတ်သက်၍ တိုင်းရင်းသား ၁၃၅ မျိုးစာရင်းတွင် ပြန်လည် ရှာဖွေကြည့်ရာ ချင်းတိုင်းရင်းသားလူမျိုးစု ၅၃ စုထဲ၌ သူနှင့်နီးနီးစပ်စပ် ဖော်ပြထားသည်မှာ အရှိုချင်း(မြေပြန့်)ဟူ၍ တွေ့ရသည်။ သို့သော် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်မှ ထုတ်ဝေသော ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ စာအုပ်များထဲက ချင်းတိုင်းရင်းသား စာအုပ်တွင် ဘာသာစကားနှင့်ပတ်သက်၍ မင်းတပ်နယ်အတွင်း နေထိုင်ကြသော မွင်း၊ မကန်း၊ ဂါး၊ ယင်ဒူး၊ အူးပူတို့အားလုံး မွင်း (သို့မဟုတ်) ချိုစကားကို ပြောဆို နားလည်နိုင်ကြသည်။ ချိုဆိုသောစကားမှာလည်း ဇို၊ ယို၊ ရှို စကားများ၏ အသံကွဲ ဖြစ်သည်ဟု ဖော်ပြထားရာ ချိုစကားပြောသောကြောင့် ချိုတိုင်းရင်းသား လူမျိုးစုဟု အမည်ပေးထားနိုင်ကြောင်းကိုလည်း အတွေးဝင်မိပါသည်။

ဤအတွေးစမှနေ၍ ဆင့်ပွားဆက်စပ်တွေးတောမိသည်မှာ မိမိတို့သည် တစ်ချိန်က တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးဟု တွင်တွင်ကြီးသုံးစွဲလာခဲ့ကြသည်။ ထိုမှတစ်ဖန် မည်သည့် အကြောင်းရင်းကြောင့်ဟူ၍တော့ တိတိကျကျမသိ၊ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ဟူ၍သာ ပြောဆိုရေးသားသုံးစွဲလာခဲ့ကြရပြန်ပါသည်။ ၁၀၀ ကျော်ဆိုသည်မှာ မည်မျှကျော်ပါသနည်း။ ၁၀၅ မျိုးလား၊ ၁၂၀ လား ကွဲကွဲပြားပြား မည်သူမျှ မပြောနိုင်တော့ပေ။ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်ပတ်သက်၍ ဆရာကြီး ဦးမင်းနိုင်၊ ဆရာကြီး မနုဿကျော်ဝင်းတို့ကဲ့သို့သော သုတေသီများ၊ သမိုင်းပညာရှင်များ၊ သက်ဆိုင်ရာ လူမျိုးအလိုက် ရိုးရာယဉ်ကျေးမှု အဖွဲ့များက သူတို့တတ်စွမ်းသမျှ ရှာဖွေစုဆောင်းရေးသားတင်ပြထားသော စာအုပ်၊ စာစောင်၊ သမိုင်းမှတ်တမ်းများရှိနေပါသည်။ သို့သော် လူမျိုးစုအားလုံး၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ပြည့်ပြည့်စုံစုံရှိနေဖို့ ဆိုတာကတော့ အလွန်ခက်ခဲပါလိမ့်မည်။ သုတေသီများ၊ စာပေပညာရှင်များကလည်း သူတို့နှင့် အကျွမ်းတဝင်ရှိနေသည့် လူမျိုးစုများအကြောင်းကိုသာ ရေးသားပြုစုနိုင်ပါလိမ့်မည်။



တိုင်းရင်းသားယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများနှင့်ပတ်သက်လာလျှင် ယနေ့အချိန်အထိ ကျွန်တော်တို့လက်လှမ်း၍မရသေးသော စာအုပ်၊ စာစောင်များထဲမှာ အဆိုပါမြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေးဗဟိုကော်မတီဌာနချုပ်က ထုတ်ဝေသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စာအုပ်ပြာကြီးများလည်း အပါအဝင်ဖြစ်ပါသည်။

ထိုစာအုပ်များအတွက် အမှာစာရေးသားထားရာ၌ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ ပြုစုနိုင်ရေးအတွက် ၁၉၆၅ ခုနှစ် ဘားအံမြို့၌ ကျင်းပပြုလုပ်သည့် ၁၈ ကြိမ်မြောက်ပြည်ထောင်စုနေ့တွင်စတင်ခဲ့ကြောင်း၊ ထိုပွဲတော်အတွင်း ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သမိုင်းဌာနမှဆရာ ဆရာမများ၊ မနုဿဗေဒဌာနမှ ဆရာ ဆရာမများ၊ မော်လမြိုင်ကောလိပ် သမိုင်းဌာနမှဆရာ ဆရာမများသည် ပြည်ထောင်စုနေ့ပွဲတော်သို့တက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများ အနက်မှ ၅၁၂ ဦးကို တစ်ဦးချင်း တွေ့ဆုံဆွေးနွေးကာ တိုင်းရင်းသားများနှင့်ဆိုင်သည့် ရရှိသော အချက်အလက်များကို မှတ်တမ်းတင်ခဲ့ကြောင်း၊ ထိုနှစ်နွေရာသီ ကျောင်းပိတ်ရက်များ၌လည်း ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မော်လမြိုင်ကောလိပ်မှ ဆရာ၊ဆရာမများအား လေ့လာရေးအဖွဲ့ ခုနစ်ဖွဲ့ခွဲ၍ ပြည်နယ်အသီးသီးသို့ ကွင်းဆင်းလေ့လာစေခဲ့ကြောင်း၊ ပြည်နယ်များအလိုက် တာဝန်ရှိသူများက စိတ်ဝင်စားမှုနှင့် လိုလေသေးမရှိအောင် အားပေးကူညီမှုများကြောင့် တိုတောင်းလှသည့် ၄၅ ရက်အတွင်းမှာပင် တိုင်းရင်းသားလူမျိုးများ အမျိုးသား၊ အမျိုးသမီး ၂၄၅၈ ဦးနှင့် တွေ့ဆုံဆွေးနွေးပြီး အချက်အလက်များမှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ရှမ်းပြည်နယ်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ တစ်ဖွဲ့စီ စေလွှတ်ကာ အချက်အလက်များ ထပ်မံရှာဖွေခဲ့ကြောင်း၊ ထိုသို့ ကွင်းဆင်းလေ့လာ အချက်အလက်စုဆောင်းမှုများကို တစ်နှစ်ကျော်မျှ ပြုလုပ်ပြီးနောက် ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်းလူမျိုးတို့အကြောင်းကို တစ်ခန်းစီခွဲ၍ ပြုစု ရေးသားခဲ့ကြရာ ၁၉၆၆ ခုနှစ် မေလအတွင်း အကြမ်းအားဖြင့် အပြီးသတ်နိုင်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ယင်းလုပ်ဆောင်ချက်များကိုကြည့်လျှင် တက္ကသိုလ်နှင့် ကောလိပ်များရှိ သမိုင်းဌာန၊ မနုဿဗေဒဌာနတို့မှ ဆရာ ဆရာမများ၏ အားကိုယူကာ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ထားကြောင်း တွေ့ရမည်ဖြစ်သည်။ တစ်ဖန် ကျွန်တော်တို့ကိုယ်တိုင် နတလ ဝန်ထမ်းဘဝသို့ ရောက်ရှိချိန်၌ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် မနုဿဗေဒဌာနမှ ဆရာမကြီး ပါမောက္ခ ဒေါ်တင်ရီ ဦးဆောင်၍ ဆရာ ဆရာမများအဖွဲ့သည် နယ်စပ်ဒေသအသီးသီးသို့ သွားရောက်ကာ မနုဿဗေဒဘာသာရပ်၏ ဘာသာခွဲတစ်ခုဖြစ်သော လူမျိုးစုနှိုင်းယှဉ်ပညာ(Ethnology)အတွက် ကွင်းဆင်းသုတေသနပြုခဲ့ကြသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်မဟာဗျူဟာလေ့လာရေးရုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာန (ထိုစဉ် နယ်စပ်/စည်ပင်ဝန်ကြီးဌာန)၊ ပညာရေးဝန်ကြီးဌာန ဝိုင်းဝန်းကူညီခဲ့ကြသည်။ အခါ တိုင်းရင်းသားများရှိရာသို့ ပထမဆုံး သွားရောက်ခဲ့ကြပြီး ဆက်လက်၍ ဆလုံတိုင်းရင်းသား၊ ‘ဝ’ တိုင်းရင်းသား တို့နှင့်ပတ်သက်သော လူမှုစီးပွားရေးဘဝ အခြေအနေများကို လေ့လာမှတ်တမ်းတင်နိုင်ခဲ့ကြပါသည်။

ယနေ့အချိန်အခါတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဖွင့်လှစ်ထားပြီးဖြစ်သော တက္ကသိုလ်များ၏ အကူအညီဖြင့် မိမိတို့သက်ဆိုင်ရာဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးစုများဆိုင်ရာ လူမှုစီးပွားရေးဘဝ အပါအဝင် မှတ်တမ်းအချက်အလက်များကို ကောက်ယူထိန်းသိမ်းထားမည်ဆိုပါလျှင် မိမိတို့နိုင်ငံအတွင်းမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း မည်မျှရှိသည်၊ မည်သို့သော အမည်နာမများ ခေါ်တွင်ကြသည်၊ ဘယ်အမျိုးနွယ်စုမှာ လူမျိုးစု ဘယ်လောက်ပါသည်၊ လက်ရှိသူတို့၏ လူမှုစီးပွားရေးဘဝအခြေအနေများမှာ မည်သို့မည်ပုံရှိနေသည် စသည်တို့အား တိတိကျကျ သိနိုင်မည်ဟု ယုံကြည်မိပါသည်။ လွဲမှားနေသော၊ အပိုအလိုဖြစ်နေသော အမည်နာမများကိုလည်း မှန်ကန်အောင် တည့်မတ်ပေးနိုင်မည်ဟု ထင်မြင်မိပါသည်။

တိုင်းရင်းသားဘာသာစကားနှင့်ပတ်သက်၍လည်း လူမျိုးတိုင်းမှာ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကားများ ရှိနေကြသည်။ နာဂတိုင်းရင်းသား သွေးချင်းများပင်လျှင် အားလုံးပြောဆိုရေးသားနိုင်မည့် နာဂမစ်စာပေကို တီထွင်သုံးစွဲလျက်ရှိကြောင်း ယင်းကိစ္စအောင်မြင်ရေးအတွက် လေရှီး၊ လဟယ်၊ နန်းယွန်း မြို့နယ်များအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးဒေသမှ နာဂတိုင်းရင်းသားများကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ယင်းကဲ့သို့ လူမျိုးအလိုက် ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုအနုပညာအားလုံး တိုးတက်ထွန်းကား ပြန့်ပွားလာရေးအတွက် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီပံ့ပိုးကြရမည်ဖြစ်သည်။ လူမျိုးစုတစ်ခုတည်းမှာပင် ဘာသာစကားမတူညီ၍ ဆက်သွယ်ပြောဆိုဆက်ဆံရန် အခက်အခဲများစွာ ကြုံကြရသည်။ တူညီသော လူမျိုးစုအချင်းချင်းမှသည် လူမျိုးတစ်မျိုးနှင့် တစ်မျိုးအကြား ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်နိုင်မှသာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားလာပြီး ပြည်ထောင်စုကြီး ရာသက်ပန်တည်ငြိမ်အေးချမ်းမှုကို ရရှိပေလိမ့်မည်။

ရခိုင်တိုင်းရင်းသား မျိုးနွယ်စုထဲတွင် ခမီနှင့်မြိုတိုင်းရင်းသားများ ပါဝင်နေပေရာ မှတ်တမ်း အချက်အလက်များအရ ခမီဆိုသည်မှာလည်း လူဟုအဓိပ္ပာယ်ရ၍၊ မြိုဆိုသည်မှာလည်း လူဟုပင် အဓိပ္ပာယ်ကောက်ယူနိုင်ပြီး မျိုးနွယ်စုတူညီနေကြောင်း တွေ့ရသည်။ သို့သော် ယနေ့အချိန်အခါ၌ လက်တွေ့နေထိုင်ကြသည်မှာ မြိုက မြိုရွာသတ်သတ်၊ ခမီက ခမီရွာ သတ်သတ်ရှိနေကြသဖြင့် လွန်ခဲ့သည့် (၄၊ ၅) နှစ်က တွင်တွင်ကြီး ကြားခဲ့ရသော မြို(ခေါ်)ခမီ ဆိုသည့် အသုံးအနှုန်းမှာ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်ဆန်းစစ်ရန် လိုမည်ဖြစ်သည်။

တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် နိုင်ငံရေးကို ရောထွေးမပစ်သင့်ဟု နားလည်သဘောပေါက်မိသည်။ တိုင်းရင်းသားသွေးချင်းများအရေးကို မြော်တွေးဆောင်ရွက်ကြမည်ဆိုလျှင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာ များစွာ ကျန်ရှိနေပါသေးသည်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်စကောင်းပါ။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်၊ စေတနာရှင်အားလုံးနှင့် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်သဖွယ် ခံယူလျက် စိတ်တူကိုယ်တူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာလျှင် အောင်မြင်နိုင်မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း။ ။

**“ရခိုင်တိုင်းရင်းသား မျိုးနွယ်စုထဲတွင် ခမီနှင့် မြိုတိုင်းရင်းသားများ ပါဝင်နေပေရာ မှတ်တမ်း အချက်အလက်များအရ ခမီဆိုသည်မှာလည်း လူဟု အဓိပ္ပာယ်ရ၍၊ မြို ဆိုသည်မှာလည်း လူဟုပင် အဓိပ္ပာယ်ကောက်ယူနိုင်ပြီး မျိုးနွယ်စုတူညီနေကြောင်း တွေ့ရသည်။ သို့သော် ယနေ့အချိန်အခါ၌ လက်တွေ့ နေထိုင်ကြသည်မှာ မြိုက မြိုရွာသတ်သတ်၊ ခမီက ခမီရွာ သတ်သတ်ရှိနေကြသဖြင့် လွန်ခဲ့သည့် (၄၊ ၅) နှစ်က တွင်တွင်ကြီး ကြားခဲ့ရသော မြို (ခေါ်) ခမီ ဆိုသည့် အသုံးအနှုန်းမှာ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်ဆန်းစစ်ရန် လိုမည်”**

# ရန်ကုန် တက္ကသိုလ်၌ လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို ကျင်းပလျက်ရှိရာ **လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း** ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက် (တနင်္ဂနွေ) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် Recreation Centre၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ အင်းစိန်မြို့နယ် အမှတ် ၂ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း၊ ဦးဝင်းနိုင် (JPE Everest Ltd.၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ)နှင့် ဦးသန်းစိုး (CEO & Chief Editor, 7 HR Business Group and Two Four DMA Media Group) တို့မှ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



●ကျောဖုံးမှ

ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကညင်ချောင်း စီးပွားရေးဇုန် အခြေချထားသော ဧက ၅၀ ရှိ မြေနေရာတွင် လက်ရှိ ကုန်သိုလှောင်ရုံ အနည်းငယ်နှင့် ဆိပ်ခံတံတားနှစ်စင်းသာ တည်ဆောက်ထားသည့် အခြေအနေ ရှိနေကြောင်း၊ ဆိပ်ခံတံတားတည်ရှိသည့် ကညင်ချောင်း၏ ရေစူးနက်မှုကြောင့် ရေတက်ရေကျချိန် စောင့်စရာမလိုဘဲ တန်ချိန် ၁၀၀၀ အထိ ဝန်းကျင်ရှိ ကုန်သင်္ဘောများ အချိန်မရွေး ဆိုက်ကပ်နိုင်ခြင်းသည် အားသာချက်ဖြစ်ကြောင်း လေ့လာရေး ခရီးစဉ်ကို ဦးဆောင်သူ ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးက ပြောသည်။

**အခွင့်အလမ်းရှိ**

ကညင်ချောင်း စီးပွားရေးဇုန်ဆိပ်ကမ်းကို အသုံးပြု၍ ရေလမ်းမှ မောင်တောမြို့သို့ လူမှုအထောက်အကူပြု ကုန်ပစ္စည်းများ တိုက်ရိုက်တင်ပို့နိုင်သည့် အခွင့်အလမ်းလည်း ရှိနေကြောင်း အသင်းချုပ်က မှတ်ချက်ပြုထားသည်။

လက်ရှိ ဖောက်လုပ်ဆဲဖြစ်သည့် စီးပွားရေးဇုန်တွင်းလမ်းများ၊ ဇုန်နှင့် မောင်တောမြို့နှင့် ဝန်းကျင်ဒေသများကို ဆက်သွယ်သည့် လမ်းများကိုသာ အဆင့်မြှင့်တင်လိုက်မည်ဆိုပါက မောင်တောမြို့နယ်သို့ ကုန်သွယ်ရေးလမ်းကြောင်းများ ပွင့်သွားမည်ဖြစ်ပြီး တစ်ဖက်နိုင်ငံကိုလည်း လွယ်လွယ်ကူကူနှင့် ထိထိရောက်ရောက် ကုန်စည်တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကုန်သွယ်မှုမှာ ပို့ကုန် ၉၀ ရာခိုင်နှုန်းအထိ ရှိနေတဲ့ မောင်တော နယ်စပ်ကုန်သွယ်ရေးဟာ ဝယ်သူဈေးကွက်ပဲ ဖြစ်နေသေးတယ်" ဟု မောင်တော နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။ "လက်ရှိမှာ ရေထွက်ပစ္စည်းတွေ၊ လယ်ယာထွက်ကုန်တွေနဲ့ မီးဖို ချောင်သုံးပစ္စည်းတွေကို တင်ပို့နေရာမှာ တစ်ဖက်နိုင်ငံက ဝယ်သူရဲ့ အခြေအနေကို မှီခိုနေရတဲ့အတွက် ကညင်ချောင်း စီးပွားရေးဇုန်မှာသာ လယ်ယာထွက်ကုန်ကြမ်းမှ စားသောက်ကုန်ထုတ်လုပ်ငန်းတွေ၊ ခေတ်မီသိုလှောင်ရုံတွေ တည်ဆောက်လိုက်ရင် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ရောင်းချနိုင်မှာဖြစ်သလို ဈေးကွက်အားသာချက်ပါ ရရှိနိုင်မယ်" ဟု ၎င်းက ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်နယ်အစိုးရတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ကညင်ချောင်း စီးပွားရေးဇုန်ဆိပ်ကမ်း တည်ဆောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းနေစဉ်

**အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း**

ဒေသခံလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးအောင်မြင့်သိန်း အနေဖြင့် ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ ပူးပေါင်းဖွဲ့စည်းထားသည့် ကညင်ချောင်းစီးပွားရေးဇုန် တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ၌ အတွင်းရေးမှူးအဖြစ် တာဝန်ယူထားပြီး ကော်မတီကို ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ဥက္ကဋ္ဌတာဝန်ယူထားကြောင်း၊ စီးပွားရေးဇုန် တည်ဆောက်ရေး အတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ ၆၀ ရာခိုင်နှုန်း-၄၀ ရာခိုင်နှုန်း ကျခံ တည်ဆောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ကာ အစိုးရက ငွေကျပ်သိန်း ၆၀၀၀၊ ပုဂ္ဂလိက ကဏ္ဍမှ ငွေကျပ်သိန်း ၄၀၀၀ စုစုပေါင်း ငွေကျပ်သိန်း တစ်သောင်းဖြင့် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အစိုးရက ငွေကျပ်သိန်း ၁၅၀၀၀၊ ပုဂ္ဂလိကကဏ္ဍမှ ငွေကျပ် သိန်း ၇၀၀၀၊ စုစုပေါင်း ငွေကျပ်သိန်း နှစ်သောင်းနှစ်ထောင်ဖြင့် အကောင်အထည်ဖော်ရန် စီစဉ်ထားကြောင်း သိရသည်။

**အားတစ်ရပ်ဖြစ်**

ပွင့်လင်းရာသီ ရောက်ရှိလာသည်နှင့်အမျှ စီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ စတင်တော့မည့်အချိန်တွင် UEHRD နှင့် ကုန်သည်/စက်မှုအသင်းချုပ်မှ ကိုယ်စားလှယ်များ လာရောက်လေ့လာခြင်းသည် ဇုန်ဖြစ်မြောက်ရေးအတွက် အားတစ်ရပ်ဖြစ်စေကြောင်း ဦးအောင်မြင့်သိန်းက ပြောကြားသည်။

"စီးပွားရေးဇုန် အကောင်အထည်ပေါ်လာပါက အလုပ်အကိုင် အခွင့်အလမ်းများပေးနိုင်မှာဖြစ်ခြင်းကြောင့် ဒေသခံလူထု စီးပွားရေးပြေလည်လာပြီး ဒေသရေရှည် တည်ငြိမ်အေးချမ်းလာနိုင်မည်" ဖြစ်ကြောင်း ဦးအောင်မြင့်သိန်းက ပြောကြားသည်။

ရခိုင်ပြည်နယ် အစိုးရအနေဖြင့် ဒေသခံလုပ်ငန်းရှင်များ၊ ရခိုင်ပြည်နယ်အတွင်းက လုပ်ငန်းရှင်အားလုံးအပြင် မြန်မာနိုင်ငံတစ်ဝန်းက လုပ်ငန်းရှင်များပါ လာရောက်မြှုပ်နှံကြဖို့ ကြိုဆိုဖိတ်ခေါ်ထားသည်။

ကုန်သည်/စက်မှုအသင်းချုပ် အနေဖြင့် ကညင်ချောင်း စီးပွားရေးဇုန် အလျင်အမြန်အကောင်အထည်ဖော်နိုင်ရေး အတွက် လျှပ်စစ်မီးရရှိရေး၊ ဇုန်တွင်းလမ်းများ ဖောက်လုပ်ရေး၊ လုပ်သားအိမ်ခန်းများနှင့် စားသောက်ဆိုင်များ စနစ်တကျ တည်ဆောက်ရေးတို့ကို UEHRD ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဝင်းမြတ်အေး၊ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်၊ ရခိုင်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဒေသခံပုဂ္ဂလိကကဏ္ဍတို့အကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ သိရှိရသည်။

**ခင်ရတနာ**

# ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ သီးသန့် အစည်းအဝေးနှင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုဖိုရမ်သို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံ့ဝန်ထမ်းကော်မရှင်၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့တွင် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ သီးသန့်အစည်းအဝေးနှင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**




အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ သီးသန့်အစည်းအဝေးနှင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုဖိုရမ်သို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် သတင်းစဉ်

အဆိုပါ သီးသန့် အစည်းအဝေးနှင့် ဖိုရမ်တို့၌ ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ဧပြီ ၂၆ ရက်က ၂၉ ရက်အထိ ကျင်းပခဲ့သည့် အကြိမ် (၃၀) မြောက် အာဆီယံ ထိပ်သီးညီလာခံတွင် အာဆီယံ နိုင်ငံ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့သည့် "ASEAN Declaration on the Role of Civil Service as a Catalyst for Achieving ASEAN Community Vision 2025" ကြေညာစာတမ်းပါ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် နည်းဗျူဟာများ ချမှတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများအား ဆွေးနွေးညှိနှိုင်းခြင်း။

အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အစီအစဉ် (၂၀၁၆-၂၀၂၀) [ACCSM Workplan (2016-2020)] ကို အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခြင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး၊ တတိယအကြိမ်မြောက် အာဆီယံ အပေါင်းသုံး နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးနှင့် စင်ကာပူသမ္မတနိုင်ငံတွင် ၂၀၁၇ ခုနှစ် မေလ၌ ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ကြိုတင်ပြင်ဆင်မှု အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့တွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သုံးသပ်ဆွေးနွေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းခွင် အခြေအနေအလိုက် ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်များ ရေးဆွဲခြင်း၊ ခေါင်းဆောင်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှု အတွက် လိုအပ်သည့် စဉ်းစားတွေးခေါ်မှု နည်းလမ်းများကို သုံးသပ်ခြင်း၊ ဆန်းသစ်တီထွင်ရာတွင် ပြည်သူ့ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ စပ်တူလုပ်ငန်းများ အရေးပါမှုကို ဆွေးနွေးခြင်း၊ ခေါင်းဆောင်မှုဆိုင်ရာ ဆန်းသစ်တီထွင်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများနှင့် အခွင့်အလမ်းများကို ရှာဖွေခြင်း၊ ခေါင်းဆောင်များ၏ စိတ်ဓာတ်ခံယူချက် ပြောင်းလဲရေးနှင့် ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်ရေး ပြုစုပျိုးထောင်ပေးခြင်း၊ ခေါင်းဆောင်မှု အရည်အသွေးများကို မြှင့်တင်ပေးခြင်းဆိုင်ရာ လေ့ကျင့်သင်တန်းပေးခြင်း ကိစ္စရပ်များအပေါ် အတွေ့အကြုံများ ဖလှယ်ခြင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၌ တည်ထောင်ထားရှိသည့် အာဆီယံလူ့စွမ်းအားဗဟိုဌာနများမှ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းရေးရာ ကဏ္ဍနှင့် ပတ်သက်သည့် သတင်းဆောင်းပါးများနှင့် ဓာတ်ပုံမှတ်တမ်းများဖြင့် ပြည့်စုံစွာ ဖော်ပြထားသည့် Coffee Table Book ကို တရားဝင် ထုတ်ပြန်ကြေညာနိုင်ရန် ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်မြို့နှင့် ဂျပန်နိုင်ငံ အနောက်တောင်ဘက်ရှိ ကျူရှူးကျွန်းဆွယ်၏ မြို့တော် ဖူကူအိုကာမြို့ကြား ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးတစ်ရပ် ထူထောင်ခြင်းမှတစ်ဆင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကြောင်း ဖူကူအိုကာ မြို့တော်ဝန် H.E.Mr. Soichiro Takashima က ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) သို့ ပြောကြားလိုက်ကြောင်း သိရသည်။

ဖူကူအိုကာမြို့မှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် အထူး စိတ်ဝင်စားနေကြကြောင်း၊ မြန်မာနိုင်ငံ၏ ကျွမ်းကျင်လုပ်သားရှားပါးမှုကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာလူငယ်များအား ဖူကူအိုကာမြို့သို့ ဖိတ်ခေါ်ကာ လုပ်ငန်းကျွမ်းကျင် ပညာတော်သင် အစီအစဉ်များ ပေးအပ်ရန် မြို့တော်အစိုးရက စီစဉ်လျက်ရှိကြောင်း ဖူကူအိုကာမြို့တော်ဝန်က ကုန်သည်/စက်မှု အသင်းချုပ်နှင့် အောက်တိုဘာ ၃၁ ရက်က တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖူကူအိုကာ မြို့တော်ဝန် ဦးဆောင်သည့် မြို့တော်အစိုးရအဖွဲ့ဝင်များနှင့် ဖူကူအိုကာမြို့မှ လုပ်ငန်းရှင်ဦးရေ ၁၀၀ ခန့်ပါဝင်သည့် စီးပွားရေးရာ လေ့လာရေးအဖွဲ့သည် ကုန်သည်/စက်မှုအသင်းချုပ်နှင့် မြန်မာလုပ်ငန်းရှင်များအား တွေ့ဆုံရာတွင် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အသေးစား စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဆက်သွယ်ရေး နည်းပညာလုပ်ငန်းများ အကြောင်း အထူးစိတ်ဝင်တစားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖူကူအိုကာမြို့မှ လုပ်ငန်းရှင်များအား အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ မြန်မာ့အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ကုန်သည်စက်မှုအသင်းချုပ်က ဖိတ်ခေါ်ထားသည်။

"ရန်ကုန်အပြင် အခြား ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း ရင်းနှီးမြှုပ်နှံဖို့ တိုက်တွန်းထားတယ်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆိပ်ကမ်း တည်ဆောက်ရေးနဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးတွေမှာ ရင်းနှီးမြှုပ်နှံတာကိုလည်း အထူးကြိုဆိုတဲ့အကြောင်း အသိပေးတိုက်တွန်းထားတယ်" ဟု UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

ဖူကူအိုကာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များသည် လာမည့် ဖေဖော်ဝါရီလတွင် ကုန်သည်၊ စက်မှုအသင်းချုပ်သို့ ထပ်မံလာရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့နိုင်ရန် မြန်မာလုပ်ငန်းရှင်များနှင့် ထပ်မံတွေ့ဆုံကြဦးမည်ဖြစ်သည်။ "မြန်မာနိုင်ငံရဲ့စီးပွားရေး အခြေအနေနဲ့ စီးပွားရေးအခွင့်အလမ်းတွေကို ကျွန်တော်တို့ အမြဲတမ်းလေ့လာနေတယ်၊ ခရီးစဉ်တစ်လျှောက် လေ့လာတွေ့ရှိချက်တွေကိုလည်း ဖူကူအိုကာမြို့က လုပ်ငန်းရှင်တွေကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးသွားမှာဖြစ်ပါတယ်" ဟု လုပ်ငန်းရှင် ကိုယ်စားလှယ်များကို ဦးဆောင်သူ Honda Kiko Co., Ltd ၏ CEO Mr. Ryuzoji Kensuke က ပြောသည်။

ဖူကူအိုကာမြို့ အစိုးရအနေဖြင့် ရန်ကုန်မြို့နှင့် ခိုင်မာသောဆက်ဆံရေး တစ်ရပ် တည်ထောင်ရန် စိတ်အားထက်သန်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ညီအစ်မ မြို့တော်များအဖြစ် သဘောတူ လက်မှတ်ရေးထိုးထားကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ပညာရှင်တစ်ဦး စေလွှတ်၍ ရန်ကုန်မြို့ ရေနုတ်မြောင်းစနစ် အဆင့်မြှင့်တင်ရေးအတွက် ကူညီလျက်ရှိကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။

**သတင်းစဉ်**

# စစ်တောင်းမြစ်အတွင်း ရေသဘင်ပွဲတော်နှင့် တန်ဆောင်တိုင် မီးမျှောပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



**မဒေါက်  နိုဝင်ဘာ ၄**

နှစ်စဉ်ကျင်းပခဲ့သည်မှာ ၄၅ နှစ်တိုင်ခဲ့ပြီဖြစ်သော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၏ တန်ဆောင်တိုင်မီးမျှောပွဲတော်ကို ရေသဘင်ပွဲတော်ဖွင့်ပွဲနှင့်အတူ နိုဝင်ဘာ ၄ ရက်က စတင်ကျင်းပသည်။

ရှေးဦးစွာ ပွဲတော်ဗဟိုမဏ္ဍပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ရေသဘင်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ရေသဘင်ပွဲကို ဆက်လက်ကျင်းပရာ စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက် အကအလှဖျော်ဖြေရေးယိမ်းအဖွဲ့ ရေယာဉ်များ၊ ယိမ်းအကအလှယှဉ်ပြိုင်ရေး ရေယာဉ်များ၊ တက်ခုတ်ယိမ်း၊ တက်ပျံယိမ်းနှင့် ကရင်ဒုံးယိမ်းရေယာဉ်များက ယှဉ်ပြိုင်ဖျော်ဖြေခဲ့ကြပြီး ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များနှင့် မြန်မာ့ရိုးရာလှေပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ ယင်းနောက် ညဦးယံအချိန်တွင် ဒေသတွင်းနှင့် ရပ်ဝေးရပ်နီးမှ လာရောက်ကြသော ဧည့်သည်များက မြတ်စွာဘုရားရှင်ကို ဦးထိပ်ပန်ဆင်လျက် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ဆီမီးကြာခွက်ပေါင်း သုံးသောင်းဖြင့် စစ်တောင်းမြစ်အတွင်း စည်ကားသိုက်မြိုက်စွာ ရေမျှောပူဇော်ခဲ့ကြကြောင်း သိရသည်။ **သတင်း-ကိုကိုနေ၊ ဓာတ်ပုံ- ပိန်းဇလုပ်သိန်းညွန့်**

# မြန်မာ့ရိုးရာ ယဉ်ကျေးမှုထုံးတမ်းနှင့်အညီ တန်ဆောင်တိုင်ပွဲတော်ကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၄**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်များ ရေရှည်တည်တံ့စေရန်၊ မြန်မာမှု မြန်မာ့ဟန်များ၊ မြန်မာမှုအနုသုခုမများကို အများပြည်သူတို့ ပိုမိုသိရှိ နှစ်ခြိုက်ပျော်ရွှင်စွာပါဝင်လာစေရန် ရည်ရွယ်ပြီး မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်ကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည် ဥယျာဉ်၌ ကျင်းပသည်။

အဆိုပါ ပွဲတော်၌ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက ယဉ်ကျေးမှုထွန်းကားခဲ့သည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအဝန်း ယဉ်ကျေးမှုအမွေအနှစ်များ တွေ့မြင်ရပါကြောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်သည့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ စာပေ ဘာသာစကားနှင့် အနုသုခုမများသည်လည်း အဆင့်အတန်းမြင့်မားစွာ ရပ်တည်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ၁၂ လရာသီပွဲတော်များ၊ တိုင်းရင်းသားအသီးသီး၏ ပွဲတော်များသည် ချစ်မြတ်နိုးစရာ ကောင်းလှပါကြောင်း၊ ထိုအစဉ်အလာများကို ဘိုးဘွားများအစဉ်အဆက် ထိန်းသိမ်း လာခဲ့ကြသဖြင့် ယနေ့တိုင် တွေ့မြင်ခံစားနေရပါကြောင်း၊ ထို့ကြောင့် ၁၂ လရာသီပွဲတော်များထဲက တန်ဆောင်တိုင်ပွဲတော်ကို ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်လာဧည့်ပရိသတ်များအား မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးနှင့်အတူ မြန်မာ့ဂီတကိုလည်းကောင်း၊ ရုပ်သေးပညာရှင်များ၏ ရုပ်သေးအက၊ အပျိုတော်ယိမ်း၊ ဆီမီးခွက်ယိမ်း၊ လက်ခတ်သံယိမ်းတို့အပါအဝင် မြန်မာ့အကအလှများဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာခြင်း အလှခတ်ဖျော်ဖြေမှုများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက် ကပြကြသည်။

မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော်သို့ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ မြန်မာ့ရိုးရာပန်းချီ၊ ပန်းပုပညာရှင်များ၊ နိုင်ငံခြားသံရုံးများမှသံ အမတ်ကြီးများ တက္ကသိုလ် ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။ **မြင့်မောင်စိုး**






# ပဲခူးမြသာလျောင်းဘုရားကြီး (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲ ကျင်းပ

**ပဲခူး  နိုဝင်ဘာ ၄**

ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ဘုရားကြီးပတ်လည် ရင်ပြင်တော်၌ ယခုတန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ကျင်းပခဲ့သည်။

ရှေးဦးစွာ တန်ဆောင်မုန်းလဆန်း ၁၃ ရက် နံနက် ၅ နာရီက လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘိသေက အနေကဇာတင်တော်မူပြီး မဟာပဋ္ဌာန်းရွတ်ဖတ်ခြင်း၊ ဆီမီးများ ပူဇော်ခြင်းတို့ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်အထိ ကျင်းပသည်။

ယင်းနောက် တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၈ နာရီတွင် မဟာပဋ္ဌာန်းသိမ်းပွဲများ ပြုလုပ်ခြင်း၊ မုန့်ဟင်းခါးနှင့် အအေးများ စတုဒိသာ ကျွေးမွေးခြင်း၊ မွန်းလွဲ ၁ နာရီတွင် လှူဖွယ်ဝတ္ထုအစုစုတို့အတွက် တရားနာ ရေစက်ချအမျှပေးဝေခြင်းများ ပြုလုပ်၍ မွန်းလွဲ ၃ နာရီတွင် ဘုရားကြီး ရင်ပြင်တော်၌ သံဃာတော် ၁၀၈ ပါးတို့အား စာရေးတံမဲဖောက်ခြင်း၊ ဆွမ်းဆန်တော် လောင်းလှူခြင်းများ ပြုလုပ်သည်။ **ခရမ်းစိုးမြင့်**

# မိုင်းဆတ်၌ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ ဆုရရှိသူများ ဆုချီးမြှင့်

**မိုင်းဆတ်  နိုဝင်ဘာ  ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်၏ (၄၇) ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက် ည ၇ နာရီက စတင်ကျင်းပရာ ရှမ်းရိုးမမီး၊ ကြယ်ပြောင်မီး၊ လွိုင်ခမ်းမီး၊ စူပါဆင့်ပွားမီးနှင့် ခေတ်သစ်လူငယ်မီးအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုဝင်ဘာ ၃ ရက် ညက တိုင်းလွိုင်မီး၊ ငွေကြယ်မီး၊ ကြယ်ဖြူမီးနှင့် ချယ်ရီမီးအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် နိုဝင်ဘာ ၃ ရက် ည ၉ နာရီခွဲက မီးပုံးပျံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ နှစ်သိမ့်ဆုရ မီးပုံးပျံ အဖွဲ့ခြောက်ဖွဲ့အား ငွေကျပ်တစ်သိန်းစီကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏဇော်နှင့် တာဝန်ရှိ သူများက လည်းကောင်း၊တတိယဆုရ ကြယ်ဖြူမီးအဖွဲ့အား ငွေကျပ်လေးသိန်းနှင့် ဆုဖလားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယက လည်းကောင်း၊ ဒုတိယဆုရ လွိုင်ခမ်းမီးအဖွဲ့အား ငွေကျပ်ခုနှစ်သိန်း နှင့်ဆုဖလားကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က လည်းကောင်း၊ ပထမဆုရ ချယ်ရီမီးအဖွဲ့အား ငွေ ကျပ်ဆယ်သိန်းနှင့် ဆုဖလားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးလှိုင်လင်းကျော်က လည်းကောင်း ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြဝတီမြို့၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဆုချီးမြှင့် အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြဝတီ  နိုဝင်ဘာ  ၄**

ကရင်ပြည်နယ် မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ခြင်း၊ ဆက်ကပ်လှူဒါန်းခြင်းနှင့် မသိုးသင်္ကန်းရက်လုပ် ယှဉ်ပြိုင်ရာ ဆုရရှိသည့် အသင်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားများကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် ည ၆ နာရီက ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကာ ရက်ကန်းယှဉ်ပြိုင်ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ထိုင်းနိုင်ငံ မဲဆောက်မြို့တာ့(ခ်) ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဧည့်သည်တော်များလည်း လာရောက်လေ့လာခဲ့သည်။

ထို့နောက် မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ခြင်းတွင် ဆုရရှိသည့် အသင်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၄ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းများအား ဆရာတော်များထံ ဆက်ကပ်ခြင်းနှင့် မသိုးသင်္ကန်းများကို ပင့်ဆောင်၍ ရွှေမြင်းဝန်စေတီတော်ကြီးနှင့် ရုပ်ပွားတော်မြတ်များထံ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကာ ဆုရရှိသည့် ရက်ကန်းစင်အသင်းများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်၌ ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော်  နိုဝင်ဘာ ၄**

ထူးခြားသည့် ညအပူအချိန်များမှာ ဟဲဟိုးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကသာမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် ညောင်ဦးမြို့တွင် ၀ ဒသမ ၃၁ လက်မတို့ ဖြစ်ကြသည်။

**မုန်တိုင်းဖြတ်ကျော်**

ထူးခြားသည့်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ဒန်မရီ” (Damrey) သည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေသို့ “နထရန်းမြို့” (NHA Trang) အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**



# ဆင်ထိန်းသိမ်းရေး အနုပညာဖန်တီးမှု လက်ရာများ ပြသ

**ရန်ကုန် နိုဝင်ဘာ ၄**

We Love our Momos အနုပညာဖန်တီးမှုလက်ရာကို အများပြည်သူခံစားကြည့်ရှုနိုင်ရန် ယနေ့ ညနေက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ မြို့တော်ခန်းမရှေ့၌ ပြသလျက်ရှိကြောင်း သိရသည်။ (ဓါတ်ပုံ)

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တစ်ပတ်ကို တောဆင်ရိုင်း တစ်ကောင်နှုန်း သတ်ခံရတယ်၊ ဒါ့ကြောင့် တောဆင်ရိုင်းတွေ ၁၄၀၀ မှ ၂၀၀၀ ကြားသာ ကျန်တော့တယ်လို့ ခန့်မှန်းထားကြတယ်၊ ဒီလိုသာ အသတ်ခံနေရမယ်ဆိုရင် နောင် ၁၀ နှစ်၊ နှစ် ၂၀ မြန်မာ့နိုင်ငံမှာ တောဆင်ရိုင်းတွေ မျိုးသုဉ်းကုန်ကြမယ်၊ ဒါ့ကြောင့် အများပြည်သူသိအောင် အသိပညာပေးတဲ့အနေနဲ့ အနုပညာလက်ရာတစ်ခုနဲ့ ဖန်တီးပြသတာဖြစ်ပါတယ်" ဟု ပြပွဲစီစဉ်သူ ကိုရဲမင်းသွင်က ပြောသည်။

အဆိုပါ ပြပွဲတွင် ဖန်တီးထားသော အကြီးဆုံးသော စက္ကူဆင်ရုပ် အရွယ်အစားသည် အလျား ၂၁ ပေ၊ အနံ ခုနစ်ပေ၊ အမြင့် ၂၁ ပေရှိပြီး ပျမ်းမျှအားဖြင့် ခုနစ်ပေမှ ကိုးပေကြား အမြင့်ရှိသည့် သက်ရှိ ဆင်အထီးတစ်ကောင်အရွယ်အစားထက် သုံးဆခန့် ပိုမိုကြီးမားကြောင်း သိရသည်။

ယင်းဆင်ရုပ်များသည် ဝါးဖြင့် ရက်လုပ်ထားပြီး သတင်းစာ စက္ကူဟောင်းများကို ကပ်ကာ ရောင်စုံခြယ်ဖန်တီးထားသော ဆင်အရုပ်ကြီးများဖြစ်ပြီး ပြည်သူများ လေ့လာကြည့်ရှုကြကာ အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။ ပြပွဲကို နိုဝင်ဘာ ၆ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးကေလင်း၊ဓာတ်ပုံ-မြင့်မောင်စိုး(မြန်မာ့အလင်း)**

# မန္တလေးမြို့တွင် စတုတ္ထအကြိမ်မြောက် ရွှေဝတီ စာပေပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort တွင် နိုဝင်ဘာ ၃ ရက်က စတင်ကျင်းပသော စတုတ္ထအကြိမ်မြောက် ရွှေဝတီ စာပေပွဲတော်ကို ဒုတိယနေ့တွင် ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပ စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များ တက်ရောက် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများ ရသစာပေကို ပြန်လည်စိတ်ဝင်စားမှု ရှိလာစေရန်နှင့် စာဖတ်ရှိန်တိုးတက်လာစေရန် ရည်ရွယ်၍ အဆိုပါ ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း ပွဲတော်ကျင်းပရေးအဖွဲ့ Country Director မန္တလေးမြို့မှ ဒေါက်တာအောင်မြင့်က ပြောသည်။

" နိုင်ငံတကာက စာပေပညာရှင်တွေ မြန်မာစာပေပညာရှင်တွေနဲ့ မြန်မာစာဖတ်ပရိသတ်တို့ တိုက်ရိုက်ထိတွေ့ခွင့်ရပြီး ဆွေးနွေးနိုင်မယ်၊ အဓိက အနေနဲ့ မြန်မာစာရေးဆရာတွေရဲ့ လက်ရာတွေကို အင်္ဂလိပ်ဘာသာပြန်ဆိုပြီး နိုင်ငံတကာက ထုတ်ဝေသူတွေနဲ့ အဆက်အသွယ်ရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ပွဲတော် ဒုတိယနေ့တွင် Shake Speare & Family of Man ခေါင်းစဉ်ဖြင့် ဆွေးနွေးသူ အင်္ဂလန်နိုင်ငံမှ စာရေးဆရာမ Ms. Ann Pasternak Slater က "ကျွန်မ စိတ်ဝင်စားလို့ ဒီပွဲကို တက်ဖြစ်တယ်၊ ဒီနေ့မှာ ရှိတ်စပီးယားရဲ့ စာပေလက်ရာတွေကို ဆွေးနွေးခဲ့တယ်၊ စာပေပွဲတော်က စိတ်ဝင်စားစရာ ကောင်းပါတယ်၊ လာရောက်တဲ့သူတွေကလည်း တက်တက်ကြွကြွ ဆွေးနွေးကြလို့ တကယ်ကောင်းတဲ့ပွဲတစ်ခုပါ၊ မြန်မာစာရေးဆရာတွေအနေနဲ့ မှန်တာကို ရဲရဲဝံ့ဝံ့ရေးသားဖို့လိုတယ်၊ အင်္ဂလန်မှာ အသက်ရှူမဝပေမယ့် မန္တလေးမြို့ရဲ့လေက ရှူရတာ အင်မတန်သန့်ရှင်းလို့ ရှူခွင့်ရတာ ကောင်းတယ်"ဟု ပြောသည်။




**ဆွေးနွေးခွင့်များ ရရှိလာ**

ယခင်က စာဖတ်ပရိသတ်နှင့် စာရေးဆရာ တွေ့ဆုံရန် ခက်ခဲသော်လည်း ယနေ့ခေတ်တွင်စာရေးဆရာများသည် စာဖတ်ပရိသတ်ရှေ့သို့ ရောက်ရှိလာခြင်း၊ သိလိုသည့် အကြောင်းအရာများကို တိုက်ရိုက်ဆွေးနွေးခွင့်များ ရရှိလာခြင်းကြောင့် မျိုးဆက်သစ်များ အနေဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ကြောင်း မန္တလေးမြို့မှ ပန်းချီဆရာ ဦးခင်မောင်စန်းက ပြောသည်။

"ဒီပွဲက စာပေပညာရှင်တွေအတွက် ပိုပြီးထိရောက်တယ်၊ ကျွန်တော်တို့ ပန်းချီဆရာတွေအနေနဲ့၊ အနုပညာကဏ္ဍတစ်ခုအနေနဲ့ ပါဝင်ဆင်နွှဲခွင့်ရတာ ဝမ်းသာပေမယ့် လက်ရှိအနေအထားထက် ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ရင်ကောင်းတာပေါ့၊ ဒီပွဲကို နိုင်ငံတကာ ပန်းချီပညာရှင်တွေ ဖိတ်ကြားပြီး သူတို့နဲ့အတူ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ခွင့်ရရင် ပိုကောင်းတယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ပွဲတော်သို့ ရန်ကုန်မှ တက်ရောက်လာသူ စာရေးဆရာထင်လင်းဦးကလည်း "ကျွန်တော်တို့ ဆွေးနွေးတာက သတင်းအချက်အလက်နဲ့ စာပေရေးရာ ခေါင်းစဉ်ပါ၊ ဒီပွဲတော်မှာ ကိုယ့်မိတ်ဆွေတွေအများကြီး တွေ့ရတယ်။

**လူငယ်တွေ အများကြီးလာစေချင်**

"ကျွန်တော်တို့ ဘာကြောင့် စာတွေရေးနေရတယ်၊ စာတွေ ဖတ်နေရတယ်ဆိုတာ စာဖတ်သူတွေပိုပြီး သိသွားလိမ့်မယ်၊ ခုလို ရေးသားနေတာကလည်း လူတွေရဲ့ စိတ်နှလုံးသားအာဟာရအတွက် ဖြစ်တယ်ဆိုတာ လူငယ်တွေ အများကြီး သိသွားမယ်ထင်တယ်၊ ဒီလို စာပေပွဲတော်တွေ လုပ်တာနားထောင်တဲ့သူတွေရော ဆွေးနွေးသူတွေရော အကျိုးရှိတယ်၊ ရန်ကုန်နဲ့ မန္တလေးမှာ ကျင်းပတော့ သွားလာရေးခက်တဲ့ ဒေသက လူငယ်တွေ မလာနိုင်ကြတော့ ကျွန်တော့်ဆန္ဒက ဒီလိုပွဲတွေမှာ လူငယ်တွေ အများကြီးလာစေချင်တယ်၊ ဝေးတဲ့ဒေသက လူငယ်တွေထံ ရောက်စေချင်တယ်၊ တစ်ဖက်သတ်ပြောတာ မဟုတ်ပါဘူး၊ သူတို့မလာနိုင်ရင်လည်း သူတို့ဆီ အရောက်သွားဖို့ ကြိုးစားရဦးမယ်" ဟု ပြောသည်။

အဆိုပါ စာပေပွဲတော်တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ စာပေဟောပြောပွဲများ၊ စာပေဆွေးနွေးပွဲများ၊ ကဗျာရွတ်ဆိုပွဲများကို ကျင်းပခဲ့ပြီး ဆွေးနွေးချိန်မှာ အကြောင်းအရာတစ်ခုလျှင် တစ်နာရီအချိန်ပေးထားပြီး တစ်ရက်လျှင် အကြောင်းအရာ ခုနစ်ခုကို ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကရင်ပြည်နယ်နေ့တွင် မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာ - ထိုင်း စိန်ခေါ်ပွဲ တွဲဆိုင်းရှစ်တွဲ ထည့်သွင်းကျင်းပသွားမည်

**ဘားအံ နိုဝင်ဘာ ၄**

(၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ - ထိုင်း စိန်ခေါ်ပွဲတွဲဆိုင်း ရှစ်တွဲ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးတွင် မြန်မာ-ထိုင်း စိန်ခေါ်ပွဲကြီးများအဖြစ် စောမင်းအောင်(မြန်မာ)-ချမ်းရာဒလ (ထိုင်း)၊ ရန်နိုင်ထွန်း(မြန်မာ)-ဘောင်း(ထိုင်း)၊ စောရန်ပိုင်(မြန်မာ) - ပါဝိ(ထိုင်း)၊ ယုဍ္ဍုခလိန်းမီ (မြန်မာ) - ချိုင်းယိုး (ထိုင်း)၊ သွေးသစ်အောင်(မြန်မာ) - ကန်နာလစ်(ထိုင်း)၊ ရဲသွေးနီ(မြန်မာ) - နာတားလီ (ထိုင်း)၊ စောဘဦး(မြန်မာ) - ဖဲလတန(ထိုင်း) တွဲဆိုင်းနှင့် ဖျံသွေး(မြန်မာ)- လုဇယား (ထိုင်း)တို့ ငါးချီတွဲဆိုင်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ဘားအံမြို့ သီရိကွင်းအနီး ကရင်ကျောင်းသားများ ရိပ်သာရှေ့ လက်ဝှေ့ပွဲရုံကြီး၌ ကျင်းပသွားမည်ဖြစ်ရာ ဝင်ကြေးများအဖြစ် ရိုးရိုးတန်း ငွေကျပ် ၃၀၀၀ နှင့် ထိုင်ခုံပါ ငွေကျပ် ၅၀၀၀ သတ်မှတ်ထားရှိကြောင်း သိရသည်။

မြန်မာ - ထိုင်း လက်ဝှေ့စိန်ခေါ်ပွဲကြီးများအပြင် ပြည်တွင်းပွဲစဉ်များအဖြစ် ငွေကျပ် ၁၀ သိန်းအောင်လံပွဲနှင့် ငွေကျပ် ခုနစ်သိန်း အောင်လံပြိုင်ပွဲများ ပါဝင်မည့်အပြင် ပြည်တွင်းပွဲစဉ် လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ် (၂၈)ပွဲ အပါအဝင် မြန်မာ-ထိုင်း စိန်ခေါ်ပွဲ ရှစ်ပွဲ ပြိုင်ပွဲပေါင်း ၃၆ ပွဲကို ငါးရက်တာကာလအတွင်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းလက်ဝှေ့ပြိုင်ပွဲတွင် ငွေကျပ်ခုနစ်သိန်း၊ ငွေကျပ် ၁၀ သိန်း အောင်လံပြိုင်ပွဲတွင် နှစ်ချီ၊ သုံးချီ အထူးစိန်ခေါ်ပွဲများ တင်ဆက်သွားမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတွင် အားကစားပြိုင်ပွဲများအဖြစ် ရိုးရာလှေလှော်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲများ၊ ဂေါက်သီးရိုက်၊ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ၊ ရိုးရာခြင်းလုံးခတ် အလွတ်တန်း လေးပေါက်တန်းသရုပ်ပြပွဲ၊ တင်းနစ်အားကစားပြိုင်ပွဲများအပြင် ကရင်ရိုးရာဒုံးယိမ်းအကပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဂျပန်ကုမ္ပဏီနှင့် ဖက်စပ်တည်ထောင်သည့် ဘူးခွံ စက်ရုံဖွင့်ပွဲ ကျင်းပ

Loi Hein Co.,Ltd နှင့် Toyo Seikan Group တို့၏ Yangon Can Manufacturing Co.,Ltd စက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သီလဝါစက်မှုဇုန်အေ အကွက်နံပါတ် ဘီ ၁၅ ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်၊ Loi Hein Co.,Ltd ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ Toyo Seikan Group Holdings Co.,Ltd President Mr.Takao Nakai၊ Toyo Seikan Co.,Ltd President Mr. Ichio Otsuka၊ Yangon Can Manufacturing Co.,Ltd Managing Director Mr. Tomonori Ogata နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဦးဝင်းထိန်၊ Mr. Kazuyuki Takimi၊ Mr. Takao Nakai၊ ဒေါက်တာစိုင်းဆမ်ထွန်း၊ Mr. Ichio Otsuka တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ Mr. Kazuyuki Takimi၊ Mr. Takao Nakai၊ ဒေါက်တာစိုင်းဆမ်ထွန်း၊ Mr. Ichio Otsuka၊ Mr. Tomonori Ogata၊ ဦးဇော်ဇော်နှင့် ဒေါက်တာ သန်းသန်းသွယ်တို့က စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရုံအတွင်း Shark Can ဘူးခွံ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် ဂျပန်-မြန်မာချစ်ကြည်ရေးအကဖြင့် လည်းကောင်း၊ တေးသံရှင် ချမ်းချမ်းက တေးသီချင်းဖြင့် လည်းကောင်း ဖျော်ဖြေကြပြီး Mr. Tomonori Ogata က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါစက်ရုံကို တည်ထောင်ရခြင်းနှင့် စပ်လျဉ်း၍ ဒေါက်တာစိုင်းဆမ်ထွန်းက " Shark Can အတွက် အရင်က လတိုင်း ကွန်တိန်နာ အလုံး ၈၀ ကို ထိုင်းနိုင်ငံက တင်သွင်းနေရပါတယ်၊ ဒါ့ကြောင့် နိုင်ငံခြားငွေ အများကြီး ကုန်ပါတယ်၊ အခုတော့ စက်ရုံကို ဂျပန်ကုမ္ပဏီနဲ့ ဖက်စပ်တည်ထောင်နိုင်ခဲ့လို့ သက်သာသွားပါတယ်၊ စက်ရုံက တစ်နှစ်ကို တန်ပေါင်း သန်းနှစ်ရာကျော် ထုတ်လုပ်မှာ ဖြစ်ပါတယ်၊ Shark အတွက် သန်း ၁၅၀၊ Alpine မှ နို့နဲ့ နို့ထွက်ပစ္စည်းတွေအတွက် ရည်ရွယ်ထားပါတယ်၊ ၂၀၂၀ ပြည့်နှစ်မှာ နောက်ထပ် စက်ရုံတစ်ရုံ တည်ဆောက်မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။




**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ပုဏ္ဏားကျွန်းမြို့မှ ဦးရာဇ်တော်ဓာတ်စေတီတော် ဓာတ်လှေကားတည်ဆောက်မှု ၄၀ ရာခိုင်နှုန်း ပြီးစီး

မောင်တော နိုဝင်ဘာ ၄

**ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မှ သမိုင်းဝင် စေတီတစ်ဆူဖြစ်သည့် ဦးရာဇ်တော် ဓာတ်စေတီတော်တွင် ဘုရားဖူးလာ ပြည်သူများ အဆင်ပြေစွာ ဖူးမြော်ကြည်ညိုနိုင်ရန် တည်ဆောက်နေသော ဓာတ်လှေကား ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**

"ကျွန်တော်တို့ ဒီဓာတ်လှေကားကို ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှာ စတင် တည်ဆောက်ခဲ့တာပါ၊ ၂၀၁၈ ခုနှစ် မေလ ဒါမှမဟုတ် ဇွန်လလောက်ဆိုရင် ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်၊ အခုအချိန်ထိ ပြီးစီးမှုကတော့ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီလို့ ဆိုရမှာပါ၊ ကုန်ကျငွေကတော့ ငွေကျပ်သန်း ၄၀၀ ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ဓာတ်လှေကား တည်ဆောက်ရေးကော်မတီ တာဝန်ခံအင်ဂျင်နီယာ ကိုသိန်းရွှေက ပြောသည်။

> **" ရှေးဟောင်း သမိုင်းဝင် ဆုတောင်းပြည့် ဦးရာဇ်တော် ဓာတ်စေတီတော်မြတ်ကြီးသည် ပုဏ္ဏားကျွန်းမြို့ ကင်းချောင်း တစ်ဖက်ကမ်းတွင် တည်ရှိပြီး ရေလမ်းဖြင့် သော်လည်းကောင်း၊ ကုန်းလမ်းဖြင့် သော်လည်းကောင်း သွားရောက် ဖူးမြော်နိုင်ပြီး အမြင့်ပေ ၁၈၈ ပေ မြင့်သည့် သေလာပိဋ္ဌိပဗ္ဗ တောင်ထိပ်ပေါ်တွင် တည်ထား "**

ဦးရာဇ်တော်ဓာတ်စေတီတော်၏ ဓာတ်လှေကားအမျိုးအစားမှာ အောက်ခြေ Mini Bored Pile & Pile Cap ၊ ဓာတ်လှေကားအိမ်မှာ R.C.C Concrete ၊ လျှောက်လမ်းမှာ သံပေါင် Beam-R.C.C-Slab ၊ ၁၁၅ ပေမြင့်ပြီး လျှောက်လမ်းမှာ အလျား ပေ ၂၀၀ နှင့် အနံ ရှစ်ပေ ရှိကြောင်း သိရသည်။

"အခု ဒီဓာတ်လှေကားကို စေတနာရှင်၊ အလှူရှင်တွေဆီက အလှူငွေကျပ်သိန်း တစ်ထောင်နဲ့ စတင်မတည်ပြီး တည်ဆောက်တာပါ၊ အလှူရှင်တွေဆီက ရလာတဲ့ငွေကို စောင့်ပြီး လုပ်မယ်ဆိုရင် လေး၊ ငါး၊ ခြောက်နှစ်လောက် ကြာနိုင်တာမို့ ဦးလေးတို့ ဂေါပကအဖွဲ့က အစိုးရဆီကို အကူအညီတောင်းတဲ့အခါ ပြည်နယ်အစိုးရက ငွေကျပ်သိန်း ၁၅၀၀ ကူညီလှူဒါန်းပေးမယ်လို့ ပြောပါတယ်၊ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူတွေနဲ့ သက်ကြီးရွယ်အိုတွေ လွယ်လွယ်နဲ့ ချောချောမွေ့မွေ့ ဖူးမြော်နိုင်စေဖို့အတွက် ဓာတ်လှေကားကို တည်ဆောက်တာ ဖြစ်ပါတယ်"ဟု ဦးရာဇ်တော်ဓာတ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွန်းကျော်က ပြောသည်။

ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီးသည် ပုဏ္ဏားကျွန်းမြို့ ကင်းချောင်း တစ်ဖက်ကမ်းတွင် တည်ရှိပြီး ရေလမ်းဖြင့်သော် လည်းကောင်း၊ ကုန်းလမ်းဖြင့်သော် လည်းကောင်း သွားရောက် ဖူးမြော်နိုင်ပြီး အမြင့်ပေ ၁၈၈ ပေမြင့်သည့် သေလာပိဋ္ဌိပဗ္ဗ တောင်ထိပ်ပေါ်တွင် တည်ထားကြောင်း၊ စေတီတော်ဉာဏ်တော်အမြင့်မှာ ၁၅၈ ပေနှင့် လုံးပတ် ၄၀၁ ပေရှိကြောင်း သိရသည်။



ဆုတောင်းပြည့် ဗျာဒိတ်တော်ရ စေတီတော်တစ်ဆူအဖြစ် ထင်ရှား၍ နှစ်စဉ် မတ်လတွင် ဘုရားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဖူးမြော်ရန်ရောက်ရှိလာသည့် ရဟန်း၊ ရှင်လူ၊ ပြည်သူများဖြင့် စည်ကားသည့် စေတီတော်တစ်ဆူဖြစ်ကြောင်းလည်း သိရသည်။

ရခိုင်ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီးနှင့် မိဖုရား ရူစိတာတို့သည် ဘုရားရှင်၏ ဦးခွံတော်ဓာတ်(ဦးရာဇ်ဓာတ်)တော်ကို ဌာပနာပြုလျက် သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်တွင် အမြင့် နွားလား ဥသာပတမော့ ခြောက်တောင်လုံးပတ်၊ မင်းလံ ၂၀ ရှိ ဦးရာဇ်တော်ဓာတ် စေတီတော်မြတ်ကြီးကို စတင်တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ရခိုင်ဘုရင်မင်းအဆက်ဆက် ကိုးကွယ်၍ မွမ်းမံကုသိုလ်ပြုလာခဲ့ကြကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ရသေ့တောင်နှင့် မောင်တောမြို့နယ်တို့မှ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ

မောင်တော နိုဝင်ဘာ ၄

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီး မိကျင်သန်း၊ ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့သို့ သွားရောက်ကာ ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရသေ့တောင်မြို့နယ်သို့ သွားရောက်ပြီး ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ တိုင်းရင်းသားများ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေး၊ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် အရေးကို ပြည်ထောင်စု၏ အရေးကိစ္စသို့ သဘောထားဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီးတို့က ဟိန္ဒူဘာသာဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီးတို့က တိုင်းရင်းသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နှင့် အဖွဲ့သည် ရသေ့တောင်မြို့နယ် မုန်စဲကျွန်းရှိ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယာဝံသအား သွားရောက်ဖူးမြော်ပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့သို့ သွားရောက်ပြီး အမှတ် ၁ နယ်စပ် ကုန်သွယ်ရေး ဝင်၊ ထွက်ဂိတ်စခန်းနှင့် ကညင်ချောင်း ကုန်သွယ်ရေးဇုန်တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့အောင်မြေဗောဓိ အလိုတော်ပြည့် ကျောင်းတိုက်သို့သွားရောက်ကာ မြို့ပေါ်ကယ်ဆယ်ရေးစခန်း လေးခုရှိ တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးမိသားစု၊ မိတ်ဆွေအလှူရှင်များနှင့် ရှင်စောပု မွန်အမျိုးသမီးများ စွမ်းဆောင်ရှင်များအသင်းတို့က ကျေးရွာ ၁၀ ရွာ၊ အိမ်ထောင်စု ၂၂၉ စု၊ လူဦးရေ ၁၄၈၂ ဦးအတွက် ဆန်၊ ဆီ၊ စည်သွပ်ဘူး၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်နှင့် ခြင်ထောင်များ ပေးအပ် လှူဒါန်းသည်။

**သတင်းအဖွဲ့**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ ထိန်းကျောင်းမှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့်အဖွဲ့သည် နိုဝင်ဘာ ၃ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ သွားရောက်၍ တိရစ္ဆာန်စစ်ဆေးရေးစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကညင်ချောင်းကုန်သွယ်ရေးဇုန်နှင့် ပန်းတောပြင်ကျေးရွာရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတို့သို့ ကွင်းဆင်း ဆောင်ရွက်သည်။

ဆက်လက်၍ ခုံတိုင်ကျေးရွာရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ ရောက်ရှိပြီး မွေးမြူသူတောင်သူ(မြို့တိုင်းရင်းသား)များနှင့်တွေ့ဆုံ၍ ဌာနမှ ဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်များ၊ မျိုးမြှင့်သားစပ်ခြင်းဆိုင်ရာများ၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများနှင့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဘူးသီးတောင်မြို့ ပုံမှန်တည်ငြိမ်အေးချမ်းလျက်ရှိ

မောင်တော နိုဝင်ဘာ ၄

**ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့တွင် ယခုအခါ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ ကုန်စည်ကူးသန်းရောင်းဝယ်ကြသူများ၊ ပုံမှန်ဝင်ထွက် သွားလာကြသူများဖြင့် ပြန်လည်စည်ကားလျက်ရှိသည်။**



ဘူးသီးတောင်မြို့၌ နံနက်ပိုင်း ဈေးရောင်း ဈေးဝယ်များ၊ လက်ဖက်ရည်ဆိုင်များ၌ စားသောက်နေသူများဖြင့် ပုံမှန်အတိုင်း စည်ကားနေသည်ကို တွေ့ရစဉ်။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သည် နယ်စပ်မြို့နှင့် နီးစပ်သည့်မြို့ဖြစ်သည်နှင့်အညီ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ကုန်စည်ကူးသန်းကြသူများ အဝင်အထွက်များသည့်အတွက် ဒေသတွင်း ပို့ဆောင်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အထူးကောင်းမွန်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလှသည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှု ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ကုန်စည် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ရပ်တန့်သွားသည့်အတွက် ကုန်စည် ကူးသန်းရောင်းဝယ်သူများ အဝင်အထွက် မရှိတော့သဖြင့် ဒေသတွင်း ပို့ဆောင်ရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများလည်း ကျဆင်းသွားသည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းများလည်း နည်းပါးလျက်ရှိသည်။

**ဈေးများပြန်လည်ဖွင့်လှစ်**

ယနေ့အချိန်တွင် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဘူးသီးတောင်မြို့တွင် ကုန်စည်ကူးသန်း ရောင်းဝယ်ရေး လုပ်ငန်းများ အနည်းငယ် ပြန်လည်အသက်ဝင် လှုပ်ရှားလာသည့်အတွက် မြို့ပေါ်၌ ကုန်စည် ကူးသန်းရောင်းဝယ်သူများ အဝင်အထွက်ရှိလာသဖြင့် ဈေးများ ပြန်လည်ဖွင့်လှစ်နိုင်သကဲ့သို့ ရောင်းဝယ်မှုနှင့် သွားလာမှုများ ပြန်လည်စတင် လှုပ်ရှားမှုများ ရှိလာသည်ကို တွေ့ရသည်။



ဦးတင်ရီ



ဦးမောင်မြသာ

"ဘူးသီးတောင်မြို့ရဲ့ စီးပွားရေးအခြေအနေက အကြမ်းဖက်မှုတွေ မဖြစ်ခင်က တော်တော်လေး ကောင်းပါတယ်၊ တစ်နေ့ကို မော်တော် ၁၀ စီးကနေ ၁၅ စီး လောက်ထိ ဝင်ပါတယ်၊ ဒီ ၂၀၁၇ ခုနှစ်မှာ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေက ရသေ့တောင်မြို့နယ်နဲ့ မောင်တောမြို့နယ်တွေကို ဝင်တိုက်လိုက်တဲ့အခါကျတော့ စီးပွားရေးအခြေအနေက လုံးဝကို ရပ်တန့်သွားပါတယ်။

"ကျွန်တော်တို့ မြို့နယ်ရဲ့ အဓိက စီးပွားရေးလုပ်ငန်းကတော့ ဆန်စပါးပါ၊ နောက်ပြီး ဒေသထွက်ကုန်တွေပါ၊ ငါးခြောက်နဲ့ ဝါး၊ ဓနိတွေလည်း ပါပါတယ်၊ လက်ရှိ စီးပွားရေးအခြေအနေကတော့ တော်တော်လေး ကျဆင်းသွားတာကို တွေ့ရပါတယ်၊ အခုဆိုရင် တစ်နေ့ကို ကုန်တင်ကား တစ်စီးတောင် မထွက်နိုင်တော့ပါဘူး၊ အရင်ကတော့ ကုန်တင်ကား အစီး ၅၀၊ ၆၀ လောက်ထိ သွားနေရပါတယ်"ဟု ဘူးသီးတောင်မြို့ အမှတ် ၇ သဘော်ဆိပ်နေ လုပ်ငန်းရှင် ဦးတင်ရီက ဘူးသီးတောင်မြို့၏ ယခင်နှင့် ယခုစီးပွားရေး အခြေအနေများကို နှိုင်းယှဉ်ပြောပြသည်။



တည်ငြိမ်အေးချမ်းလာသည့် ဘူးသီးတောင်မြို့၌ ဈေးရောင်း ဈေးဝယ်သူများကို တွေ့ရစဉ်။

ဘူးသီးတောင်မြို့နယ်တွင် မြို့ပေါ် ရပ်ကွက် ခုနစ်ရပ်ကွက်ရှိပြီး ကျေးရွာအုပ်စု ၈၅ အုပ်စုရှိကြောင်း၊ လူဦးရေ ခန့်မှန်းခြေ သုံးသိန်းကျော်ရှိပြီး တိုင်းရင်းသားအနေဖြင့် ငါးသောင်းခန့်ရှိကြောင်း သိရသည်။

**အေးချမ်းအောင် လုပ်ပေးစေချင်**

ဆက်လက်၍ ဦးတင်ရီက ၎င်း၏ ဆန္ဒသဘောထားနှင့်စပ်လျဉ်း၍ "အဓိက ပြောချင်တာကတော့ ဒီဒေသကို ပိုပြီး တည်ငြိမ်အေးချမ်းအောင် လုပ်ပေးစေချင်ပါတယ်၊ လုံခြုံရေးကတော့ အဓိကပေါ့၊ လုံခြုံရေး ကောင်းရင် ဒီဒေသက ပိုပြီးတော့ တည်ငြိမ်လာပြီး စီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုပြီးတော့ ဖွံ့ဖြိုးလာမယ်လို့ ယုံကြည်ပါတယ်၊ မြန်မာ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားတွေနဲ့ ရခိုင်တိုင်းရင်းသားတွေဆိုတာ ညီအစ်ကိုတွေပါ၊ ရခိုင်ပြည်သူ ပြည်သားတွေ ဒုက္ခရောက်တဲ့ အချိန်မှာ အားလုံးပါဝင်ပြီး ကူညီလုပ်ကိုင်ပေးစေချင်ပါတယ်"ဟု ထည့်သွင်းပြောကြားသည်။

ဘူးသီးတောင်မြို့နေ မြို့မိမြို့ဖ တစ်ဦးဖြစ်သူ ဦးမောင်မြသာက "ဘူးသီးတောင်မြို့မှာ အခု လောလောဆယ်တော့ တည်ငြိမ်အေးချမ်းနေပါတယ်၊ ဒီဒေသမှာ ဩဂုတ် ၂၅ ရက် နောက်ပိုင်းမှာ အကြမ်းဖက်မှုတွေ ဖြစ်ပေါ်ခဲ့တယ်၊ တပ်မတော်နဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့တွေက ဒေသလုံခြုံရေး ဆောင်ရွက်ပေးတဲ့အတွက် အစွန်းရောက် အကြမ်းဖက်သမားတွေဟာ တစ်ဖက်နိုင်ငံကို ထွက်ပြေးသွားကြတယ်၊ ဒါမှမဟုတ်လည်း တောထဲတောင်ထဲကို ရောက်နေတယ်လို့ထင်ပါတယ်၊ အခုလောလောဆယ်တော့ အေးချမ်းနေပါတယ်၊ နောက်ပိုင်းတော့ ပြောလို့မရဘူး၊ ဘာကြောင့်လဲဆိုတော့ အကြမ်းဖက်သမားတွေက အကြံအစည်ရှိတဲ့အတွက် ပြန်လည် အကြမ်းဖက်လာနိုင်တယ်လို့ ယူဆပါတယ်"ဟု ပြောသည်။

ထို့ပြင် "အဓိက လိုအပ်တာကတော့ လုံခြုံရေးပါ၊ တိုင်းရင်းသားတွေအတွက် လုံခြုံရေး အဓိက လိုအပ်ပါတယ်။ လုံခြုံရေးရှိမှ နေလို့ရမှာပါ၊ လုံခြုံရေး နည်းရင် အကြမ်းဖက်သမားတွေ ပြန်လည်ဝင်ရောက်လာနိုင်တယ်၊ လုံခြုံရေး တင်းတင်းကျပ်ကျပ် ဆောင်ရွက်မှ နောက်ထပ် အကြမ်းဖက်မှုတွေကို မလုပ်နိုင်မှာပါ၊ လုံခြုံရေး အပြည့်အဝရှိမှ တိုင်းရင်းသားတွေ စိတ်ချလက်ချ နေနိုင်မှာ ဖြစ်ပါတယ်" ဟု လည်း ပြောကြားခဲ့သည်။

**ဟန်ချက်ညီညီ ဖွံ့ဖြိုး**

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အစွမ်းကုန်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသဖြင့် မဝေးတော့သည့် အနာဂတ်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များသာမက ပြည်နယ်တစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်မိသည်။

**သတင်း - မော်စီ**
**ဓာတ်ပုံ - ဟန်လင်းနိုင်**

# မောင်တောမြောက်ပိုင်း ကြိမ်ချောင်း ဘုန်းကြီးကျောင်း၌ ခေတ္တ ခိုလှုံနေထိုင်နေသည့် ရခိုင် တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအား သွားရောက် ထောက်ပံ့

**မောင်တော နိုဝင်ဘာ ၄**

မောင်တောခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးမှ စစ်တွေမြို့မှ ပြန်လည်ရောက်ရှိလာပြီး မောင်တောမြောက်ပိုင်း ကြိမ်ချောင်း ဘုန်းကြီးကျောင်း၌ ခေတ္တခိုလှုံနေကြသည့် လောင်းဒုံကျေးရွာအုပ်စု ဖောကီတောင်ကျေးရွာမှ မာရမကြီးလူမျိုး အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၈၂ ဦး၊ နေရပ်စွန့်ခွာ၍ ပြန်လည် ရောက်ရှိလာကြသည့် ကြိမ်ချောင်းကျေးရွာမှ ရခိုင်တိုင်းရင်းသား အိမ်ထောင်စု ၇၅ စု၊ လူဦးရေ ၃၈၈ ဦး၊ ဟိန္ဒူဘာသာဝင်အိမ်ထောင်စု ၅၅ စု၊ လူဦးရေ ၅၅၀ အိမ်ထောင်စု စုစုပေါင်း ၁၅၄ စု တို့ကို ယနေ့ နံနက်ပိုင်းက ဆန်၊ ဆီ၊ ပဲ၊ ငါးသေတ္တာ၊ ကော်ဖီမစ်၊ ခြင်ထောင်နှင့် ခေါက်ဆွဲခြောက်များ သွားရောက် ထောက်ပံ့ပေးခဲ့သည်။ **(အောက်ပုံ)**

စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ နေရပ်သို့ ပြန်လည်ရောက်ရှိလာသည့် ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များသည် မောင်တောမြို့နယ် မြောက်ပိုင်း ကြိမ်ချောင်းဘုန်းကြီးကျောင်း၌ ခေတ္တ ခိုလှုံနေထိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**





# မောင်တောမြို့ ရွေ့လျား ဆေးကုသရေးအဖွဲ့က ဟိန္ဒူဘာသာဝင်များအား ကျန်းမာရေး စောင့်ရှောက်မှုပေး

**စစ်တွေ နိုဝင်ဘာ ၄**

မောင်တောမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မကွေးဆေးတက္ကသိုလ်မှ အထူးကုဆရာဝန်ကြီးများသည် ကညင်တန်း အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ ဟိန္ဒူဘာသာဝင်များအား ယနေ့နံနက်ပိုင်းတွင် ရွေ့လျားဆေးခန်းများဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် ကယ်ဆယ်ရေးစခန်း၌ ရွေ့လျားဆေးခန်း ဖွင့်လှစ်ခြင်းနှင့် H1N1 ကာကွယ်ဆေးထိုးနှံခြင်းတို့ကို ဆောင်ရွက်ကြသည်။ ရွေ့လျားဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ကယ်ဆယ်ရေးစခန်း၌ လူဦးရေ ၂၀၅ ဦးအား ဆေးကုသပေးပြီး ၁၁၃ ဦးကို ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်ရန် ရည်ရွယ်၍ ရွေ့လျားဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်တွင် အမျိုးသမီးတစ်ဦး မိကျောင်းကိုက်ခံရ

**ဘိုကလေး နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ စက်ဆန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ၌ ကဏန်းထောင် လုပ်ကိုင်စားသောက်သူ ကိုသန့်ဇော်၏ ဇနီးဖြစ်သူ မအိဖြူ(၂၅ နှစ်)သည် နိုဝင်ဘာ ၁ ရက်တွင် မိကျောင်းကိုက်ခံရပြီး သေဆုံးသွားကြောင်း သိရသည်။

**မိကျောင်းကိုက်ခံရ**

နိုဝင်ဘာ ၂ ရက်တွင် ဘိုကလေးမြို့ မြို့မရဲစခန်း၌ ရဲအုပ်ဝင်းကျော် တာဝန်ထမ်းဆောင်နေစဉ် ကိုသန့်ဇော်က ၎င်း၏ဇနီး မအိဖြူသည် မိကျောင်းကိုက်ခံရ၍ အလောင်းကို ဘိုကလေးမြို့ ခုတင် ၁၀၀ ဆေးရုံသို့ ရောက်ရှိနေကြောင်း တိုင်ကြားခဲ့သည်။

ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရာ နိုဝင်ဘာ ၁ ရက်တွင် ကိုသန့်ဇော်သည် မိန်းမလှကျွန်းထဲသို့ ကဏန်းထောင်ရန် ထွက်ခွာသွားစဉ် ဇနီးဖြစ်သူ မအိဖြူနှင့် သားဖြစ်သူ မောင်အောင်ခန့် ရှစ်လသားတို့သည် မိကျောင်းခေါင်းပုတ်သစ်တောစခန်းရှိ ယာယီတဲ၌ ကျန်ရစ်ခဲ့သည်။ ညနေ ၄ နာရီတွင် မိကျောင်းခေါင်းပုတ်သစ်တောစခန်း၌ အလုပ်အတူ လုပ်ကိုင်နေသူ ညီတော်စပ်သူ မောင်မိုးမှာ ကိုသန့်ဇော်ထံ ရောက်ရှိလာပြီး မွန်းတည့် ၁၂ နာရီခန့်တွင် ကိုသန့်ဇော်၏ ဇနီးဖြစ်သူ မအိဖြူမှာ ယာယီတဲအနီးရှိ ကမ်းစပ်သို့ ရေဆင်းခတ်စဉ် မိကျောင်းဆွဲသွားကြောင်း၊ ကိုသန့်ဇော်က လိုက်လံရှာဖွေရာ ညနေ ၅ နာရီခွဲတွင် ဒေါင့်ချောင်း ချောင်းဖျားရေထဲ၌ မအိဖြူအလောင်းကို ဒဏ်ရာများဖြင့် တွေ့ရှိရကြောင်း၊ ၆ နာရီခွဲတွင် အလောင်းအား စက်ဆန်း တိုက်နယ်ဆေးရုံသို့ သွားရောက်ပို့ဆောင်ရာ သူနာပြုဆရာမက ဘိုကလေး ခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ရန် ညွှန်ကြားသဖြင့် စက်လှေဖြင့် သယ်ဆောင်လာရာ နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီတွင် ဘိုကလေးမြို့ခုတင် ၁၀၀ ဆေးရုံသို့ ရောက်ရှိကြောင်း သိရသည်။

**သေမှုသေခင်းဖွင့်**

မအိဖြူ သေဆုံးမှုအား ရဲအုပ်ဝင်းကျော်၏ တိုင်တန်းချက်အရ ဘိုကလေးမြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိပြီး ည ၇ နာရီခွဲတွင် ဘိုကလေးမြို့ ခုတင် ၁၀၀ ဆေးရုံသို့ ဆေးစာဖြင့် တင်ပို့ထားကြောင်း သိရသည်။ **ဌေးနိုင်(ဘိုကလေး)**

# တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး အဆောက်အအုံအနီး ဦးခေါင်းခွံနှင့် အရိုးစုများ တွေ့ရှိသဖြင့် စစ်ဆေးနေ

**ထားဝယ် နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆန်းချိုတိုးချဲ့ရပ် တိုင်းဒေသကြီးလွှတ်တော်ရုံးအဆောက်အအုံ၏ အနောက်ဘက်တွင် နိုဝင်ဘာ ၃ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က အမည်မသိ ကျား၊ မ ခွဲခြား၍ မရသော ဦးခေါင်းခွံနှင့်လူရိုးစုများ ပြန့်ကျဲနေသည်ကို တွေ့ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းနှင့် ပူးပေါင်းအဖွဲ့များ သွားရောက်စစ်ဆေးရာ ဦးခေါင်းခွံနှင့် ယင်းအနီး အဝတ်အထည်များအတွင်း အရိုးစုများတွေ့ရှိရပြီး အနီးတစ်ဝိုက်၌ အရိုးများပြန့်ကျဲနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ အဆိုပါ အရိုးစုများအား စုစည်း၍ ဦးခေါင်းခွံနှင့် အရိုးစုများအား ကျား၊ မ ခွဲခြားစစ်ဆေးပေးနိုင်ရန်အတွက် ထားဝယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမည်မသိ ကျား၊ မ ခွဲခြားမရသော ဦးခေါင်းခွံနှင့် အရိုးစုများ တွေ့ရှိခြင်းကို စစ်ဆေးနိုင်ရန် ထားဝယ်မြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ကလေးအထူးကုဆရာဝန်တစ်ဦး၏ နေအိမ်ဆေးခန်း မီးလောင်

**ကော့ကရိတ် နိုဝင်ဘာ ၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ နိုဝင်ဘာ ၃ ရက် ညပိုင်းက ကလေးအထူးကုဆရာဝန်တစ်ဦး၏ နေအိမ်ဆေးခန်းရှိ ရေခဲသေတ္တာ မီးထိန်းစက်မှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝိုင်းဝန်းငြိမ်းသတ်**

ဖြစ်စဉ်မှာ နိုဝင်ဘာ ၃ ရက် ည ၁၀ နာရီ ၁၅ မိနစ်က ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ပန်းခြံလမ်းရှိ မြင့်မိုရ်ဆေးခန်းတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်း ဦးစီးသည့်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်လေးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ပတ်ဝန်းကျင် နေအိမ်ဆိုင်ခန်းများအား မီးကူးစက်ခြင်းမရှိဘဲ ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံး**

မီးလောင်မှုအကြောင်းအရင်းအား စစ်ဆေးခဲ့ရာ ဒေါက်တာ ဒေါ်နိုင်အေးသက် ကလေးအထူးကုဆရာဝန်၏ နေအိမ်ဆေးခန်းဖြစ်သော မြင့်မိုရ်ဆေးခန်း အတွင်းရှိ ရေခဲသေတ္တာ မီးထိန်းစက်မှ ဝိုင်ယာရှော့ဖြစ်ကာ မီးစတင်လောင်ခဲ့ခြင်း ဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ်ဆိုင်ခန်းအတွင်းရှိ ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဒေါက်တာ ဒေါ်နိုင်အေးသက်အား ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းသူ၊ တင်ဝင်းလှိုင်(ကော့ကရိတ်)**

# စတိတ်ရှိုး လာရောက်ကြည့်ရှုသူများထံမှ ဓားဦးချွန်များသိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော် တပ်ကုန်းမြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်၌ စတိတ်ရှိုး လာရောက်ကြည့်ရှုသူများထံမှ ဓားဦးချွန်များ သိမ်းဆည်းရမိခဲ့သည်။

ယနေ့ နံနက် ၀၀ း ၃၀ နာရီက ရှောင်ဟိုးလမ်းဆုံ စတိတ်ရှိုးဖျော်ဖြေရေး ယာဉ်အနီး၌ ညောင်တုန်းအိုင်ကျေးရွာနေ ချစ်စန်းမောင်(ခ) ပြုံးချို (၂၃နှစ်)ထံမှ အရိုးအသွား ကိုးလက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ သဲဖြူကျေးရွာနေ မောင်လင်း(၂၅နှစ်)ထံမှ အရိုးအသွား တစ်ပေခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် တစ်ရွာတည်းနေ နေလင်း (၂၉နှစ်)ထံမှ အရိုးအသွား ၁၁ လက်မခွဲခန့်ရှိ ဓားဦးချွန် တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့သုံးဦးအား တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# လုယက်မှု ကျူးလွန်သူများအား ဖမ်းဆီးစစ်ဆေးရာမှ နောက်ထပ် လုယက်မှုများ ဖော်ထုတ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း အောက်တိုဘာလအတွင်းက အငှားယာဉ်ပေါ်တွင် လုယက်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးစစ်ဆေးရာမှ နောက်ထပ်ကျူးလွန်ထားသည့် လုယက်မှုများ ဖော်ထုတ်ရရှိခဲ့သည်။

အောက်တိုဘာ ၂၄ ရက် ည ၈ နာရီခွဲက ဒေါ်------ ကမာရွတ်မြို့နယ် နေသူသည် စမ်းချောင်းမြို့နယ် ဗားကရာလမ်းထောင့်မှ နေအိမ်သို့ပြန်ရန် အငှားယာဉ်ကို စီးရာ



ကြည့်မြင်တိုင်မြို့နယ် ညဈေးအနီးအရောက် အငှားယာဉ်နောက်ခန်းတွင် ပုန်းလျှိုးလိုက်ပါလာသူ အမျိုးသားတစ်ဦးက ဒေါ်---၏ လည်ပင်းအား သံကြိုးဖြင့် သိုင်း၍ ဝက်အူလှည့်ဖြင့်ထောက်ကာ ၎င်းဝတ်ဆင်ထားသော ရွှေထည်များနှင့် လက်ကိုင်ဖုန်းတစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၀၀၀၀၀ ခန့်အား ယူဆောင်ပြီး သာကေတမြို့နယ် ရှုခင်းသာပတ်လမ်းပေါ်အရောက် ယာဉ်ပေါ်မှတွန်းချခဲ့သဖြင့် ဒေါ်---မှ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူတို့အား အရေးယူပေးရန် တိုင်တန်း၍ သာကေတမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်အား ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများ မောင်းနှင်အသုံးပြုခဲ့သည့် အငှားယာဉ်ကိုသိရှိနိုင်ရေးအတွက် CCTV Control Centre တွင် ကြည့်ရှုခဲ့ရာ ယာဉ်အမှတ် 2F/---- Probox အမျိုးအစား အငှားယာဉ်ကို မသင်္ကာဖွယ် စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ ယာဉ်အား စုံစမ်းခဲ့ရာ ယာဉ်ပိုင်ရှင်မှာ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်းနေ ဒေါ်----မှ လှိုင်မြို့နယ် ၁၂ ရပ်ကွက်နေ ဦး----- ထံသို့ တစ်လလျှင် ငွေကျပ် ၃၀၀၀၀၀ ဖြင့် ငှားရမ်းခဲ့ကြောင်း သိရှိခဲ့ရပြီး ငှားရမ်းသူ ဦး------ နေအိမ်သို့ သွားရောက်စုံစမ်းရာ အခင်းဖြစ်နေ့က ၎င်း၏ညီဖြစ်သူ အတူနေ ဇော်မင်းထွန်း (၃၅နှစ်) မောင်းနှင်ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဇော်မင်းထွန်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၆ ရက် နံနက် ၁၁ နာရီက ကြည့်မြင်တိုင် မြို့နယ် ညဈေးလမ်းထိပ်တွင် ဖမ်းဆီးရမိပြီး ၎င်းအား စစ်ဆေးရာ ပြစ်မှုကျူးလွန်စဉ်က ပါဝင်သူ စိုးထွေး (၂၉နှစ်)အား ၎င်းနေထိုင်ရာ လှိုင်သာယာမြို့နယ်၊ ရေဥက္ကံကျေးရွာ အောင်မင်္ဂလာလမ်းရှိ အဆောင်တွင် ဖမ်းဆီးရမိခဲ့သည်။

မှုခင်းဖော်ထုတ်ရေး တပ်ဖွဲ့ဝင်များက ၎င်းတို့နှစ်ဦးအား စစ်ဆေးရာ အောက်တိုဘာ ၂၀ ရက် နံနက် ၃ နာရီခွဲ က လှိုင်သာယာမြို့နယ် ဒဂုံရောအဝေးပြေးဝင်းသို့ ယာဉ်ငှားရမ်းစီးသူ အသက် (၅၀နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးထံမှ ရွှေလက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၁၀၀၀၀၀ တို့ အား လုယက်ခဲ့ကြောင်း ပေါ်ပေါက်၍ လှိုင်သာယာမြို့မရဲစခန်းတွင် ထပ်မံ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှိန်လွန်ယာဉ်က လူသုံးဦးအား တိုက်မိပြီးနောက် တိမ်းမှောက်၍ သုံးဦးသေ၊ ၁၅ ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံသာယာကျေးရွာအနီး ကလေး-တမူးကားလမ်း၌ နိုဝင်ဘာ ၃ ရက် နံနက် ၂ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကာ သုံးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ စခန်းကြီးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အဆိုပါကားလမ်းအတိုင်း တောင်မှ မြောက်ဘက်သို့ ကံကြီးကျေးရွာနေ ဝင်းကို(၂၂နှစ်) မောင်းနှင်လာသော 4H/---- NISSAN DYNAယာဉ်သည် အခင်းဖြစ်နေရာအရောက် လားရာတူ အရှေ့မှ လမ်းလျှောက်နေသည့် တစ်ရွာတည်းနေ ဒေါ်စန်းဌေး(၄၅နှစ်)၊ မအေးချမ်းမေ (၂၅နှစ်)နှင့် မောင်ခန့်သူရအောင် (၂ နှစ်)တို့အား အရှိန်မထိန်းနိုင်ဘဲတိုက်မိပြီး အခင်းဖြစ်နေရာတွင် သုံးဦးစလုံး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထို့နောက် အဆိုပါယာဉ်က လမ်းဘေးရှိ သစ်ပင်အား ထပ်မံဝင်ရောက်တိုက်မိကာ ယာဉ်တိမ်း မှောက်သွားသဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ကံကြီးကျေးရွာနေ မသက်သက်ဆွေပါ ၁၅ ဦးတို့တွင် ဒဏ်ရာရရှိခဲ့သောကြောင့် ဝင်းကိုအား ကလေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# နေအိမ်၌ ဆိုင်ကယ်ပြင်နေသူ တစ်ဦး လက်လုပ် တူမီးသေနတ် ပစ်ခံရ၍ သေဆုံး

**မြိတ် နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာတွင် နိုဝင်ဘာ ၃ ရက် ည ၉ နာရီခန့်က နေအိမ်၌ဆိုင်ကယ်ပြင်နေသူတစ်ဦးအား အမည်မသိ လူတစ်ဦးက တူမီးသေနတ်ဖြင့်ပစ်ခတ်ပြီး ထွက်ပြေးသွားခဲ့ရာမှ သေနတ်ပစ်ခံရသူ သေဆုံးသွားခဲ့ကြောင်း မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၃ ရက် ည ၉ နာရီခန့်က သားပု (ခ) ဝေဖြိုး (၂၇နှစ်) သိန်ခွန်းကျေးရွာ တနင်္သာရီမြို့နယ်နေသူသည် နေအိမ်အောက်ထပ်၌ ဆိုင်ကယ်ပြင်နေစဉ်တွင် နေအိမ်အောက်မှ သေနတ်သံကြားရပြီး ဇနီးဖြစ်သူ မမိပု(ခ)မစန်းဝေအား သားပု(ခ)ဝေဖြိုးက ၎င်းမှာ သေနတ်ဖြင့် အပစ်ခံရကြောင်းပြောပြီး နေအိမ်အပေါ်သို့ ပြေးတက်စဉ် လှေကားနှစ်ထစ်အရောက်၌ အောက်သို့ ပြုတ်ကျသွားခဲ့ကြောင်း၊ ထို့နောက် မမိပု(ခ)မစန်းဝေက ခင်ပွန်းဖြစ်သူထံ သွားရောက်ကြည့်ရှုရာ ကျောကုန်းတွင် ခဲသီးဖောက်ဝင်ဒဏ်ရာ ကိုးချက်ရရှိကာ သေဆုံးသွားကြောင်း သိရသည်။

ယင်းနောက် သေဆုံးသူ သားပု(ခ)ဝေဖြိုး၏ အလောင်းအား မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး မမိပု (ခ)မစန်းဝေက ၎င်း၏ခင်ပွန်းဖြစ်သူအား တူမီးသေနတ်ဖြင့် ပစ်ခတ်သွားသူအား စုံစမ်းအရေးယူ ဆောင်ရွက်ပေးပါရန် တိုင်တန်းသဖြင့် မောတောင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ချန်ပီယံဆု သုံးခုရ ရှမ်းယူနိုက်တက်အသင်း ပြည်နယ်ဝန်ကြီးချုပ်ထံ ဖလားများ အပ်နှံ

**တောင်ကြီး နိုဝင်ဘာ ၄**

၂၀၁၇ ရာသီ MNL ပြိုင်ပွဲများတွင် ချန်ပီယံဆုသုံးခုရ ရှမ်းယူနိုက်တက်အသင်း၏ ဆုဖလားအပ်နှံပွဲကို ယနေ့ ညနေပိုင်းက တောင်ကြီးမြို့ရှိ အဝေရာ မီးပုံးပျံကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ရှမ်းယူနိုက်တက် ဘောလုံးအသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထော်၊ အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထော်၊ နည်းစနစ် ဒါရိုက်တာ ဦးဆန်းဝင်း၊ နည်းပြချုပ် ဦးစိုးမြတ်မင်းနှင့် ကစားသမားများက ၂၀၁၇ ရာသီတွင် ဆွတ်ခူးရရှိခဲ့သည့် MNL အမှတ်ပေး ချန်ပီယံဆု၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီး ထွက် ချန်ပီယံဆုနှင့် MNL ယူ-၁၉ အမှတ်ပေး ချန်ပီယံဆုတို့ကို အပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် အောင်ပွဲရ ရှမ်းယူနိုက်တက် အသင်းအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ရှမ်းယူနိုက်တက်အသင်းသည် အသင်းအား အစဉ်တစိုက်အားပေးနေသည့် ဒေသခံ ပရိသတ်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အိုင်းရင်းခရော့စ် တီးဝိုင်းနှင့်အတူ လေးဖြူ၊ အငဲ၊ မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၇ ရာသီတွင် စီနီယာအသင်း၊ ယူ-၂၁ အသင်း၊ ယူ-၁၉ အသင်း သုံးသင်းဖြင့် ပြိုင်ပွဲလေးခုတွင် ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံဆု သုံးခုနှင့် ဒုတိယဆုတစ်ခု ရရှိခဲ့သည်။

ရှမ်းယူနိုက်တက် စီနီယာအသင်းသည် MNL အမှတ်ပေး ချန်ပီယံဆု နှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှီး ထွက် ချန်ပီယံ ဆု၊ ယူ-၁၉ အသင်းက MNL ယူ-၁၉ အမှတ်ပေး ချန်ပီယံဆု၊ ယူ-၂၁ အသင်းက MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုတို့ ရရှိခဲ့သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**



# တတိယအကြိမ် ကျင်းပသည့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် တူးတူးနှင့် စောငမန်းတို့ အနိုင်ရရှိပြီး စိုးလင်းဦးက ပြိုင်ဘက်ကို အလဲထိုး အနိုင်ယူ



**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာ လက်ခမောင်းက တတိယအကြိမ် စီစဉ်ကျင်းပသည့် World Lethwei Championship (WLC) ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ ၁ ၌ ယနေ့ ညနေပိုင်းက ကျင်းပခဲ့သည်။

အဓိကပွဲစဉ်ဖြစ်သည့် မစ်ဒယ်ဝိတ်(၇၁-၇၅ ကီလို)တန်းတွင် မြန်မာ့ရိုးရာ လက်ဝှေ့ ပထမတန်း လက်ဝှေ့ကျော် တူးတူးနှင့် ဩစတြေးလျနိုင်ငံသား မိုက်ကယ်ဘာဒါတိုတို့၏ပွဲမှာ သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ရင်း **(ဝဲပုံ)** ပွဲချိ ငါးချိ ပြည့်သည်အထိ အနိုင်အရှုံးမပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ တူးတူးက အနိုင်ရရှိပြီး ချန်ပီယံ ရွှေခါးပတ် ဆွတ်ခူးခဲ့သည်။

နောက်ထပ် အဓိကပွဲစဉ်တစ်ခုဖြစ်သည့် (၇၅-၇၉ ကီလို)တန်းတွင် မြန်မာနိုင်ငံ အလွတ်တန်း ချန်ပီယံဟောင်း တစ်ကျော့ပြန် ဝါရင့် လက်ဝှေ့ကျော် စောငမန်းနှင့် ဩစတြေးလျနိုင်ငံသား အယ်ဒီဖာရယ်(ဩစတြေးလျ)တို့၏ပွဲမှာလည်း သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ရင်း ပွဲချိ ငါးချိပြည့်သည်အထိ အနိုင်အရှုံး မပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ခဲ့ရာ စောငမန်းက အနိုင်ရရှိခဲ့သည်။

လိုက်မစ်ဒယ်ဝိတ် (၆၇-၇၁ ကီလို)တန်းတွင် စိုးလင်းဦးနှင့် ယူဂန္ဓာနိုင်ငံသား Umaer Semata တို့ပွဲတွင် ဒုတိယအချီ၌ စိုးလင်းဦး၏ ညာဖြောင့်လက်သီးဖြင့် Umaer Semata ကို အလဲထိုးအနိုင်ရရှိခဲ့သည်။

လိုက်မစ်ဒယ်ဝိတ် (၆၇-၇၁ ကီလို)တန်း၏ ပြည်ပ မွေ့ထိုင်းလက်ဝှေ့ကျော်များ ပွဲတွင် Artur Saładiak(ပိုလန်)နှင့် Alex Bublea (ရိုမေးနီးယား)တို့ပွဲမှာ နှစ်ဦးစလုံး လက်ရည်တူညီသော်လည်း အမှတ်ဖြင့်ဆုံးဖြတ်ကာ Artur Saładiak (ပိုလန်)က အနိုင် ရရှိသွားသည်။ သွေးသစ်ဝင်းလှိုင်(Adventure)နှင့် ရှမ်းကို (ဝင်းထွန်း)တို့ပွဲတွင် သွေးသစ်ဝင်းလှိုင်၏ ညာခြေကန်ချက်ဖြင့် ပထမအချီ၌ ရှမ်းကို (ဝင်းထွန်း) အား အနိုင်ရရှိခဲ့သည်။ ဖိုးလပြည့် (မြန်မာ)နှင့် Rin Saroth (ကမ္ဘောဒီးယား)တို့ပွဲတွင် ပထမ၊ ဒုတိယအချီ၌ နှစ်ဦးစလုံး အမှားမခံဘဲ စောင့်ထိုးခဲ့သော်လည်း တတိယအချီတွင် ဖိုးလပြည့်၏ ဘယ်၊ ညာ လက်သီးတွဲလုံးများက Rin Saroth ၏ မျက်နှာနှင့် ဗိုက်ကို ပစ်သွင်းခဲ့သဖြင့် ဖိုးလပြည့် အနိုင်ရရှိခဲ့သည်။

ဖယ်သာဝိတ် (၅၄-၅၇ ကီလို)တန်းတွင် မိုက်ရိုင်း(ရွှေဖူး)က ဖကျော်ဟဲ (မြဝတီ)ကို ဒုတိယအချီတွင် အနိုင်ရရှိခဲ့ပြီး လိုက်ဝိတ်(၅၇-၆၀ ကီလို)တန်းတွင် ချစ်မောင်မောင် (တောင်ကလေး)က ဒိုးလေး(ရိုးရာပုဂံ)ကို အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**





ပြည်တွင်း/ပြည်ပ – အလုပ်အကိုင်ရှာနေသူများ အတွက်
အလွယ်တကူ အလုပ်အကိုင်ရရှိစေပြီး လစာကောင်းစေဖို့...
**ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း**
(နေ့စရိုက်/စားစရိုက်/သွားစရိုက်)-ဖြစ် ✣ စာတွေ့/လက်တွေ့ကျွမ်းကျင်မှု
အချိန်ပြည့် တစ်လ ➡ ရက် (၃၀) သင်တန်း အလယ်တန်းအောင်အထက် (ကျား/မ)
**အခြေခံအင်ဂျင်နီယာ သင်တန်း (B.E.C)**
(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း–(၅) မျိုးပါဝင်သည်။
(5)weeks ➡ တနင်္လာ မှ စနေနေ့ထိ (အချိန်ပြည့်) အလယ်တန်းအောင်အထက် (ကျား)
ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်များရရှိထားသော
**သုခစုစံ ✣ အသက်မွေးပညာသင်တန်းကျောင်း ✣**
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၁၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph : (01)377343 ,377344 ,www.tkss.com.mm, Fb- TKSS99

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/3990 Toyota Corolla Axio NZE 141 S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွဋ် ၁၂/မဂတ(နိုင်)၀၇၃၃၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော် အထက၊ အဌမတန်း(B)မှ မောင်ချမ်းသာကျော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၁၂/ကမန(နိုင်)၀၄၅၂၃၇ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**

**ဗိုလ်တထောင်မြို့နယ်(၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၅၅)၊ လေးလွှာ(A)နှင့် ပတ်သက်၍အများသိစေ၊ သတိပြုမိစေရန် အသိပေးကြေညာချက်**

ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရက်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၅၅)၊ လေးလွှာ(A)နှင့် အကျယ်အဝန်းအားဖြင့် (၂၅×၆၀)ပေရှိ အခန်းနှင့်ပတ်သက်၍ ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံးတွင် ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅၃ဖြင့် ကျွန်မမှ တရားရေးဝန်ထမ်းအဆင့်(၂)၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုစန်း အပါအဝင်(၄)ဦး အပေါ် စွဲဆိုထားမှုမှာ မပြီးပြတ်သေးဘဲ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၁၆ခုနှစ်၊ တရားမပထမအယူခံအမှတ်-၃၃၃ဖြင့် အယူခံမှု တင်သွင်းထားရာ တရားလွှတ်တော်မှ ၇-၉-၂၀၁၆ရက်တွင် နှစ်ဖက်ကြားနာရန် လက်ခံထားပြီးဖြစ်သဖြင့် အခန်းကိစ္စမပြီးပြတ်သေးပါကြောင်း အများသိရှိ သတိပြုမိစေရန်ကြားသိရသော အချက်များအရ အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်ငြိမ်းရီ ၁၂/ဗတထ(နိုင်)၀၀၆၈၉၂**
**အမှတ်(၉၄၃)၊ လေးလွှာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊**
**မရမ်းကုန်းမြို့နယ်**

**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၆၈) မြေယာအမှတ်(268)၊ မြေဧရိယာ (၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန်သစ် အမည်ပြောင်း လျှောက်ထားနိုင်ရေး ဒေါ်ရောက်ချောင်း ၁၃/မဆတ(နိုင်)၀၂၉၀၂၆ မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရောက်ချောင်း**
**၁၃/မဆတ(နိုင်)၀၂၉၀၂၆**
**အမှတ်(၁၀၆)၊ ၁၉-လမ်း၊**
**ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့**

# အမေရိကန်သမ္မတ မြောက်ကိုရီးယား နျူကလီးယားအရေး အကူအညီရရှိရန်အာရှခရီးစဉ် ထွက်ခွာ

**ဝါရှင်တန် နိုဝင်ဘာ ၄**

နျူကလီးယားအကျပ်အတည်းပြဿနာမှ နုတ်ထွက်ဖို့အရေး မြောက်ကိုရီးယားကို ဖိအားပေးရန် အကူအညီရလိုရငြား အမေရိကန်သမ္မတ တစ်ဦးအနေဖြင့် ရာစုနှစ်လေးပုံပုံတစ်ပုံကျော်အတွင်း အာရှသို့ ခရီးရှည်ထွက်မည့် ဒေါ်နယ်ထရန့်အနေဖြင့် ဟာဝိုင်ယီသို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဲယားဖို့စ်ဝမ်း လေယာဉ်သည် ပူးတွဲစစ်အခြေစိုက်စခန်း ဟစ်ကမ်သို့ ရောက်ရှိချိန်တွင် အမေရိကန်သမ္မတ ထရန့်နှင့် သမ္မတကတော် မယ်လနီယာတို့သည် ရှင်းလင်းဆောင်ကမ့်စမစ်သို့ သွားရောက်ခဲ့ပြီး ပစိဖိတ်တိုင်းစစ်ဌာနချုပ်ခေါင်းဆောင်များ၏ ရှင်းလင်းချက်များကို နားထောင်ခဲ့သည်။

ထို့နောက် ပုလဲဆိပ်ကမ်းနှင့် အမေရိကန်ရေတပ်အခြေစိုက်စခန်းကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်တို့က ဗုံးကြဲခဲ့သောကြောင့် ကျဆုံးသွားသော အမေရိကန်ရေတပ်သားများအတွက် အမှတ်တရနေရာဖြစ်သော ယူအက်စ်အက်စ် အရီဇိုနားသို့ သွားရောက်ခဲ့သည်။

အမေရိကန် သမ္မတ၏ ၁၂ ရက်ကြာ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်ခရီးစဉ်သည် လာမည့်နိုဝင်ဘာ ၁၄ ရက်တွင်ပြီးဆုံးမည်ဖြစ်သည်။ အဆိုပါ ခရီးစဉ်သည် အမေရိကန် သမ္မတအနေဖြင့် ဝါရှင်တန်ရှိ ဘဲဥပုံရုံးခန်းထဲမှ မြောက်မြားစွာသော အရေးကိစ္စများနှင့် လုံးလည်ချာလည်လိုက်နေသည့် အခြေအနေကိုခဏတာ စိတ်သက်သာရစေမည့်ခရီးစဉ် ဖြစ်သည်။

အဆိုပါ လုံးလည်ချာလည်လိုက်နေသော ကိစ္စများတွင် လွန်ခဲ့သော အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ရုရှားတို့၏ ကြားဝင်ရှုပ်မှုများအပေါ် စုံစမ်းစစ်ဆေးမှုများကြီးထွားလာသည့် အကြောင်းရင်းများ၊ ယခုရက်သတ္တပတ် အစောပိုင်း၌ ဖြစ်ပွားခဲ့သော လူရှစ်ဦး သေဆုံးခဲ့သည့် အမေရိကန်နိုင်ငံ နယူးယောက်မြို့တိုက်ခိုက်မှုဖြစ်စဉ်အပေါ် စုံစမ်းဖော်ထုတ်မှုများ၊ ရီပတ်ဘလစ်ကန် အခွန်ဖြတ်တောက်သည့် အစီအစဉ်အပေါ် အငြင်းပွားမှုများစသည့် ပြဿနာပေါင်းသောင်းခြောက်ထောင်လည်း ပါဝင်ကြောင်း သိရသည်။

နိုဝင်ဘာ ၄ ရက်တွင် ထရန့်သည် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ထိုမှတစ်ဆင့် တောင်ကိုရီးယားသို့ ခရီးဆက်လက်ထွက်ခွာမည် ဖြစ်သည်။ ပေကျင်း၌



တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံမည့်အခါတွင် ထရန့်အနေဖြင့် ပြုံယမ်းအပေါ် တင်းတင်းကျပ်ကျပ်ကိုင်တွယ်ရန် ရှီကို မေတ္တာရပ်ခံမည်ဖြစ်ကြောင်း သိရသည်။ ဖောက်စ်နှင့် တွေ့ဆုံသည့်အင်တာဗျူးစဉ်တွင် ထရန့်က မြောက်ကိုရီးယားအရေးသည် အလွန်ကိုင်တွယ်ရခက်သည့် ကိစ္စဖြစ်ကြောင်း ပြောခဲ့သည်။

ထို့နောက်အမေရိကန်သမ္မတ ထရန့်သည် ဗီယက်နမ်နိုင်ငံ ဒါနန်၌ ကျင်းပမည့် အာရှ- ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့တက်ရောက်မည်ဖြစ်သည်။

ထို့နောက် ဟနွိုင်းမြို့သို့ သီးခြားသွားရောက်လည်ပတ်မည်ဖြစ်ပြီး ခရီးစဉ် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**

# ထရန့် ရွေးကောက်ပွဲလှုပ်ရှားသူတစ်ဦး ရုရှားအရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း နယူးယောက်တိုင်းမ်ဖော်ပြ



**ဝါရှင်တန် နိုဝင်ဘာ ၄**

ဒေါ်နယ်ထရန့်၏ ရွေးကောက်ပွဲလှုပ်ရှားမှုဆိုင်ရာ နိုင်ငံခြားမူဝါဒရေးရာအကြံပေးဖြစ်သူသည် ယမန်နှစ်က ရုရှားအစိုးရအရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း၊ ယခုရက်သတ္တပတ်တွင် အမေရိကန်ကွန်ဂရက်ကော်မတီသို့ပေးပို့သော သက်သေခံချက်ကို ကိုးကားပြီး နယူးယောက်တိုင်းမ်က ပြောခဲ့သည်ဟု ရိုက်တာသတင်းက နိုဝင်ဘာ ၄ ရက်တွင် ဖော်ပြခဲ့သည်။

မကြာသေးမီ လများအတွင်းက မြောက်မြားစွာသော မီဒီယာအင်တာဗျူးများတွင် အကြံပေး ကာတာပေ့ချ်က မော်စကိုသို့ သွားရောက်ခဲ့သော ၂၀၁၆ ခရီးစဉ်အတွင်း ရုရှားအစိုးရ အရာရှိများနှင့်တွေ့ဆုံခဲ့ခြင်းကို ဝန်ခံခြင်းမရှိသလို သို့မဟုတ် ငြင်းဆိုခြင်းလည်း အလျှင်းမရှိခဲ့ပေ။ ၎င်းက ပညာရှင်များနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းတွင် ဆက်လက်ဖော်ပြခဲ့သည်။

ရုရှား အစိုးရအရာရှိများ၊ အခြားသူများနှင့် တွေ့ဆုံပြီးနောက် ပေ့ချ်က သူ၏ သဘောတရားကို ဖော်ပြသည့် အီးမေးလ်တစ်စောင်ကို ထရန့် ရွေးကောက်ပွဲလှုပ်ရှားသူ အနည်းဆုံး တစ်ဦးထံသို့ ပေးပို့ခဲ့ကြောင်း တိုင်းမ်သတင်းတွင် ဆက်လက်ဖော်ပြခဲ့သည်။

အဆိုပါအီးမေးလ်ကို အောက်လွှတ်တော် စုံစမ်းစစ်ဆေးရေးကော်မတီ၌ တံခါးပိတ်သက်သေခံချက်ထွက်ဆိုသည့်အခါ ကျယ်ကျယ်လောင်လောင်ဖတ်ပြခဲ့ကြောင်း၊ ၎င်းသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲအတွက် အကြံပြုချက်ပေးရန် ရုရှား၏စုံစမ်းအားထုတ်မှု ဖြစ်ကြောင်း တိုင်းမ်သတင်းစာတွင် ဆက်လက်ဖော်ပြခဲ့သည်။ ရုရှားက ထရန့် ရွေးကောက်ပွဲတွင် ပါဝင်နှောင့်ယှက်ခြင်းမရှိဟု ပြောခဲ့သည်။ ထို့အတူ ထရန့်ကလည်း စွပ်စွဲမှုများကို ငြင်းဆိုထားကြောင်း သိရသည်။

ယမန်နေ့က တိုင်းမ်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပေ့ချ်က ရုရှားနှင့် တွေ့ဆုံမှုများ၏ အရေးပါမှု သို့မဟုတ် ရည်ရွယ်ချက်အပေါ် လျှော့ချခဲ့ကြောင်း သိရသည်။ “လူအနည်းငယ်လောက်ကို နှုတ်ဆက်ခဲ့ရုံပါပဲ၊ ကျွန်တော်တွေ့ခဲ့တဲ့ လူများအနက်တစ်ဦးကတော့ အဆင့်မြင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်”လို့ ပေ့ချ်က ပြောခဲ့သည်။

သို့သော်လည်း ၎င်းတွေ့ဆုံခဲ့သည့် လူနှင့် ပတ်သက်သည့် မည်သူမည်ဝါဖြစ်ကြောင်း ပြောကြားခဲ့ခြင်းမရှိပါဘူးဟု တိုင်းမ်သတင်းတွင် ဆက်လက်ဖော်ပြခဲ့သည်။

**ရိုက်တာ**

## ကျူးဘား မြူနီစီပယ်ရွေးကောက်ပွဲ၌ ကိုယ်စားလှယ်ပေါင်း ၂၇၀၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်

**ဟာဗားနား နိုဝင်ဘာ ၄**

ကျူးဘားနိုင်ငံ၌ မြူနီစီပယ်ရွေးကောက်ပွဲများကို နှစ်နှစ်ခွဲလျှင် တစ်ကြိမ်ကျင်းပလေ့ရှိရာ နိုဝင်ဘာ ၂၆ ရက်တွင် ပြုလုပ်မည့် မြူနီစီပယ်ရာထူးများအတွက် အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမည်စာရင်းတင်သွင်းထားသူ ၂၇၂၂၁ ဦးရှိကြောင်း ကျူးဘားအမျိုးသားရွေးကောက်ပွဲကော်မရှင်က မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။

ကိုယ်စားလှယ်လောင်း ၃၅ ဒသမ ၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး ၆၆ ဒသမ ၄၄ ရာခိုင်နှုန်းမှာ ပြန်လည်ရွေးကောက်ပွဲဝင်သူများဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲပထမဆင့်ကို စက်တင်ဘာ ၄ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ပြုလုပ်ခဲ့ပြီး မြူနီစီပယ်လွှတ်တော် ၁၆၈ အတွက် ခေါင်းဆောင်သစ်အမည်စာရင်းတင်သွင်းရန် နိုင်ငံတစ်ဝန်းအစည်းအဝေးပေါင်း ၁၂၅၀၀ ကျော် ကျင်းပခဲ့ရာ ကျေနပ်လောက်ဖွယ်သော အခြေအနေတစ်ခုရရှိခဲ့သည်ဟု ကော်မရှင်က ဖော်ပြခဲ့သည်။

ကျူးဘားနိုင်ငံတွင် နိုင်ငံရေးအရ မဲဆွယ်စည်းရုံးခွင့်တားမြစ်ထားသော်လည်း ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံများနှင့် ကိုယ်ရေးအချက်အလက်များကို ဖော်ပြပေးထားကြောင်း သိရသည်။

ကိုယ်စားလှယ်လောင်းအသစ်များအနက် ပြည်နယ်လွှတ်တော်အဖွဲ့ဝင်၁၅ ဦး ရွေးချယ်ခဲ့ပြီး အမျိုးသားလွှတ်တော်အတွက် အမည်စာရင်း တင်သွင်းထားသူ၏ ထက်ဝက်အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရတ်တပ်ဖွဲ့များ ဆီးရီးယားနယ်စပ်အနီးရှိ အယ်လ်ကွင်းမြို့ကို အိုင်အက်စ် လက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့

**ဘဂ္ဂဒက် နိုဝင်ဘာ ၄**

အီရတ်အစိုးရတပ်ဖွဲ့အနေဖြင့် အိုင်အက်စ် အကြမ်းဖက်အစွန်းရောက် တပ်ဖွဲ့ထံမှ ဆီးရီးယားနိုင်ငံ နယ်စပ်အနီးရှိ အယ်လ်ကွင်းမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း အီရတ်နိုင်ငံဝန်ကြီးချုပ် ဟိုင်ဒါ အယ်အဘာဒီက မကြာသေးမီတွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီရတ်အစိုးရတပ်ဖွဲ့အနေဖြင့် ယမန်နေ့က အယ်လ်ကွင်းမြို့ကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့ပြီး ဆီးရီးယားနိုင်ငံသို့ သွားရောက်သည့် ဟူဆိုင်ဘာ နယ်စပ်စစ်ဆေးရေးဂိတ်ကိုလည်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း အီရတ်စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်ကြေညာခဲ့သည်။

အီရတ်အစိုးရတပ်ဖွဲ့သည် အောက်တိုဘာ ၂၆ ရက်မှစကာ နိုင်ငံအနောက်ပိုင်းဒေသရှိ အိုင်အက်စ်အစွန်းရောက်အဖွဲ့အစည်းထံမှ သိမ်းပိုက်ထားသည့် နယ်မြေများကို ပြန်လည်ရရှိရေး စစ်ဆင်ရေးအသစ်တစ်ရပ်ဆင်နွှဲခဲ့သည်။

အယ်လ်ကွင်းမြို့သည် အီရတ်နိုင်ငံ



မြို့တော် အနောက်ဘက်ကီလိုမီတာ ၃၃၀ အကွာတွင် တည်ရှိသော မြို့တစ်မြို့ ဖြစ်သည်။

ထို့အပြင် အီရတ်မှ ဆီးရီးယားသို့ သွားရောက်ရန် အရေးပါသော လမ်းပန်းဆက်သွယ်ရေး မြို့တစ်မြို့လည်း ဖြစ်သည်။

လွန်ခဲ့သော ၂၀၁၄ ခုနှစ်ကတည်းက အိုင်အက်စ်အစွန်းရောက်အကြမ်းဖက်သမားများသည် အီရတ်နိုင်ငံအနောက်ပိုင်းဒေသအများအပြားကို သိမ်းပိုက်ခဲ့ရာ အစိုးရတပ်ဖွဲ့၏ သုံးနှစ်ကြာ တိုက်ခိုက်မှုအပြီးတွင် ၎င်းတို့ သိမ်းယူသွားသော ဒေသ အများအပြားကို ပြန်လည်ရရှိခဲ့သည်။

ယခုနှစ်မကုန်မီအတွင်း အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ် အစွန်းရောက်အဖွဲ့ဝင်များ အားလုံးကို ချေမှုန်းသွားရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အီရတ် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကက်တလိုနီးယား ခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းရန် စပိန်တရားရုံး အမိန့်ချ

**မက်ဒရစ် နိုဝင်ဘာ ၄**

ကက်တလိုနီးယားဒေသ ခေါင်းဆောင်ဟောင်း ရှစ်ဦးကို မသက်ာဖွယ် ပုန်ကန်ထကြွမှုနှင့် အခြားသော စွပ်စွဲချက်များဖြင့် ဖမ်းဆီး ထိန်းသိမ်းရန် စပိန်တရားရုံးက အမိန့် ချမှတ်လိုက်ကြောင်း သိရသည်။

ကက်တလိုနီးယား ခေါင်းဆောင်ကိုးဦးတို့သည် ကြာသပတေးနေ့က မက်ဒရစ်ရှိ တရားရုံးတွင် ကြားနာစစ်ဆေးမှု ခံယူခဲ့ရသည်။ ၎င်းတို့ ကိုးဦးသည် တရားရုံးက ကြားနာ စစ်ဆေးရန် ခေါ်ယူခဲ့သည့် ကက်တလိုနီးယား အစိုးရအဖွဲ့ဝင်များထဲမှ ဖြစ်သည်။ ရှေ့နေများက ရာထူးမှ ဖယ်ရှားခံလိုက်ရသည့် ကက်တလိုနီးယားခေါင်းဆောင် Carles Puidgemont အပါအဝင် ကိုးဦးကို ပုန်ကန်ထကြွမှုနှင့် အခြားသော အမှုများဖြင့် တရားစွဲဆိုနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

တရားသူကြီး၏ ပြောပြချက်အရ ရှစ်ဦးမှာ ထွက်ပြေးနိုင်သည့်အပြင် သက်သေ အထောက်အထားများကို ဖျက်ဆီးပစ်နိုင်သည့်အတွက် အရေးယူဆောင်ရွက်ရန် ဖမ်းဆီး ထိန်းသိမ်းရမည်ဖြစ်ကြောင်း သိရသည်။ ဘာစီလိုနာမြို့တော်ဝန် အဒါကိုလူသည် တရားရုံး စီရင်ဆုံးဖြတ်မှုတွင် အဓိကကျသည့် ပုဂ္ဂိုလ်ဖြစ်ပြီး ယခု အချိန်သည် ကက်တလိုနီးယား၏ ကံမကောင်း အကြောင်းမလှသော နေ့ရက်များဖြစ်ကြောင်း လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### ဂရိကျွန်း၌ ရွှေ့ပြောင်းသွားလာသူ အမြောက်အမြားကို ကယ်ဆယ်

**အေသင် နိုဝင်ဘာ ၄**

ဂရိအာဏာပိုင်များသည် သောကြာနေ့ အစောပိုင်းတွင် အေဂျီယံ ပင်လယ်အတွင်း၌ ရွှေ့ပြောင်း သွားလာသူ အမြောက်အမြားကို ကယ်ဆယ်ခဲ့ကြောင်း သိရသည်။ ရွှေ့ပြောင်း သွားလာသူများအနက် တစ်ဦးမှာ သေဆုံးခဲ့ပြီး ခြောက်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

ရွှေ့ပြောင်းသွားလာသူများအား သယ်ဆောင်လာသည့် ဒုက္ခသည်လှေတစ်စင်းသည် ကာလင်နိုကျွန်းတွင် နစ်မြုပ်သွားခဲ့ပြီးနောက် ဂရိအာဏာပိုင်များသည် သောကြာနေ့တွင် အမျိုးသမီးတစ်ဦး၏အလောင်းကို တွေ့ရှိခဲ့ပြီးနောက်ထပ် ပျောက်ဆုံးနေသူများကို ရှာဖွေခဲ့ကြသည်။

နစ်မြုပ်သွားသူများအနက် အသက်ရှင်လွတ်မြောက်လာသူ ၁၅ ဦးမှာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး လေးဦးနှင့် ကလေးငယ်တစ်ဦးတို့ဖြစ်ပြီး ဂရိကမ်းခြေစောင့် တပ်ဖွဲ့ရေယာဉ်များသည် ပျောက်ဆုံးနေသူ ခြောက်ဦးကို ဆက်လက် ရှာဖွေလျက်ရှိကြောင်း ဂရိကမ်းခြေစောင့်တပ်ဖွဲ့ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။ **ရိုက်တာ**

# ပဋိပက္ခတွေနဲ့ တစ်ခန်းရပ်သွားခဲ့တဲ့ ကက်တလိုနီးယား ခွဲထွက်ရေး

**ကလျာမိုးမြင့်**




လက်ရှိ ဖြစ်ပွားနေတဲ့ ကက်တလိုနီးယားပဋိပက္ခဟာ စပိန်မှာ နှစ်ပေါင်း ၄၀ ကြာအောင် ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေထဲမှာ အဆိုးဆုံး ပဋိပက္ခ တစ်ခုဖြစ်ပြီး ဒီနိုင်ငံရေးအကျပ်အတည်းဟာ ဥရောပသမဂ္ဂအတွက်လည်း အကြီးဆုံး စိန်ခေါ်မှုကြီးလည်း ဖြစ်နေပါတယ်။ နှစ်တွေကြာအောင် အပြန်အလှန်ရန်လိုမှုတွေ ဖြစ်လာခဲ့ပြီးတဲ့ နောက်မှာတော့ လွတ်လပ်ရေးကို ထောက်ခံသူတွေက ကက်တလိုနီးယားဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ် လူသိရှင်ကြား ကြေညာမောင်းခတ်လာခဲ့ပြီး စပိန်က အဲဒီဒေသကို တိုက်ရိုက်အုပ်ချုပ်ရေး ချမှတ်လိုက်ခြင်းအားဖြင့် ဒါကို တုံ့ပြန်လိုက်ပါတယ်။

ကက်တလိုနီးယားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေဟာ ဒီထက်ပိုပြီး အရှိန်အဟုန်ကြီးထွားလာမယ့်ဟန် ရှိနေပါတယ်။ စပိန်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အနေအထားနဲ့ ပတ်သက်ပြီး နှစ်တွေကြာအောင် စိတ် ကသိကအောက် ဖြစ်ခဲ့ရတဲ့ ကက်တလိုနီးယား ဒေသရဲ့ လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုဟာ ဒီရာသီမှာတော့ အမြင့်ဆုံးအမှတ်ကို ရောက်ရှိလို့ လာခဲ့ပါတယ်။

အောက်တိုဘာ ၂၇ ရက်နေ့ အရောက်မှာတော့ ခွဲထွက်ရေးကို ထောက်ခံတဲ့ ပါလီမန်အဖွဲ့ဝင် အများစုပါဝင်တဲ့ ဒေသဆိုင်ရာ ပါလီမန်လွှတ်တော်က တရားဝင်လွတ်လပ်ရေး ကြေညာလိုက်ပါတယ်။ စပိန် ဆီးနိတ်လွှတ်တော်အနေနဲ့လည်း အစိုးရရဲ့ တုံ့ပြန်မှုကို ဆွေးနွေးဖို့အကြောင်း ဖြစ်လာပါတယ်။ ကက်တလိုနီးယား ပါလီမန်အဖွဲ့ဝင်တွေဟာ သက်ဦးဆံပိုင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ စပိန်ကနေ လွတ်လပ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် တရားဝင် အာဏာ လွှဲပြောင်း ရရှိဖို့အတွက် မဲပေးခဲ့ကြပါတော့တယ်။ ဒါက ဘာကို ဆိုလိုသလဲ ဆိုတော့ ပြည်သူတွေဟာ စပိန်ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဒီထက်ပိုပြီး လက်မခံနိုင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ကက်တလိုနီးယားရဲ့ နောက်ဆုံးပြုလုပ်ခဲ့တဲ့ ဒေသဆိုင်ရာရွေးကောက်ပွဲမှာ မဲရလဒ်တွေရဲ့ ၄၈ ရာခိုင်နှုန်း အနိုင်ရရှိခဲ့တဲ့ ပါလီမန်လွှတ်တော် အဖွဲ့ဝင်တွေကတော့ လွတ်လပ်ရေးကို ဆန့်ကျင် ကန့်ကွက်ပြီး မဲပေးမှုကို သပိတ်မှောက်ခဲ့ကြပါတယ်။ ဒီလူတွေဟာ အဲဒီ မဲပေးမှုကို သပိတ်မှောက်ခဲ့ကြသလိုပဲ စပိန်က ပိတ်ဆို့တားဆီးဖို့ ကြိုးစားခဲ့တဲ့ အောက်တိုဘာ ၁ ရက် ရွေးကောက်ပွဲကိုလည်း သပိတ်မှောက်ခဲ့ကြတာပါပဲ။ အောက်တိုဘာ ၁ ရက်မှာ ပြုလုပ်တဲ့ ရွေးကောက်ပွဲဟာ ပြည်သူတွေအနေနဲ့ မိမိတို့လိုလားတဲ့ အစိုးရမျိုးကို မိမိတို့ဘာသာ ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိတဲ့ ရွေးကောက်ပွဲပါ။ ဒါကိုလည်း သူတို့ လက်မခံပါဘူး။ ရွေးကောက်ပွဲစီစဉ်သူတွေရဲ့ ပြောပြချက်တွေအရ အဲဒီမဲပေးမှုမှာ Yes လို့ ထောက်ခံတဲ့ မဲရလဒ်ဟာ ၉၀ ရာခိုင်နှုန်းရှိခဲ့ပြီး မဲပေးသူဦးရေ ၄၃ ရာခိုင်နှုန်း ရှိခဲ့တယ်လို့ သိရပါတယ်။

**မက်ဒရစ်ရဲ့ တုံ့ပြန်မှု**

စပိန်အစိုးရဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး ကက်တလိုနီးယားခေါင်းဆောင် Carles Puidgemont နဲ့ ၎င်းရဲ့ အစိုးရအဖွဲ့ တစ်ရပ်လုံးကို ဖိနှိပ်နိုင်ဖို့အတွက် စပိန် ဖွဲ့စည်းပုံ အခြေခံဥပဒေအတွင်းမှာ ပါရှိတဲ့ အရေးပေါ် လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးလိုက်ပြီး ဒေသဆိုင်ရာ ပါလီမန်လွှတ်တော်ကို ပျောက်ကွယ်သွားအောင် လုပ်ခဲ့ပါတယ်။ အဲဒီဒေသအတွင်းမှာ ယာယီအုပ်ချုပ်ဖို့ စပိန်ဝန်ကြီးချုပ် မာရီယိုရာဂျိုင်ရဲ့ သစ္စာခံ ညာလက်ရုံးသဖွယ်ဖြစ်တဲ့ ဒုတိယဝန်ကြီးချုပ် Soraya Saenz de Santamaria ကို ခန့်အပ်လိုက်တာပါ။

လာမယ့် ဒီဇင်ဘာ ၂၁ ရက်မှာ ဒေသဆိုင်ရာ ရွေးကောက်ပွဲပြုလုပ်ဖို့ တိုက်တွန်းထားပါတယ်။ ကက်တလိုနီးယားရဲ့ အင်အား ၁၇၀၀၀ ရှိတဲ့ ဒေသရဲတပ်ဖွဲ့ကိုလည်း စပိန် ပြည်ထဲရေးဝန်ကြီးဌာနက လွှဲပြောင်း ယူလိုက်ပါပြီ။ ရဲတပ်ဖွဲ့အင်အားစုရဲ့ ကျော်စောတဲ့ အကြီးအကဲ Josep Lluis Trapeo ကို ရာထူးက ထုတ်ပယ်ပစ်လိုက်ပြီး အဲဒီနေရာကိုလည်း ၎င်းအောက် တစ်ဆင့်နိမ့်အရာရှိဖြစ်တဲ့ ဖာရန်လိုပက်ဇ်ကို အစားထိုး ခန့်အပ်လိုက်ပါတယ်။ ကက်တလိုနီးယားခေါင်းဆောင် မစ္စတာ Puidgemont ကတော့ ၎င်းနဲ့ ၎င်းရဲ့ မဟာမိတ်တွေဟာ တိုက်ရိုက် အုပ်ချုပ်လာမှုကို ဒီမိုကရေစီနည်းလမ်းတကျ ဆက်ပြီး ခုခံသွားမယ်လို့ ကြုံးဝါးနေဆဲပါပဲ။ ခုချိန်ထိလည်း ၎င်းအနေနဲ့ လွတ်လပ်စွာ ပြောဆိုခွင့်ကို အလိုရှိနေပါတယ်။

ဘာပဲဖြစ်ဖြစ် အခြေခံလူတန်းစား လွတ်လပ်ရေးလှုပ်ရှားသူတွေဟာ စပိန်ကို ဆန့်ကျင်ဖို့ ဆန္ဒဖော်ထုတ်မှုတွေ အမြောက်အမြား ပြုလုပ်ဖို့အတွက် တောင်းဆိုနေကြပါတယ်။ ခွဲထွက်ရေးသမားတွေအနေနဲ့ မက်ဒရစ်ရဲ့အရေးယူဆောင်ရွက်မှုတွေအပေါ်မှာ အတိုက်အခံပြုလုပ်ဖို့၊ သပိတ်မှောက်ဖို့နဲ့ စုဝေးချီတက်မှုတွေ ခုထက်ပိုပြီး အကြီးအကျယ် ပြုလုပ်ဖို့ စီစဉ်လာကြမယ့် အနေအထားကို တွေ့နေရပါတယ်။ အဓိက ခွဲထွက်ရေး အခြေခံလူတန်းစားအုပ်စုဖြစ်တဲ့ Catalan National Assembly အဖွဲ့ဆိုရင် စပိန်ဝန်ကြီးချုပ် ရာဂျိုင်ရဲ့ အစိုးရအဖွဲ့ကို ပြည်ပအစိုးရတစ်ရပ်လို့သာ ယူဆလိုက်ပါတယ်။ မစ္စတာ Puidgemont နဲ့ ၎င်းရဲ့ အဖွဲ့ဝင် ၁၃ ဦးကို ကက်တလန်အစိုးရအဖွဲ့ကနေ ထုတ်ပယ်ထားပြီး မက်ဒရစ်တရားရုံးမှာ ကြားနာ စစ်ဆေးမှု ခံယူဖို့ အမိန့် ထုတ်ထားပါတယ်။ တစ်ဖွဲ့လုံးကို ပုန်ကန်ထကြွမှုနဲ့ စွပ်စွဲထားတာဖြစ်ပြီး ဒါက အမြင့်ဆုံး ထောင်ဒဏ် အနှစ် ၃၀ အထိ ချမှတ်နိုင်တာ ဖြစ်ပါတယ်။ ပုန်ကန်ထကြွရန် လှုံ့ဆော်အားထုတ်မှုရော ရန်ပုံငွေ အလွဲသုံးမှုတွေနဲ့ပါ တရားစွဲဆို ခံထားရပါတယ်။

ဖိနှိပ်ခံထားရတဲ့ နိုင်ငံရေးသမားကိုးဦးဟာ ကြာသပတေးနေ့က ကြားနာစစ်ဆေးမှု အတွက် တရားရုံးကို တက်ရောက်ခဲ့ပါတယ်။ ဘယ်လ်ဂျီယံသို့ တိမ်းရှောင်နေတဲ့ မစ္စတာ Puidgemont က မှန်ကန် မျှတတဲ့ ဆောင်ရွက်မှု အာမခံချက် မရှိသေးသရွေ့ ဘယ်လ်ဂျီယံကနေ ပြန်မလာနိုင်ဘူးလို့ ပြောကြားခဲ့ပါတယ်။


**“ကက်တလိုနီးယား ပါလီမန်အဖွဲ့ဝင်တွေဟာ သက်ဦးဆံပိုင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ စပိန်ကနေ လွတ်လပ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် တရားဝင် အာဏာလွှဲပြောင်းရရှိဖို့အတွက် မဲပေးခဲ့ကြပါတော့တယ်၊ ဒါက ဘာကို ဆိုလိုသလဲဆိုတော့ ပြည်သူတွေဟာ စပိန်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီထက်ပိုပြီး လက်မခံနိုင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ”**


ဘာပဲပြောပြော ကက်တလိုနီးယားဟာ အချမ်းသာဆုံး ဒေသတစ်ခုဖြစ်ပေမယ့်လည်း မက်ဒရစ်မှာ အင်အားကြီးတဲ့ စီးပွားရေးကုပ်အားတစ်ခု ရှိနေတယ် ဆိုတာကိုတော့ ဘယ်လိုမှ ငြင်းလို့ မရနိုင်တဲ့ အချက်ပါ။ ရွေးကောက်ပွဲ ပြုလုပ်ချိန်ကစတင်ပြီး Caxia နဲ့ Sabadell အပါအဝင် ကုမ္ပဏီပေါင်း ၁၆၀၀ ကျော်နဲ့ လုပ်ငန်းပေါင်းစုံ ကုမ္ပဏီအချို့ဟာ ၎င်းတို့ရဲ့ ရုံးချုပ်တွေကို ကက်တလိုနီးယားပြင်ပကို ရွှေ့ပြောင်း အခြေစိုက်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ဒီဒေသဟာ စပိန်ရဲ့ ငါးခုမြောက် စီးပွားရေး ထွက်ကုန် ဒေသဖြစ်ပေမယ့် ကြွေးကျန်ကြီးကြီးမားမား ရှိနေပြီး စပိန်အစိုးရကို အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံဖိုးလောက် ကြွေးဆပ်ဖို့ ရှိနေပါတယ်။

ဘယ်လိုပင်ဖြစ်စေ ဥရောပသမဂ္ဂနဲ့ ၎င်းရဲ့သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတွေ အပါအဝင် အမေရိကန်ပြည်ထောင်စုတို့က ဒီနိုင်ငံရေး အကျပ်အတည်းကို စပိန်ရဲ့ ပြည်တွင်းရေး အကြောင်းအရာတစ်ခုအနေနဲ့ ရှုမြင် နေပါတယ်။ ကက်တလိုနီးယားဟာ စပိန်နိုင်ငံတစ်ခုလုံးနဲ့ သက်ဆိုင်နေတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး စပိန်ကို ပိုမိုစုစည်း ညီညွတ် ခိုင်မာစေအောင် ထိန်းသိမ်းဖို့ စပိန်အစိုးရက ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အရေးယူဆောင်ရွက်တာကို အမေရိကန် ပြည်ထောင်စုအနေနဲ့ အားပေး ထောက်ခံတယ်လို့ အမေရိကန် ပြည်တွင်းဦးစီးဌာနက ဖော်ပြထားပါတယ်။

ဒီနိုင်ငံရေး ကိစ္စရပ်တွေကို သုံးသပ်ကြည့်ရင် ဘယ်ဒေသ အစိတ်အပိုင်းမဆို နိုင်ငံတကာ စည်းမျဉ်းဥပဒေတွေရဲ့ အောက်မှာ ကိုယ်ပိုင်လွတ်လပ်ရေးရရှိဖို့ သိပ်ကို ခက်ခဲလှတယ်လို့ ဆိုရမှာဖြစ်ပါကြောင်း။ ။

**ရိုက်တာ၊ ဘီဘီစီ**







# မြန်မာသဒ္ဒါ သင်ကြားရေး (၂၇)

## မောင်ခင်မင် (ဓနုဖြူ)

"ဒီအပတ်မှာ ကြိယာဝိသေသနအကြောင်း စရမှာပါ"

"ကြိယာကို အထူးပြုသောပုဒ်ကို ကြိယာဝိသေသနဟု ခေါ်သည်လို့ ဒီမြန်မာသဒ္ဒါစာအုပ်အားလုံးမှာ ဖွင့်ထားပါတယ်ဆရာ"

"ဟုတ်ပါပြီ၊ အနက်အဓိပ္ပာယ်အရ ကြိယာဝိသေသန ငါးမျိုးကို ခွဲပြထားတယ် မဟုတ်လား၊ ဘာတွေပါလိမ့်"

"အချိန်ပြရယ်၊ အမူအရာပြရယ်၊ အခြေအနေပြရယ်၊ ပမာဏပြရယ်၊ ပြီးတော့ အမေးရယ် ငါးမျိုးပါ ဆရာ"

"တော်တော်စာကျေပါလား၊ ကဲ သာဓကကလေးတွေ တစ်လှည့်စီပြောပါဦး"

"အချိန်ပြ ကြိယာဝိသေသနက 'စောစောလာပါ'မှာ 'စောစောပါဆရာ၊ 'လာ'ဆိုတဲ့ ကြိယာပြုလုပ်ရမယ့်အချိန်ကို ဖော်ပြပြီး အထူးပြုလို့ပါ"

"ကလေးငယ်သည် ရှိုက်ကြီးတငင်ငိုနေသည်ဆိုတဲ့ ဝါကျမှာ 'ရှိုက်ကြီးတငင်'ဟာ ငိုတဲ့အမူအရာကိုပြတဲ့ ကြိယာဝိသေသနပါဆရာ"

" 'ဤမေးခွန်းသည်အလွန်ခက်သည်'ဆိုတဲ့ ဝါကျမှာ 'အလွန်'ဟာ ခက်တဲ့အတိုင်းအတာပမာဏကိုပြတဲ့ ကြိယာဝိသေသနပါ"

" 'သူ့ကို ကျွန်တော်အသေအချာသိပါသည်'ဆိုတဲ့ ဝါကျမှာ 'အသေအချာ'ဟာ သိတဲ့အခြေအနေကို ဖော်ပြတဲ့ ကြိယာဝိသေသနပါ"

" 'သူ့အကြောင်း မင်း ဘယ်လောက်သိသလဲ'ဆိုတဲ့ ဝါကျမှာ 'ဘယ်လောက်'ဟာ အမေးစကားမှာ သုံးတဲ့ ကြိယာဝိသေသနပါဆရာ"

"ဟုတ်ပါပြီ၊ ဒီမြန်မာသဒ္ဒါစာအုပ်တွေမှာ ကြိယာဝိသေသနအကြောင်း ရှင်းပြထားတာ တော်တော်စုံပါတယ်၊ ကောင်းလည်းကောင်းတယ်၊ ဆရာ ဆရာမတွေက ရှင်းရှင်းလင်းလင်း သဘောပေါက်အောင် လုပ်ထားပြီးမှ ကလေးတွေကို သင်ရင်ကောင်းတာပေါ့ကွယ်၊ ကဲ- ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာဝိသေသနခွဲပုံကို ဆက်ရအောင်၊ ဘယ်နှမျိုးခွဲပါလိမ့်"

"နှစ်ကြိမ်ထပ်ရယ်၊ ပစ္စည်းဆက်ရယ်၊ ကာရန်လိုက်ရယ် ဆိုပြီး သုံးမျိုးခွဲထားပါတယ်ဆရာ"

"ဟုတ်ပါပြီ၊ ပထမဆုံးနှစ်ကြိမ်ထပ် ကြိယာဝိသေသန ဖွဲ့စည်းပုံစနစ်ကိုကြည့်ရအောင်၊ ဘာကိုနှစ်ကြိမ်ထပ်ရတာပါလိမ့်"

"ကြိယာကို နှစ်ကြိမ်ထပ်ရပါတယ်ဆရာ၊ အဲ...သဒ္ဒါစာအုပ်ထဲမှာ နာမဝိသေသနကိုလည်း နှစ်ကြိမ်ထပ်နိုင်တယ်လို့ ပြပါတယ်"

" 'မြန်' ဆိုတဲ့ ကြိယာကို နှစ်ကြိမ်ထပ်ပြီး မြန်မြန်လာပါလို့ သုံးရင် ကြိယာဝိသေသနဖြစ်တာပေါ့၊ 'မြန်'ကို ဂုဏ်ရည်ပြကြိယာလို့ပဲ ယူတာက ရှင်းပါတယ်၊ ရှေ့မှာလည်း ပြောပြီးပြီ၊ နာမဝိသေသနလို့ယူရင် ရှုပ်ထွေးနိုင်တဲ့ ပြဿနာတွေရှိတယ်လေ"

"ဟုတ်ကဲ့ပါ"

" 'မြန်'ကို 'မြန်မြန်'၊ 'ဖြည်း'ကို 'ဖြည်းဖြည်း'၊ 'တိုး'ကို 'တိုးတိုး'ဆိုတာမျိုး နှစ်ကြိမ်ထပ်ပြီး'မြန်မြန်လာ'၊'ဖြည်းဖြည်းတက်'၊ 'တိုးတိုးပြော'ဆိုတာမျိုးသုံးတာပေါ့"

"ဆရာ၊ အသံနှစ်သံပါတဲ့ ကြိယာတွေကိုလည်း နှစ်ကြိမ်ထပ်ပြီး ကြိယာဝိသေသနလုပ်နိုင်တယ် မဟုတ်လား"

"ကဲ...ညည်းပဲလုပ်ပြကွယ်"

" 'ခင်ခင်မင်မင်'၊ 'စည်းစည်းလုံးလုံး'၊ 'ညီညီညွတ်ညွတ်' ဆိုတာမျိုးတွေပါဆရာ၊ 'ခင်မင်'၊ 'စည်းလုံး'၊ 'ညီညွတ်'ဆိုတဲ့ ကြိယာတွေကို နှစ်ကြိမ်ထပ်လိုက်ရင် ကြိယာဝိသေသနတွေ ဖြစ်ပါတယ်၊ 'ခင်ခင်မင်မင် ဆက်ဆံပါသည်'၊ 'စည်းစည်းလုံးလုံး နေထိုင်ကြပါ'၊ 'ညီညီညွတ်ညွတ်ရှိကြပါ'ဆိုတာမျိုး သုံးနိုင်ပါတယ်ဆရာ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

"တစ်ခု သတိထားမိတာက ကြိယာဝိသေသနအဖြစ် နှစ်ကြိမ်ထပ်တဲ့ ကြိယာတွေဟာ 'ခင်မင်'တို့၊ 'လေးစား'တို့လို စိတ်ခံစားမှုပြတဲ့ စိတ်ပိုင်းဆိုင်ရာကြိယာတွေ၊ 'ညီညွတ်'တို့၊ ကြိယာဝိသေသန ဟုတ်လို့လား"

"အဲဒါက..."

"အဲဒါက လုပ်မနေပါနဲ့၊ 'ဆရာက ရိုက်ရိုက်နှက်နှက်' ဆိုတာ ဆရာက ရိုက်နှက်ချင်ရိုက်နှက်ပါစေ'ဆိုတဲ့ စကားနဲ့ အဓိပ္ပာယ်အတူတူပဲလေ၊ အပြောစကားမှာချို့သုံးတာ၊ ကြိယာဝိသေသနမှ မဟုတ်တာ"

"နားလည်ပါပြီဆရာ၊ ကျွန်မအတွေးချော်သွားတာပါ"

"နှစ်ကြိမ်ထပ်သုံးတဲ့စနစ်ဟာ ဂုဏ်ရည်ပြကြိယာတွေ၊ ခံစားမှုပြကြိယာတွေကို ကြိယာဝိသေသနအဖြစ် ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်တဲ့စနစ်ပဲ၊ ကဲ...နောက်စနစ်တစ်ခုကို ကြည့်ရအောင်၊ ပစ္စည်းဆက်ကြိယာဝိသေသန...တဲ့"

"ဟုတ်ကဲ့ပါ"

> "စကားလုံးတစ်လုံးဖြစ်အောင် ဖွဲ့စည်းရာမှာ တချို့ပစ္စည်းတွေက ရှေ့က ဆက်ရတဲ့ ပစ္စည်းတွေပဲ၊ ရှေ့ဆက် ဒါမှမဟုတ် ရှေ့ဆက်ပစ္စည်းလို့ခေါ်တယ်၊ အင်္ဂလိပ်လို prefix လို့ခေါ်တယ်၊ မြန်မာ စကားမှာ အထင်ရှားဆုံး၊ အသုံးအများဆုံးကတော့ အ-ပေါ့၊ 'အမြန်၊ အကုန်၊ အလှ၊ အပြီး'ဆိုတဲ့ စကားလုံးတွေမှာ 'မြန်၊ ကုန်၊ လှ၊ ပြီး'ဆိုတဲ့ ကြိယာတွေရဲ့ ရှေ့ဆက်တဲ့ ပစ္စည်းပဲ"

'လိမ္မာ'တို့လို ဂုဏ်ရည်ပြတဲ့ကြိယာတွေ ဖြစ်တာများတယ်၊ အပြုအမူတို့၊ အမူအရာတို့ကို ပြတဲ့ကြိယာတွေကို နှစ်ကြိမ်ထပ်ပြီးကြိယာဝိသေသနအဖြစ်သုံးတာတော်တော်နည်းတယ်"

"သာဓကကလေး သိပါရစေဆရာ"

" 'တိုးဝှေ့'ဆိုတာ အပြုအမူပြတဲ့ ကြိယာပဲ၊ လူတွေထဲမှာ 'တိုးတိုးဝှေ့ဝှေ့သွားရတယ်'လို့ နှစ်ကြိမ်ထပ်ပြီး ကြိယာဝိသေသနအဖြစ် သုံးလို့ရတယ်မဟုတ်လား၊ အဲဒီလိုပဲ'တွန်းတွန်းထိုးထိုးပြောတယ်'၊ 'ဆွဲဆွဲငင်ငင်ဆိုတယ်'လို့ သုံးတာတွေရှိပါတယ်"

"ဟုတ်ကဲ့ပါ"

" 'ရိုက်နှက်'ဆိုတဲ့ အပြုအမူပြတဲ့ကြိယာကို နှစ်ကြိမ်ထပ်ပြီး 'ရိုက်ရိုက်နှက်နှက်လုပ်တယ်'ဆိုတာမျိုးတော့ သုံးလေ့မရှိဘူးလေ၊ အင်း...သုံးရင်တော့လည်း အသုံးတွင်လာနိုင်မယ်ထင်ပါရဲ့"

"တစ်ခုမေးပါရစေဆရာ"

"မေးလေ"

" 'ကျွန်မကို ဆရာက ရိုက်ရိုက်နှက်နှက်၊ စိတ်မဆိုးပါဘူး' လို့ သုံးတာမျိုးတော့ ရတယ်ထင်ပါတယ်"

"ဩော်... ခက်ပါပြီ၊ အခုဆရာတို့ ပြောနေတာက ကြိယာကို နှစ်ကြိမ်ထပ်ပြီး ကြိယာဝိသေသနလုပ်တဲ့ စနစ်ကို ပြောနေတာမဟုတ်လား၊ တခြားနေရာမှာ နှစ်ကြိမ် ထပ်သုံးလို့ မရဘူးလို့ ပြောတာမှမဟုတ်တာ၊ ညည်းပြောတဲ့' ဆရာက ရိုက်ရိုက်နှက်နှက်' ဆိုတာ နှစ်ကြိမ်ထပ်တာတော့ ဟုတ်တယ်၊

"ပစ္စည်းဆက်အကြောင်း မပြောခင်'ပစ္စည်း'ဆိုတာ ကွဲကွဲပြားပြားသိဖို့လိုတယ်၊ ဝါစင် ကိုးပါးပြရာမှာ ပစ္စည်းကို ဝါစင်တစ်ခုအနေနဲ့ ပြထားတာ၊ မင်းတို့သိမှာပါ၊ ပစ္စည်းအကြောင်းရောက်တော့ ပြောကြသေးတာပေါ့၊ အခုကြိယာဝိသေသနဖြစ်အောင် ဆက်တဲ့ပစ္စည်းဆိုတာက အဲဒီဝါစင်ကိုးပါးထဲက ပစ္စည်းမဟုတ်ဘူး၊ အဲဒါကွဲကွဲပြားပြားရှိဖို့ပဲ"

"ဟင်...ဟုတ်လားဆရာ၊ ကျွန်မ သတိမထားမိဘူး"

"အခုပြောတဲ့ ပစ္စည်းက စကားလုံးတစ်လုံးဖြစ်အောင် ရှေ့က၊ နောက်က၊ ကြားကဆက်ရတဲ့ အဆက်ပစ္စည်းပဲ၊ အင်္ဂလိပ်လို affix လို့ခေါ်တယ်၊ 'အဆက်'လို့လည်း သုံးတယ်၊ 'အဆက်ပစ္စည်း'လို့လည်း သုံးတယ်၊ မြန်မာသဒ္ဒါစာအုပ်တွေမှာ အဲဒီရှေ့ဆက်ပစ္စည်း အကြောင်းတွေကို 'နာမ်'အခန်းမှာ ဖော်ပြထားပေမယ့် ပစ္စည်းနှစ်မျိုးအကြောင်း ခွဲခြားပြီး ရှင်းမထားဘူး၊ နှစ်မျိုးစလုံးကို ပစ္စည်းလို့ပဲရောထွေး ခေါ်ထားတယ်"

"ရှင်းပြပါဆရာ"

"စကားလုံးတစ်လုံးဖြစ်အောင် ဖွဲ့စည်းရာမှာ တချို့ပစ္စည်းတွေက ရှေ့ကဆက်ရတဲ့ပစ္စည်းတွေပဲ၊ ရှေ့ဆက်ဒါမှမဟုတ် ရှေ့ဆက်ပစ္စည်းလို့ခေါ်တယ်၊ အင်္ဂလိပ်လို prefix လို့ခေါ်တယ်၊မြန်မာစကားမှာ အထင်ရှားဆုံး၊ အသုံးအများဆုံးကတော့ အ-ပေါ့၊ 'အမြန်၊ အကုန်၊ အလှ၊ အပြီး'ဆိုတဲ့ စကားလုံးတွေမှာ 'မြန်၊ ကုန်၊ လှ၊ ပြီး'ဆိုတဲ့ ကြိယာတွေရဲ့ ရှေ့ဆက်တဲ့ပစ္စည်းပဲ"

"ဟုတ်ကဲ့ပါ"

"တချို့ပစ္စည်းတွေကို နောက်ကဆက်ရတယ်၊ နောက်ဆက် ၊ ဒါမှမဟုတ်၊ နောက်ဆက်ပစ္စည်းပေါ့၊ suffix လို့ခေါ်တယ်၊ ဒီသဒ္ဒါစာအုပ်တွေမှာ ပြတဲ့'ခင်မင်စွာ၊ လေးစားစွာ'မှာ ပါတဲ့ 'စွာ'ပေါ့၊ တခြား နောက်ဆက်ပစ္စည်းတွေလည်း ရှိတယ်"

"နောက်တစ်မျိုးက စကားလုံးတွေရဲ့ကြားထဲက ဆက်ရတဲ့ ပစ္စည်းပဲ၊ ကြားဆက်၊ ဒါမှမဟုတ်၊ ကြားဆက်ပစ္စည်းပေါ့၊ infix လို့ ခေါ်တယ်၊ မြန်မာစကားမှာ 'တိတ်ဆိတ်'ကို 'တိတ်တဆိတ်'လို့ -တ-ကြား ဆက်ထည့်ပြီး သုံးတာမျိုး၊ 'ပြီးလွယ်'ကို 'ပြီးစလွယ်'လို့-စ-ကြားဆက်ထည့်ပြီး သုံးတာမျိုးပေါ့၊ အခုပစ္စည်းဆက် ကြိယာဝိသေသနဆိုတာ အဲဒီလို ရှေ့ဆက်၊ နောက်ဆက်၊ ကြားဆက်တစ်မျိုးမျိုးထည့်ပြီးသုံးတာကို ဆိုလိုတာလေ"

"နားလည်ပါပြီဆရာ"

"ကဲ...အ-ရှေ့ဆက် ပစ္စည်းဆက်တဲ့ ကြိယာဝိသေသနတွေကဘာတွေလဲ၊ ပြောပါဦး"

" 'အကုန်ပြော၊ အပြီးလုပ်၊ အမြန်လာ'ဆိုတာမျိုးတွေပါဆရာ"

"ဟုတ်ပြီ၊ တ-ရှေ့ဆက် ပစ္စည်း ဆက်တာတွေကရော"

"သဒ္ဒါစာအုပ်ထဲမှာတော့ 'တဒုန်းဒုန်း၊ တဝုန်းဝုန်း'ဆိုတဲ့ သာဓကတွေပြပါတယ်၊ 'ဒုန်း'၊ 'ဝုန်း'ဆိုတဲ့ အသံပြပုဒ်တွေကို တ-ရှေ့ဆက်ပစ္စည်းဆက်တာ၊ 'တရွှေ့ရွှေ့ တလည်လည်'ဆိုတာတွေကတော့'ရွှေ့'၊'လည်'ဆိုတဲ့ အမူအရာပြပုဒ်တွေကို တ-ရှေ့ဆက်ပစ္စည်း ဆက်တာလို့ ပြပါတယ်"

"ကဲ...အဲဒီနေရာတွေမှာ ထောက်ပြစရာတွေ ရှိနေတယ်၊ ပထမဆုံး 'အ' ရှေ့ဆက် ဆက်တဲ့'အကုန်၊ အပြီး၊ အမြန်' ဆိုတာတွေကို ဖွဲ့စည်းတည်ဆောက်ပုံဟာ ရှေ့မှာပြောခဲ့တဲ့ ကြိယာရှေ့က အ-တွဲတဲ့ ကြိယာနာမည်ဖွဲ့ပုံ၊ ဂုဏ်ရည်ပြပုဒ်တွေ ရှေ့မှာအ-တွဲတဲ့ ဂုဏ်ရည်ပြတဲ့နာမ်ဖွဲ့ပုံတွေနဲ့ တူမနေဘူးလား"

"တူနေပါတယ်ဆရာ"

"ဒီတော့ အဲဒီအ ရှေ့ဆက်တွဲတဲ့ ကြိယာဝိသေသနတွေက ဖွဲ့စည်းတည်ဆောက်ပုံမှာ ကြိယာနာမ်၊ ဂုဏ်ရည်ပြနာမ်တွေနဲ့ တူနေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း ဖော်ပြဖို့ လိုတာပေါ့၊ ဆိုပါတော့ကွယ်၊ 'အပြီးတည်ဆောက်တယ်'ဆိုတာမှာ 'အပြီး' ဟာ ကြိယာဝိသေသနဖြစ်ပေမယ့်'အိမ်ဆောက်လို့အပြီး'လို့ သုံးရင်တော့ 'အပြီး'ဟာ နာမ်ဖြစ်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ပြီးတော့ 'တ'ရှေ့ဆက်တွဲတဲ့စကားလုံးက တစ်လုံးတည်းနဲ့ တွဲတာကို အရင်ပြဖို့ကောင်းတာပေါ့၊ ပြီးမှ နှစ်လုံးတွဲနဲ့တွဲတာ ပြသင့်တာပေါ့၊ 'အမြန်' တို့၊'အပြီး'တို့မှာ 'မြန်'၊'ပြီး'ဆိုတဲ့ ကြိယာတွေက တစ်လုံးတည်းလေ၊ 'ထမင်းကို တဝစားသည်'၊ 'တစောင်းအိပ်နေသည်'ဆိုတာမျိုးတွေမှာ 'တဝ'တို့၊'တစောင်း' တို့ဟာ တ-ရှေ့ဆက်တွဲတဲ့ ကြိယာဝိသေသနတွေပဲ မဟုတ်လား၊ အဲဒီသာဓကတွေ ရှိရက်သားနဲ့ သဒ္ဒါစာအုပ်မှာဘာဖြစ်လို့ မပြတာလဲ မသိဘူး"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ပြထားတဲ့ 'တဝုန်းဝုန်း'နဲ့'တဒုန်းဒုန်း'မှာ'ဝုန်း' နဲ့'ဒုန်း'ကို အသံပြပုဒ်လို့ပြထားတယ်၊ 'အသံပြပုဒ်'ဆိုတာ ဘယ်ဝါစင်ထဲမှာ ပါသလဲ"

"မသိပါဘူးဆရာ"

"ဝါစင်ကိုးပါးထဲမှာ အသံပြပုဒ်မပါတော့ သီးခြားဝါစင်လို ဖြစ်နေတာပေါ့၊ အရင်တစ်ခေါက်ပြောတဲ့'ဂုဏ်ရည်ပြပုဒ်' ဆိုတာလို ဖြစ်နေတာပေါ့"

"ဟုတ်ကဲ့ပါ"

" 'တရွှေ့ရွှေ့'နဲ့ 'တလည်လည်'မှာပါတဲ့ 'ရွှေ့'နဲ့ 'လည်' ကိုလည်း အမူအရာပြပုဒ်တဲ့၊ အမှန်ကတော့ ကြိယာတွေပဲ မဟုတ်လား၊ အမူအရာပြပုဒ်ဆိုတာလည်း ဘယ်ဝါစင်ထဲမှာ မှမပါဘူးလေ၊ ထောက်ပြစရာတွေပေါ့ကွယ်"

# ထိမ်းမြားလက်ထပ်ခြင်းနှင့် နွေးထွေးသည့်ဆက်ဆံရေးက ရှုးသွပ်ခြင်းကို ကာကွယ်ပေးနိုင်

## ကလျာမိုးမြင့်

ထိမ်းမြား လက်ထပ်ခြင်းနဲ့ ရင်းနှီးနွေးထွေးတဲ့ဆက်ဆံရေးရရှိခြင်းဟာ ရူးသွပ်ခြင်း မဖြစ်အောင် ကာကွယ်ရာမှာ အထောက်အကူပြု ပေးနိုင်တယ်လို့ လက်ဘရော့ တက္ကသိုလ်က သုတေသီတွေက ဖော်ပြခဲ့ကြပါတယ်။

လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ လူမှုစက်ဝန်း အရည်အသွေးဟာ ပိုပြီးအရေးကြီးတယ်လို့ သုတေသနအဖွဲ့ကဆိုထားပါတယ်။ အယ်လ်ဇိုင်းမားဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတစ်ရပ်က လူနာတွေကို အဓိပ္ပာယ်ပြည့်ဝတဲ့ လူမှုရေးဆက်နွယ်မှုတစ်ရပ်ကို ထိန်းသိမ်းထားနိုင်အောင် အကူအညီပေးဖို့ အရေးတကြီးလိုအပ်တယ်လို့ ပြောပါတယ်။

သုတေသနပြု လေ့လာမှုတွေ ပြုလုပ်ခဲ့စဉ်အတွင်းမှာ ရူးသွပ်မှုခံစားနေရတဲ့သူတွေ တစ်ယောက်မှ မရှိခဲ့ပါဘူး။ ဒါပေမယ့်လူနာ ၂၂၀ ကတော့ လေ့လာမှုအတွင်းမှာ ဆေးကုသမှု ခံယူနေရသူတွေဖြစ်ပါတယ်။သုတေသနအဖွဲ့ဟာ လူမှုဘဝ နေထိုင်မှုပုံစံက လေ့လာမှုအတွင်းမှာ ဘယ်သူက ရူးသွပ်မှု အခြေအနေ ပိုဆိုးလာတယ်၊ ဘယ်သူကဆိုးမလာဘူး ဆိုတာကို နှိုင်းယှဉ်ကြည့်ခဲ့ပါတယ်။

ချစ်ခင်ရင်းနှီးတဲ့ မိတ်ဆွေကောင်းတစ်ဦးကိုပိုင်ဆိုင်ထားခြင်းဟာစိတ်ဖိစီးမှုကို တိုက်ဖျက်ပေးမယ့် ကြားခံပစ္စည်းတစ်ခုလို လုပ်ဆောင်ပေးနိုင်စွမ်းရှိပြီး ဒီအချက်က ရူးသွပ်မှု ဖြစ်လာနိုင်တဲ့ အန္တရာယ်ကို လျှော့ချပေးနိုင်တဲ့ ဆက်စပ်မှုမျိုး ရှိနေတယ်လို့ ပရော်ဖက်ဆာ Eef H ogervorst က ပြောပါတယ်။

အောက်ပါအချက်တွေဟာ ရူးသွပ်ခြင်းကိုဖြစ်လာစေအောင် လုပ်ဆောင်နေတဲ့ အကြောင်းတွေထဲမှာ ပါဝင်နေတဲ့ အချက်ကိုးချက် ဖြစ်ပါတယ်။

၁။ သက်လတ်ပိုင်းအရွယ်မှာ အကြားအာရုံဆုံးရှုံးရခြင်း- ကိုးရာခိုင်နှုန်း
၂။ ပညာသင်ကြားမှု မပြီးမြောက်ခြင်း -ရှစ်ရာခိုင်နှုန်း
၃။ ဆေးလိပ်သောက်ခြင်း -ငါးရာခိုင်နှုန်း
၄။ စိတ်ကျဝေဒနာကို စောစီးစွာကုသရန်ပျက်ကွက်ခြင်း-လေးရာခိုင်နှုန်း
၅။ ရုပ်ပိုင်းဆိုင်ရာ -မသန်မစွမ်းဖြစ်ခြင်း- သုံးရာခိုင်နှုန်း
၆။ အထီးကျန်ဆန်မှု - ၂ရာခိုင်နှုန်း
၇။ သွေးတိုးခြင်း - ၂ရာခိုင်နှုန်း



၈။ အဝလွန်ခြင်း -၁ ရာခိုင်နှုန်း
၉။ နံပါတ် ၂ အမျိုးအစားဆီးချိုဖြစ်ပွားမှုကတော့- ၁ရာခိုင်နှုန်းဖြစ်တယ်လို့သိရပါတယ်။ **ဘီဘီစီ**

ခ ရီး သွား ဆောင်း ပါး

# သမိုင်းဖြစ်ရပ်တွေနဲ့ မင်းလှခံတပ်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ခင်ဇွန်ဇာလင်း



တသွင်သွင်စီးဆင်းနေသော ဧရာဝတီမြစ်၊ မြစ်ရေပြင်တွင် စုန်ဆန်သွားလာနေကြသည့် ရေယာဉ်များ၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှ စိမ်းညို့နေသောသစ်ပင်များနှင့် ရွာငယ်များကို လှမ်းမြင်ရသည်။ ဤနေရာသည် တစ်ချိန်က မြန်မာတို့၏ အနိုင်မခံ၊ အရှုံးမပေးသော စိတ်ဓာတ်များ၊ အော်ဟစ် တိုက်ပွဲဝင်သံများ ဆူဝေခဲ့သည့်နေရာ၊ လှေခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်တို့ဖြင့် ရဲရဲတောက် ဆင်နွှဲခဲ့သည့်နေရာ၊ သမိုင်းဖြစ်ရပ်တို့ကို ပြတ်ပြတ်ထင်ထင်၊ ကြေးမုံသွင်ကဲ့သို့ မြင်စေသည့်နေရာ။

ကျွန်တော်တို့ မင်းလှခံတပ်ပေါ်ရပ်ကာ ဧရာဝတီမြစ်ပြင်ကိုကြည့်ရင်း အတွေးများကိုယ်စီဝေကာ နှုတ်ဆိတ်နေကြသည်။ ကိုယ်စီရင်ထဲ၌ အမည်မဖော်ပြနိုင်သော နက်ရှိုင်းသည့်ခံစားမှုတို့ ယှက်ဖြာနေသည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကာလ မြန်မာတို့၏ နောက်ဆုံးခံတပ်အဖြစ် ကြံ့ကြံ့ခံ အံတု တိုက်ခိုက်ခဲ့သည့် သမိုင်းဝင်နေရာပင် မဟုတ်ပါလော။

တကယ်တော့ ကျွန်တော်တို့ မကွေးမြို့သို့ရောက်ခိုက် မြန်မာ့သမိုင်းဝင်နေရာတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည့် မင်းလှခံတပ်သို့ ရောက်အောင်လာခဲ့ကြခြင်းဖြစ်သည်။ ခရီးက အတန်ပင် လှမ်းသည်ဖြစ်သော်လည်း အရောက်လာချင်စိတ် ပြင်းပြလွန်းသဖြင့် ရောက်လာခဲ့ခြင်းဖြစ်သည်။ သည်ခရီးကို ကားဖြင့်ရောက်အောင် လိုက်ပို့ပေးသည့် မကွေးမြို့သား ကိုအေးမောင်ကို ကျေးဇူးတင်ရသည်။ ကျွန်တော် မကွေးမြို့၌ တာဝန်ကျစဉ် ကိုအေးမောင်နှင့် ရင်းနှီးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကိုအေးမောင်က လူပျိုဖြစ်သော်လည်း ယခုအချိန်တွင် သားသမီးသုံးဦး ထွန်းကားနေပြီဖြစ်သည့် အိမ်ထောင်သည်ဘဝ ရောက်ရှိနေသူဖြစ်သည်။

ကျွန်တော်တို့ မင်းလှမြို့ရောက်ချိန်မှာ နံနက် ၁၀ နာရီခန့်ရှိနေပြီဖြစ်ရာ မင်းလှခံတပ်အတွင်း ကမ္ဘာလှည့်ခရီးသွားအချို့ ရောက်ရှိလေ့လာနေကြသည်ကိုတွေ့ရသည်။ မင်းလှခံတပ်သို့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ပွင့်လင်းရာသီတွင် ပိုမိုလာရောက်ကြကြောင်း သိရပြီး မိုးရာသီကာလတွင်လည်း ရောက်ရှိလာလေ့ရှိကြောင်း သိရသည်။ မင်းလှခံတပ်က မူလအတိုင်း လက်ရာမပျက်ထားရှိ ထိန်းသိမ်းထားသဖြင့် ညို့မှိုင်းသော အသွင်ကိုဆောင်လျက် သမိုင်းပြယုဂ်အဖြစ် ညွှန်းဆိုလျက်ရှိနေသည်ဟု တွေးမိသည်။

ကျွန်တော်တို့ မင်းလှခံတပ်အုတ်ရိုးပေါ်၌ ရပ်ကာ မင်းလှခံတပ်အကြောင်း တွေးနေမိသည်။ မင်းလှခံတပ်ကို မြန်မာသက္ကရာဇ် ၁၂၂၂-၁၂၂၃ ခုနှစ်က ပြင်သစ်နှင့် အီတာလျံလူမျိုး အင်ဂျင်နီယာ ကိုမိုတိုပယ်ရီနှင့် မိုနာလီတို့ အကူအညီဖြင့် မြန်မာအင်ဂျင်နီယာ လူငယ်များ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ရာ ကနောင်မင်းသားကြီးက ကြီးကြပ်ခဲ့သည့် ခံတပ်ဖြစ်သည်။ မြန်မာတို့၏ ရှေ့ရေးကို ကြိုတင်တွေးမျှော်ချင့်ချိန်တတ်သည့် ကနောင်မင်းသားကြီး၏ အမြော်အမြင်ကို လေးစားစိတ်ဖြစ်ရသည်က အမှန်ပင်။

မင်းလှခံတပ်၏ အပြင်ဘက်အလျားမှာ ၁၇၃ ပေ ၇ လက်မရှိပြီး အပြင်ဘက်အနံမှာ ၁၃၁ ပေ ၄ လက်မရှိကြောင်း သိရသည်။ မင်းလှခံတပ်၏ အတွင်းအလျားမှာ ၁၀၈ ပေ ၈ လက်မရှိပြီး အတွင်းအနံမှာ ၈၈ ပေ ၄ လက်မရှိသည်။ ခံတပ်အတွင်းတောင်ဘက်နှင့် မြောက်ဘက်တို့တွင် ခံတပ်အပေါ် စင်္ကြံသို့တက်ရန် အုတ်လှေကားနှစ်စင်းရှိပြီး အပေါ်ဘက် စင်္ကြံအကျယ်မှာ ၂၁ ပေ ၆ လက်မရှိကြောင်း သိရသည်။ စင်္ကြံလမ်းမှအပြင် အုတ်ရိုးအမြင့်မှာ ၄ ပေ ၅ လက်မရှိကာ ခံတပ်မြောက်ဘက်မျက်နှာတွင် အုတ်ရိုးနှစ်ထပ်ရှိသည်။ အုတ်ရိုးများ၏ ထုထည်မှာ ၁၇ ပေ ၃ လက်မရှိပြီး အုတ်ရိုးနှစ်ခုအကြားတွင် မြေဖို့ထားရာ မြေသားထုအကျယ်မှာ ၉ ပေ ၁၀ လက်မရှိကြောင်း သိရသည်။

ဧရာဝတီမြစ်အနောက်ဘက်ကမ်းကို မေးတင်ကာ စနစ်တကျ ဆောက်လုပ်ထားသော မင်းလှခံတပ်ကိုကြည့်ကာ သမိုင်းပုံရိပ်များ အတွေးထဲ၌ ထင်ဟပ်လာခဲ့သည်။ မင်းလှခံတပ်ကို တည်ဆောက်ရန် မင်းလှမြို့တောင်ဘက် အင်းဖျားနေရာနှင့် မင်းလှအနောက်ဘက် လက်လန်ရွာတို့တွင် အုတ်များဖုတ်ကာ သယ်ဆောင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းနေရာများတွင် ယခုတိုင် အင်းကြီးသဖွယ်ဖြစ်နေသည်က သက်သေပြနေသည့်အလား။ မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်ကို တည်ဆောက်မှု ကုန်ကျစရိတ်မှာ ဒေါင်းဒင်္ဂါးကျပ်ပြားရေ ငွေတော် ခုနစ်သိန်းကျော်ကြောင်း သမိုင်းမှတ်တမ်းများတွင် လေ့လာခဲ့ဖူးသည်။

ကျွန်တော်တို့ မင်းလှခံတပ်အတွင်းသို့ အုတ်လှေကားမှတစ်ဆင့် ဆင်းခဲ့ကြပြီး ခံတပ်အုတ်ရိုးအောက်ပိုင်း၌ စစ်သည်တော်နှင့် အရာရှိများနေထိုင်ရာ အခန်းများကို လိုက်လံကြည့်ရှုခဲ့ကြသည်။ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကာလအတွင်း မင်းလှခံတပ်ကို သီရိမဟာ ဇေယျာကျော်ထင်ဘွဲ့ရ လှေသင်းအတွင်းဝန် ဦးရွှေမောင်က လူသူစစ်သည် ၃၄၀၀၊ အမြောက် ၁၀ လက်၊ လက်နက်မျိုးစုံတို့ဖြင့် အင်္ဂလိပ်တို့အား ခုခံတွန်းလှန်ခဲ့ပုံများကို ပြန်လည်မြင်ယောင်နေမိသည်။

ထိုစဉ်က အထက်မြန်မာပြည်နယ်စပ်မှ စစ်အောင်ခန်း ခံတပ်၊ ထူးပေါက်ခံတပ်၊ ကွေ့ချောင်းခံတပ်တို့ ကျဆုံးခဲ့ပြီးနောက် မင်းလှခံတပ်က နောက်ဆုံးခံတပ်အဖြစ် ခုခံတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ လက်နက်အင်အား၊ လူအင်အားမမျှသဖြင့် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မင်းလှခံတပ်ကျဆုံးခဲ့ရခြင်းဖြစ်ရာ သမိုင်းဖြစ်ရပ်များက သင်ခန်းစာယူစရာကောင်းလှသည်။

ကျွန်တော်တို့ မင်းလှခံတပ်အတွင်းဘက်၊ အပြင်ဘက်နှင့် အပေါ်ပိုင်းများကို လိုက်လံကြည့်ရှုပြီးနောက် မင်းလှခံတပ်အတွင်းမှ ပြန်ထွက်လာခဲ့သည်။ မြန်မာ့သမိုင်းဖြစ်ရပ်များကို အကောင်းဆုံး ပုံဖော်ပြသနေသော မင်းလှခံတပ်အား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နေသဖြင့် စိတ်သက်သာရာရမိတာကတော့အမှန်ပင်။

မင်းလှခံတပ်အတွင်းမှ ထွက်လာခဲ့သော ကျွန်တော်တို့ မင်းလှခံတပ်၏ မြောက်ဘက် လေးဖာလုံခန့်အကွာတွင် တည်ရှိပြီး ယခုမင်းလှမြို့အမှတ်(၁)ရပ်ကွက် ရှစ်မျက်နှာဘုရားအနီး၌ တည်ရှိနေသော မြန်မာဘုရင်ခေတ် ကြေးနန်းရုံသို့ သွားရောက်ခဲ့ကြသည်။ အနီရောင်များ ဖုံးလွှမ်းနေသော ကြေးနန်းရုံးဟောင်းလေးကား သက်တမ်းရင့်နေပြီဖြစ်သော်လည်း တည်တည်ငြိမ်ငြိမ်နှင့် ပျက်စီးမှုမရှိအောင် ထိန်းသိမ်းထားနိုင်ကြောင်း သတိပြုမိသည်။

ဘုရင်ခေတ်ကြေးနန်းရုံလေးအနီးသို့ ကပ်ပြီး သေသေချာချာလေ့လာမိသည်။ ဤကြေးနန်းရုံလေးကို မင်းလှခံတပ် မတည်ဆောက်မီ တစ်နှစ်ခန့်စောပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စစ်အတွင်း စစ်ဖက်ရေးရာ သတင်းအချက်များကို ရယူပေးပို့နိုင်အောင် စီစဉ်ထားခြင်း ဖြစ်နိုင်သည်။ ကြေးနန်းရုံသည် အကျယ် ၁၀ ပေ ပတ်လည်ခန့်ရှိပြီး တိုင်လေးတိုင်၊ သွပ်မိုးသွပ်ကာ အဆောက်အအုံလေးဖြစ်သည်။ ကြေးနန်းရုံလေးအလယ်တွင် အချင်း လက်မ ၂၀ ရှိသော အုတ်တိုင်တစ်တိုင်ရှိပြီး လူတစ်ထိုင်စာမြင့်သည့် အနေအထားရှိသည်ကို တွေ့ရသည်။ အုတ်တိုင်ပေါ်တွင် စက်ပစ္စည်းများတင်ထားပြီး မန္တလေးနေပြည်တော်သို့ သတင်းပို့၊ သတင်းလက်ခံခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။ တိုက်ပွဲသတင်း၊ စစ်ရေးသတင်း၊ အင်္ဂလိပ်ရေတပ် ရွေ့လျားမှုသတင်းများကို နေပြည်တော် မန္တလေးရှိ ကြေးနန်းရုံးသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ယခု ကြေးနန်းရုံကဲ့သို့ ဧရာဝတီမြစ်တစ်ဖက်ကမ်း သာစည်ရွာအနီး၌လည်း ကြေးနန်းရုံတစ်ရုံ ရှိခဲ့သော်လည်း ထိန်းသိမ်းစောင့်ရှောက်မှုမရှိသဖြင့် ယခုအခါ ပျက်စီးသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။ ကြေးနန်းရုံနှစ်ရုံကို ရေအောက်ကြိုးဖြင့် ဆက်သွယ်ထားပြီး သတင်းပေးပို့ခြင်းဖြစ်သည်။ မင်းလှဘက်ရှိ ကြေးနန်းရုံတွင် ယခင်က အီတာလျံလူမျိုး ဝန်ထမ်းနှစ်ဦး ထားရှိခဲ့ကြောင်းလည်း သိရသည်။

“မြန်မာဘုရင်ခေတ် ကြေးနန်းရုံ”ဟု ကမ္ပည်းရေးထိုးထားသော ကြေးနန်းရုံကို ကျွန်တော်တို့ လေ့လာကြည့်ရှုပြီးနောက် ပြန်ထွက်လာခဲ့ကြသည်။ နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်နေပြီဖြစ်သော ကြေးနန်းရုံလေးကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် သမိုင်းအဆောက်အအုံတစ်ခုအဖြစ် တည်ရှိနေသည်ကို ကျေးဇူးတင်နေမိသည်။

ကျွန်တော်တို့ မင်းလှမြို့ကျက်သရေဆောင် ရွှေဘုန်းသာဆုတောင်းပြည့်စေတီဘက်သို့ ထွက်လာခဲ့ကြသည်။ မင်းလှမြို့က အေးချမ်းတည်ငြိမ်ပြီး တိုးတက်ဖွံ့ဖြိုးလာသည့် မြို့တစ်မြို့အသွင်ကို ဆောင်နေပြီဖြစ်သည်။ မင်းလှခံတပ် တည်ရှိနေမှုကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လျက်ရှိရာ ခရီးသွားများ စိတ်ဝင်စားသည့် မြို့တစ်မြို့လည်းဖြစ်သည်။

ကျွန်တော်တို့ ရွှေဘုန်းသာ ဆုတောင်းပြည့်စေတီသို့ ရောက်ရှိခဲ့ကြသည်။ စေတီအရံ ၁၂ ဆူဖြင့် ကြည်ညိုသပ္ပာယ်စရာကောင်းသော စေတီတစ်ဆူဖြစ်ရာ လက်အုပ်ချီကာ ဖူးမြော်လိုက်သည်နှင့် ရင်ထဲအေးချမ်းသွားသည်။ ရွှေဘုန်းသာဆုတောင်းပြည့်စေတီကို ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်းသား ဦးပေါ်က ရခိုင်ဒေသမှအပြန် ၁၇၈၅ ခုနှစ်တွင် တည်ထားခဲ့ကြောင်း သိရသည်။ ကျွန်တော်တို့ စေတီတော်ကို ဖူးမြော်ပြီးနောက် စေတီရင်ပြင်တော်တွင် လှည့်လည်ဖူးမြော်ရာ ဘုရားဖူးအချို့သာရှိပြီး လူရှင်းလျက်ရှိသည်။ ရင်ပြင်တော်တွင် တစ်ပတ်လှည့်လည်ပြီးနောက် ကျွန်တော်တို့ ကားဆီသို့ ပြန်လာခဲ့ကြသည်။

ဧရာဝတီမြစ် တစ်ဖက်ကမ်းမှ ကွေ့ချောင်းခံတပ်ကိုမူ လှမ်းမျှော်ကြည့်ရုံကလွဲပြီး အချိန်မရ၍ ကျွန်တော်တို့ မသွားနိုင်တော့။ မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်တို့က အချိန်ကာလ တစ်ခုတည်းအတွင်း တည်ဆောက်ခဲ့သည့် ခံတပ်များဖြစ်ကြသော်လည်း ကွေ့ချောင်းခံတပ်က ထိန်းသိမ်းမှုအားနည်းသည်ဖြစ်ရာ ပျက်စီးမှုများရှိနေပြီဖြစ်သဖြင့် ပြန်လည်စောင့်ရှောက် ထိန်းသိမ်းသင့်သည်ဟု တွေးမိသည်။

ကျွန်တော်တို့ မင်းလှမြို့မှ ပြန်အထွက်တွင် နေအတော်စောင်းနေပြီဖြစ်သည်။ သမိုင်းဖြစ်ရပ်များကို ဖော်ပြနေသည့် မင်းလှခံတပ်က မြန်မာ့သမိုင်း ဖြစ်ရပ်အချို့ကို ကိုယ်တိုင် ဖော်ပြနေဆဲ၊ ဖွင့်လှစ်ပြသနေဆဲပင်။ ။



**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ**

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# သင့်တော်တဲ့အလုပ်တွေမှာ စွမ်းရည်ပြနိုင်သူများ

**ခင်ရတနာ**



၂၀၀၄ ခုနှစ်က ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာ ရိပ်မြုံသို့ ရောက်ရှိခဲ့သည်။ များပြားလှသည့် မောင်နှမများက တစ်ဦးကို တစ်ဦးဖေးမလျက် ခရီးစဉ်တစ်ခုကို အားကြိုးမာန်တက် စီစဉ်နေကြသည်။ သူတို့၏ခရီးစဉ်သည် လေ့ာ်ကားဘေးမဲ့ဥယျာဉ်ဖြစ်ပြီး ခရီးစဉ်အတွက် ဒေင်ကျောင်းမှ လူငယ်များက တက်ကြွစွာဖြင့် ဆောင်ရွက်နေကြသည်။ စားသောက်ဖွယ်ရာများ၊ နေရာထိုင်ခင်းများနှင့် တီးမှုတ်စရာများကို လူငယ်များက ပျော်ရွှင်စွာ ကားပေါ်သို့တင်သည်။ များပြားလှသည့် ချိုင်းထောက်သံများ၊ ကြားရသည်မှာ တိုးညင်းသော်လည်း အချင်းချင်းနားလည်နိုင်သည့် စကားသံများကလည်း ဆူဆူညံညံပင်။ မော်တော်ယာဉ် လေး၊ငါးစီးစာ လူငယ်များသည် လေ့ာ်ကား ဥယျာဉ်အတွင်း ပျော်ရွှင်စွာ တစ်နေ့တာဖြတ်သန်းကြသည်။ သူတို့သည် မသန်စွမ်းလူငယ်များပင်ဖြစ်သည်။ ယခုအခါ ထိုလူငယ်များထဲမှ အချို့သည် ကိုယ်ပိုင် လုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်းများ ဖြစ်နေကြကာ အောင်မြင်သည့် အတတ်ပညာမျိုးစုံဖြင့် လူပီသစွာ ဖြတ်သန်းနေကြပြီဖြစ်သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူမှုစစ်တမ်းများအရ မြန်မာနိုင်ငံတွင် မသန်စွမ်းလူဦးရေ ငါးသန်းခန့်၊ ရာခိုင်နှုန်းအားဖြင့် နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းခန့် ရှိသည်။

"အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ကြရသူတွေက ကမ္ဘာ့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းရှိတယ်လို့ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ကြီးကနေ တရားဝင်ထုတ်ပြန်ထားပြီးသားပါ၊ အရင်ကနဲ့နှိုင်းယှဉ်ရင် မသန်စွမ်းတွေ နေရာပိုရလာတာကို တွေ့ရပါတယ်၊ အဓိက ကတော့ ပညာသင်ယူခွင့်၊ လွတ်လပ်စွာနဲ့ ဝါသနာပါရာကို ရွေးချယ်လုပ်ကိုင်ခွင့်တွေကို လူသားအားလုံး ညီတူညီမျှ ရဖို့ပါပဲ၊ အခုနောက်ပိုင်းမှာ အများကြီး တိုးတက်လာတယ်၊ ကျွန်တော်တို့အနေနဲ့ကတော့ မသန်စွမ်းသူတွေမှာလည်း လုပ်ကိုင်နိုင်စွမ်းရှိတယ်ဆိုတာကို လူတွေအားလုံး အသိအမှတ်ပြုပေးဖို့ပါပဲ"ဟု လူတိုင်း အကျုံးဝင်ပညာရေးအတွက် တက်ကြွစွာဆောင်ရွက်ပေးနေသူ ကိုဝိုင်းကြည်က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က မသန်စွမ်းအမျိုးအစားကို ခုနစ်မျိုးခန့် ခွဲခြားထားပြီး ကိုယ်အင်္ဂါချို့ယွင်းသူ၊ အမြင်အာရုံအားနည်းသူ၊ အကြားအာရုံအားနည်းသူ၊ ဉာဏ်ရည်နိမ့်သူ၊ အရေပြားရောဂါရှိသူ၊ အတက်ရောဂါရှိသူနှင့် အပြုအမူထူးခြားသူဟူ၍ ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်မူ အကြမ်းဖျင်းအားဖြင့် ကိုယ်အင်္ဂါချို့ယွင်းမှု(သို့)ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းမှု၊ အမြင်အာရုံအားနည်းသူ၊ အကြားအာရုံအားနည်းသူနှင့် ဉာဏ်ရည်နိမ့်သူဟူ၍ ခွဲခြားထားရာ ကိုယ်အင်္ဂါမသန်စွမ်းမှုသည် မသန်စွမ်းမှုအမျိုးအစားများတွင် အများဆုံးဖြစ်ကြောင်း ဒေင် မသန်စွမ်းသက်ငယ်များ ပြုစုရာ ရိပ်မြုံမှ ထုတ်ပြန်ချက်အရ သိရှိရသည်။

"ကျွန်တော့်ကိုယ်ကျွန်တော် မသန်စွမ်းတစ်ယောက်လို့ တစ်ခါမှမတွေးဘူး၊ ကျွန်တော် ပုံမှန်အတိုင်းနေတယ်၊ ကျွန်တော့်ဆိုင်မှာ ဆံပင် လာညှပ်တဲ့သူတိုင်းကလည်း ကျွန်တော့်ကို မသန်စွမ်းသူလို့ ထင်ကြပုံမပေါ်ဘူး၊ ကြာလာတော့လည်း သူတို့နဲ့အတူတူပဲဆိုတာမျိုး ဖြစ်သွားတယ်"ဟု အလှစစ် Style House ပိုင်ရှင် ကိုဝေယံမိုးက ဆိုသည်။

သူ့အနေဖြင့် ဆိုင်ခွဲသုံးဆိုင်ခန့် ဖွင့်လှစ်နိုင်ခဲ့ပြီး သူကဲ့သို့ပင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်လာခဲ့ပြီး လက်နှစ်ဖက်ဖြင့် လုပ်ကိုင်နိုင်စွမ်းရှိသူများကို ဆံကေသာဆိုင်ရာ ပညာရပ်များကို အခမဲ့သင်ကြားပေးနေခြင်း၊ ဆိုင်ခွဲများတွင် အလုပ်ခန့်အပ်ခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်းသိရသည်။

"ကျွန်တော့်အယူအဆကတော့ ကိုယ့်မိသားစုထဲမှာ အကြောင်းကြောင်းကြောင့် မသန်စွမ်းပါလာပြီဆိုရင် ဝမ်းနည်းအားငယ်နေဖို့ မလိုပါဘူး၊ သူ့ကိုလည်း လူမှုပတ်ဝန်းကျင်မှာ ဖယ်ကျဉ်ထားဖို့မလိုပါဘူး၊ သူနဲ့ကိုက်ညီတဲ့ သင်ကြားမှုတွေကို ပေးဖို့လိုပါတယ်၊ သူ့ကို အားပေးတဲ့ ပတ်ဝန်းကျင်ကောင်းကို တည်ဆောက်ပေးဖို့လိုတယ်၊ ဒါမှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိလာပြီး သူတို့အနာဂတ်က လှပမှာပါ"ဟု ကိုဝေယံမိုးက ပြောသည်။

"ဒေင်ရိပ်မြုံရဲ့ အနာဂတ်မျှော်မှန်းချက်ကတော့ မသန်စွမ်းသူတွေရဲ့ ကိုယ်ပိုင်လက္ခဏာ၊ အခွင့်အရေးနဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးဖို့ဖြစ်ပါတယ်၊ အဲဒီလို မြှင့်တင်ပေးခြင်းဟာ သူတို့မှာရှိတဲ့ အလားအလာတွေကို အပြည့်အဝရလာမှာဖြစ်ပါတယ်၊ ဒေင်ရိပ်မြုံသည် မေတ္တာလွှမ်းမိုးသော လူ့အဖွဲ့အစည်းမှာ ခွဲခြားဆက်ဆံမှုကင်းပြီး အခြားသူတွေနည်းတူ တန်းတူအခွင့်အရေးရကြပြီး ပျော်ရွှင်ကြဖို့ပါ၊ အဲဒီအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းပေးဖို့ လိုအပ်ပါတယ်၊ ဥပမာပြောရရင် ကိုယ့်ပတ်ဝန်းကျင်က မသန်စွမ်းတွေကို အတတ်နိုင်ဆုံး လူ့အသိုင်းအဝန်းမှာ ဝင်ဆံ့လာအောင် နေရာပေး ကြိုဆိုဖို့လိုပါတယ်၊ ပြီးရင် လူတိုင်းအကျုံးဝင် ပညာရေးလိုမျိုး စာသင်ယူနိုင်အောင် ကူညီပေးဖို့လိုတယ်၊ အိမ်ထဲမှာထားတာမျိုးမဟုတ်ဘဲ သူတို့အတွက် သူတို့တတ်နိုင်တဲ့ အစွမ်းအစနဲ့ တတ်စွမ်းသလောက် လုပ်လာမယ်ဆိုရင် အကောင်းဆုံးဖြစ်လာမှာပါ"ဟု ဒေင်ရိပ်မြုံမှ ဦးငွေအောင်က ပြောကြားသည်။

"ကျွန်မတို့ လူမှုဝန်ထမ်းဦးစီးဌာနကလည်း ဆောင်ရွက်နေပါတယ်၊ အခြားသော အရပ်ဘက်အဖွဲ့အစည်းတွေ၊ စေတနာ့ ဝန်ထမ်းတွေကလည်း မသန်စွမ်းကလေးတွေအတွက် အများကြီးဆောင်ရွက်လာကြတာ ဂုဏ်ယူစရာကောင်းပါတယ်၊ အထူးသဖြင့် မူကြိုတွေ၊ အစိုးရစာသင်ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေဟာလည်း ဖွံ့ဖြိုးမှုနောက်ကျတဲ့ကလေးတွေ၊ အနည်းငယ်နောက်ကျတဲ့ ကလေးတွေဆိုရင် လက်ခံပေးပြီး စိတ်ရှည်ရှည်နဲ့ သည်းခံပြီး သင်ကြားပေးဖို့ တောင်းဆိုလိုပါတယ်၊ ဒါတင်မကသေးပါဘူး၊ မိဘတွေကလည်း ကိုယ့်သားသမီးရဲ့အခြေအနေကို စောစောစီးစီးသိရှိပြီး လေ့ကျင့်မှုတွေ ခံယူခွင့်ပေးခဲ့မယ်ဆိုရင်၊ အဲလိုလေ့ကျင့်မှုတွေကိုလည်း အသက် သုံးနှစ်အောက်မှာ စတင်နိုင်ခဲ့မယ်ဆိုရင် ကလေးငယ်ဟာ ဖွံ့ဖြိုးလာနိုင်သေးတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်စမ်းစမ်းအေးကပြောသည်။

မသန်စွမ်းများသည် လူမှုဝန်းကျင်ကို တတ်စွမ်းသည့် စွမ်းရည်တို့ဖြင့် ပြန်လည်အကျိုးပြုနိုင်သူများဖြစ်သည်။ သို့သော် ထိုအချက်ကို သိရှိပြီး လက်တွေ့အသုံးချနိုင်အောင် ဖန်တီးပေးသည့်သူများ နည်းပါးနေသေးသည်ကို မြင်တွေ့ရသည်။ သို့သော် ယခုအခါ နိုင်ငံအများစုတွင် မသန်စွမ်းများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်နိုင်ရန် စီစဉ်လျက်ရှိသည်ကို မြင်တွေ့ရသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ဖြစ်သည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့တွင်လည်း မသန်စွမ်းသူများကို လုပ်ငန်းလုပ်ကိုင်နိုင်သည့် အမျိုးအစားအလိုက် တရားဝင် အလုပ်လုပ်ကိုင်ခွင့်ပေးထားပြီး လုပ်ငန်းရှင်များကိုလည်း မသန်စွမ်းများကို အလုပ်ခန့်အပ်ပေးနိုင်ရန်အတွက် ပညာပေး အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည်။

"အလုပ်အားလုံးတော့ မဟုတ်ပါဘူး၊ သူတို့လုပ်နိုင်တဲ့ အလုပ်တွေ အများကြီးရှိပါတယ်၊ သင့်လျော်မယ့်အလုပ်အကိုင်ကို ပေးထားမယ်ဆိုရင် အခြားလူတွေထက်တောင် အလုပ်အပေါ်ကို သစ္စာရှိကြတယ်၊ ကျွန်တော့်ဝန်ထမ်းထဲမှာလည်း ခန့်ထားပေးတယ်၊ အခြားသူတွေတုန်းက အလုပ်မမြဲပေမယ့် သူတို့ကျတော့ အလုပ်အပေါ်မှာ အများကြီး အကူအညီလည်းပေးနိုင်ကြတယ်"ဟု ရွှေနှင်းဆီကုန်စည် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူ ကိုဖြိုးကလည်း ပြောပြသည်။

ယခုအခါ ပြည်သူ့ဝန်ထမ်းခန့်အပ်ရာတွင်လည်း မသန်စွမ်းများကို ထည့်သွင်းခေါ်ယူကြပြီး အလုပ်အကိုင်များ ရရှိလာသည်ကိုလည်း မြင်တွေ့ရသည်။ ထို့ပြင် ကမ္ဘာ့အသီးသီး၊ အလွှာအသီးသီးတွင် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်သည်လည်း အခြားသူများကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ရသည်။

"လက်ရှိ အလုပ်လုပ်နေတဲ့အချိန်မှာ ကျွန်မကိုယ်ကျွန်မ မသန်စွမ်းလို့တောင် မတွေးမိတော့ဘူး၊ အမှုသည်တွေနဲ့ ဆက်ဆံတဲ့အခါမှာ ယုံကြည်မှုရအောင် အမြဲတည်ဆောက်ပါတယ်၊ သူတို့အတွက် အားကြိုးမာန်တက် လုပ်ဆောင်ပေးတဲ့အခါ သူတို့ဘက်ကလည်း မသန်စွမ်းဆိုတဲ့အမြင်ထက် ရှေ့နေတစ်ယောက်ဆိုတဲ့အမြင်ပဲ ကျန်ခဲ့တယ်၊ တရားသူကြီးတွေနဲ့ ရှေ့နေအချင်းချင်းကလည်း ကျွန်မကို နှိမ့်ချခွဲခြား ဆက်ဆံတာမျိုး မကြုံခဲ့ဖူးဘူး၊ အမှုရင်ဆိုင်တဲ့အခါ ငါမတ်တတ်ရပ်နိုင်ပါ့မလားဆိုတဲ့အတွေးနဲ့ စိတ်ပူခဲ့ပေမယ့် အမှုလျှောက်လဲချိန်တိုင်း ဘယ်လောက်ကြာကြာ မတ်တတ်ရပ်နိုင်ခဲ့တယ်"ဟု မန္တလေးမြို့တွင်နေထိုင်သည့် တရားလွှတ်တော်ရှေ့နေ မလှလှမော်က သူ့နေ့စဉ်ဘဝကို ပြောကြားဖူးသည်။

လာမည့် ဒီဇင်ဘာ ၃ ရက်သည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ပင်ဖြစ်သည်။ မသန်စွမ်းသူများအနေဖြင့် ယခုအခါ အခွင့်အလမ်းများ အရင်ထက် ပိုရလာသလို သူတို့အတွက် ဥပဒေများလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ သို့သော် ပြည်သူများအကြား ယခုထက် ပိုမိုကာ နေရာရရှိလာနိုင်ရေးအတွက်မူ လိုအပ်ချက်များစွာ ရှိနေသေးသည်။ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းဆိုသည်မှာ နည်းပါးနေသေးပြီး သွားလာရေးအတွက်လည်း အခက်အခဲရှိနေဆဲပင်ဖြစ်သည်။ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန်အတွက်လည်း အများပြည်သူနည်းတူ သွားလာရန် အခက်အခဲများ ကြုံတွေ့နေရဆဲဖြစ်ကြောင်း ခရစ်ယာန်မျက်မမြင်အသင်းမှ အထွေထွေ အတွင်းရေးမှူး ဦးသိန်းလွင်က ပြောကြားသည်။

မသန်စွမ်းသူများ၏ အရည်အသွေးကို ယခုအခါ အထိုက်အလျောက်အသိအမှတ်ပြုလာသည်ကို မြင်တွေ့ရမည် ဖြစ်သော်လည်း လူနေမှုဘဝမြှင့်မားရေးအတွက် ဝိုင်းဝန်းအဖြေရှာကြိုးပမ်းဖို့ လိုအပ်နေပါသေးသည်။ အထူးသဖြင့် မသန်စွမ်းသူများအတွက် အခက်အခဲဖြစ်နေသေးသည့် ပညာရေးစနစ်၊ လူမှုရေးစနစ်များ၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် လူမှုဖူလုံရေးစနစ်များအတွက် နိုင်ငံတော်နှင့် ပြည်သူများက ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်ပေးရန် လိုအပ်ပါသေးသည်ဟု ရှုမြင်မိပါသည်။ ။

> **"အရပ်ဘက်အဖွဲ့အစည်းတွေ၊ စေတနာ့ဝန်ထမ်းတွေကလည်း မသန်စွမ်းကလေးတွေအတွက် အများကြီး ဆောင်ရွက်လာကြတာ ဂုဏ်ယူစရာ ကောင်းပါတယ်၊ အထူးသဖြင့် မူကြိုတွေ၊ အစိုးရစာသင်ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေ ဟာလည်း ဖွံ့ဖြိုးမှုနောက်ကျတဲ့ကလေးတွေ၊ အနည်းငယ်နောက်ကျတဲ့ ကလေးတွေဆိုရင် လက်ခံပေးပြီး စိတ်ရှည်ရှည်နဲ့ သည်းခံပြီး သင်ကြားပေးဖို့ တောင်းဆိုလိုပါတယ်"**



လေ့ကျင့်မှုတွေကို အသက် သုံးနှစ်အောက်မှာ စတင်နိုင်ခဲ့မယ်ဆိုရင် ကလေးငယ်ဟာ ဖွံ့ဖြိုးလာနိုင်သေးတယ်

# ယနေ့ခေတ် ခရီးသွားလုပ်ငန်းနှင့် နည်းပညာ၏ အခန်းကဏ္ဍ

ကျော်ကျော်လွင် (ဟိုတယ်/ခရီး)



ယနေ့ခေတ် ခရီးသွားလုပ်ငန်းအခြေအနေကို လေ့လာကြည့်မည်ဆိုပါက တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ခရီးသွားဧည့်သည် ၁၂၃၅ သန်း ရောက်ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၂၂၀ ဘီလီယံရရှိခဲ့သည်။ ၂၀၁၇ ခုနှစ် ပထမ လေးလအတွင်း ၆ ရာခိုင်နှုန်း ပိုမို တိုးတက်ရောက် ရှိခဲ့သည်။ ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် တစ်ကမ္ဘာလုံး ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းအားလုံး၏ ၇ ရာခိုင်နှုန်း ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းသည် ဓာတုဗေဒပစ္စည်းများနှင့် လောင်စာဆီများပြီးလျှင် ကမ္ဘာ့နံပါတ်(၃) အဆင့် ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းရှိပြီး အလုပ်အကိုင်အနေဖြင့် ၁၀ ယောက်တွင် တစ်ယောက်သည် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းကို လုပ်ကိုင်နေကြသူများကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းကို ပိုမိုလုပ်ကိုင်လာကြလျက် ရှိသည်။ ၂၁ရာစု ခရီးသွားလုပ်ငန်း ဈေးကွက်ပုံစံသည် (၂၀)ရာစုက ပုံစံနှင့် များစွာ ကွဲပြားသွားခဲ့ပြီဖြစ်ပြီး ခရီးသွားလုပ်ငန်း ထုတ်ကုန်နှင့် ဝန်ဆောင်မှုပုံစံအသစ်များလည်း ထပ်မံပေါ်ထွန်းလာလျက်ရှိသည်။ ကမ္ဘာသည် ရွာတစ်ခုကဲ့သို့ ဖြစ်လာပြီး သတင်းအချက်အလက်စီးဆင်းမှု အလွန်လျင်မြန်လာခြင်း၊ ခရီးသွားလာရေးအတွက် အချိန်ကုန် သက်သာလာခြင်း၊ ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အကြမ်းဖက် သောင်းကျန်းမှုနှင့် နိုင်ငံရေး ပြဿနာများ၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲခြင်း စသည့် အချက်များသည် ၂၁ ရာစု ခရီးသွားလုပ်ငန်းအပေါ် အဓိက လွှမ်းမိုးထားသောအချက်များ ဖြစ်သည်။

၎င်းအပြင် ခရီးစဉ်ဒေသ ဈေးကွက်ရှာဖွေရေးသည် ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာလျက်ရှိပြီး လူသိများသော ခရီးစဉ်ဒေသသို့ ခရီးသည်များ ပိုမိုသွားရောက်လည်ပတ်လျက်ရှိကြသည်။ ပြည်တွင်းခရီးသွားလုပ်ငန်းဈေးကွက် (Domestic Market) သည် နိုင်ငံတကာ ခရီးသွားလုပ်ငန်းဈေးကွက်(International Market)နှင့် ယှဉ်ပြိုင်လာလျက်ရှိပြီး ခရီးသည်ရောက်ရှိမှု အရေအတွက်ကို မျှော်မှန်းခြင်း ထက် အရည်အသွေးရှိသော (ငွေကြေးပိုမိုသုံးစွဲသော) ခရီးသည်ဈေးကွက်ကို မျှော်မှန်းလုပ်ကိုင်လာကြလျက်ရှိသည်။

**ခရီးသွားလုပ်ငန်း၏ အခြေခံအချက်များ**

ခရီးသွားလုပ်ငန်း၏ အခြေခံအချက်များဖြစ်သည့် ဆွဲဆောင်မှုများ (Attractions)၊ တည်းခိုနေထိုင်ရေး (Accommodation)၊ ဆက်သွယ်သွားလာရေး အဆင်ပြေလွယ်ကူမှုရှိခြင်း(Accessibility)နှင့် ပံ့ပိုးကူညီပေးသည့် အရာများ (Ancillary) စသည့် ကဏ္ဍအားလုံးတို့သည် ယနေ့အချိန်တွင် ဒီဂျစ်တယ်နည်းပညာ (အထူးသဖြင့် Online Media များ)နှင့် ဆက်နွှယ်မှုရှိနေပါသည်။

**ဆွဲဆောင်မှုများ**(Attractions)

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရာ ဒေသများတွင် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့်နေရာများ၊ အခင်းအကျင်းများ ရှိရမည်ဖြစ်သည်။ အမျိုးအစားအားဖြင့် သဘာဝအတိုင်းဖြစ်ပေါ်နေသည့် Natural Attractions များ၊ လူတို့ပြုပြင် ဖန်တီးထားသည့် Man-made Attractions များ၊ ပွဲလမ်းသဘင် အခမ်းအနား Event Attractions များ၊ ယဉ်ကျေးမှုဆိုင်ရာ Cultural Attractions များနှင့် လူမှုရေးဆိုင်ရာ Social Attractions များ စသဖြင့် များစွာရှိပါသည်။ ၎င်းဆွဲဆောင်မှုများတွင် ခရီးသည်များကိုယ်တိုင် ပါဝင်လုပ်ကိုင် ခံစားနိုင်သည့် လှုပ်ရှားမှုများလည်း ပါဝင်သည်။ ၎င်းဆွဲဆောင်မှုများကို ခရီးသွားဧည့်သည်များ ပိုမိုသိရှိစေရန် မီဒီယာကိုအသုံးပြု၍ မြှင့်တင်ကြော်ငြာခြင်းများ ပြုလုပ်ရသည်။ ခရီးစဉ်ဒေသဆိုင်ရာ လမ်းညွှန်စာအုပ်၊ စာတမ်းများ၊ လက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ ခရီးမြှင့်ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ခြင်း၊ သတင်းစာ ဂျာနယ်များတွင် ထည့်သွင်းဖော်ပြခြင်း၊ ခရီးသွားပြပွဲများ၊ အခမ်းအနား၊ ပွဲတော်များတွင် ပါဝင်ပြသခြင်း၊ လူစည်ကားရာနေရာများတွင် ဆိုင်းဘုတ်များဖြင့် ကြော်ငြာခြင်း၊ ပြည်တွင်းပြည်ပမှ မီဒီယာများ ဖိတ်ခေါ်၍ ၎င်းတို့သတင်းဌာနများတွင် ပြန်လည်ရေးသား ဖော်ပြစေခြင်း စသည့် နည်းလမ်းများအပြင် website၊ blog၊ forum များတွင် ရေးသားလွှင့်တင်ခြင်း၊ လူမှုကွန်ရက်မီဒီယာများ (facebook၊ twitter၊ instagram၊ linkedIn၊ pinterest ponf)တွင် ရေးသားလွှင့်တင်ခြင်းနှင့် ခရီးမြင့် ငွေကြေးသုံးစွဲနိုင်မှု အခြေအနေအရ ၎င်းလူမှုကွန်ရက် မီဒီယာများမှတစ်ဆင့် အခပေး ကြော်ငြာခြင်းများ ပြုလုပ်လာကြပါသည်။

**တည်းခိုနေထိုင်ရေး**(Accommodation)

ခရီးစဉ်ဒေသများရှိ Tourist Attraction နေရာများကို ဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့အတွက် အဓိကလိုအပ်သည့်အရာများအနက် တစ်ခုမှာ တည်းခိုနေထိုင်ရေး(Accommodation) ပင် ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ဧည့်သည်များ စိတ်ကျေနပ်မှု ရရှိစေရေးကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းမျိုးဖြစ်သည်။ ဧည့်သည်များအတွက် အိမ်မှဝေးသောအိမ်(Home Away From Home) ဖြစ်စေရန် ဧည့်ဝတ်ကျေပွန်မှု Hospitality ကို အဓိက ဦးစားပေးရသော လုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ခရီးသွားဧည့်သည်များအတွက် နေရာထိုင်ခင်းတွင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းများ၊ အပန်းဖြေစခန်းများ စသည့် စီးပွားရေးလုပ်ငန်းများ အဓိက ပါဝင်သည်။ ၎င်းတို့သည်လည်း ဧည့်သည်များ လာရောက်တည်းခိုရေးအတွက် မီဒီယာကိုအသုံးပြု၍ ကြော်ငြာခြင်းများ ပြုလုပ်ကြရသည်။ ယနေ့ခေတ်တွင် အင်တာနက်၊ လူမှုကွန်ရက်များမှတစ်ဆင့် အခန်းများ ဝယ်ယူနိုင်သည့် Online Booking စနစ်များ ပိုမိုများပြားလာပြီး၊ Agoda, Tripadvisor စသည့် Online Agent website များမှတစ်ဆင့် ဟိုတယ်အိပ်ခန်းငှားရမ်းရောင်းချခြင်းများကို ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိပါသည်။

**ဆက်သွယ်သွားလာရေး အဆင်ပြေလွယ်ကူမှုရှိခြင်း**(Accessibility)

ခရီးစဉ်ဒေသတစ်ခု၏ အောင်မြင်မှုသည် ဆက်သွယ်သွားလာရေး အဆင်ပြေလွယ်ကူမှုရှိခြင်းနှင့်လည်း သက်ဆိုင်သည်။ ဆက်သွယ်သွားလာရေး လွယ်ကူမှု မရှိသော ဒေသတစ်ခုတွင် ခရီးသွား ဆွဲဆောင်မှုများ မည်မျှပင်ရှိနေသော်လည်း ခရီးသည်များ မျှော်မှန်းသလောက် တိုးတက်ရရှိနိုင်မည်မဟုတ်ပါ။ Accessibility တွင် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းများဖြင့် ရောက်ရှိလည်ပတ်နိုင်ခြင်းကို ဆိုလိုပါသည်။ ခရီးစဉ်ဒေသသို့ ရောက်ရှိနိုင်သည့် လမ်းကြောင်းများ၊ လေကြောင်းလိုင်း၊ မော်တော်ယာဉ်လိုင်းများ၊ ရေကြောင်းပို့ဆောင်ရေးလိုင်းများသည် ၎င်းတို့ယာဉ်လိုင်းများတွင် ခရီးသည်များ လိုက်ပါစီးနင်းရေးအတွက် သမားရိုးကျမီဒီယာများ၊ လူမှုကွန်ရက်မီဒီယာများကို အသုံးပြု၍ မြှင့်တင်ကြော်ငြာခြင်းများ ပြုလုပ်ကြရသည်။ ယနေ့ခေတ် အင်တာနက်၊ လူမှုကွန်ရက်များတွင် ပို့ဆောင်ရေးယာဉ်လိုင်းများသည် ကိုယ်ပိုင် ဝက်ဘ်ဆိုက်များ၊ social page များ၊ mobile apps များ ထူထောင်လွှင့်တင်ကာ ခရီးစဉ်များအလိုက် ဈေးနှုန်းနှင့် အချိန်ဇယားများ၊ ဝန်ဆောင်မှုများကို အချိန်နှင့် တစ်ပြေးညီ ဖော်ပြပေးနေရုံသာမက online booking စနစ်ဖြင့် လက်မှတ်များ မှာယူနိုင်ပြီး online မှတစ်ဆင့် ငွေကို တိုက်ရိုက်ပေးချေနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်နေကြပြီ ဖြစ်သည်။

**ပံ့ပိုးကူညီပေးသည့်အရာများ**(Ancillaries)

ဧည့်သည်များ ခရီးသွားရာတွင် စိတ်ကျေနပ်မှုရရှိစေရန်အတွက် ထောက်ပံ့ကူညီပေးသည့် အရာများဖြစ်ပြီး attractions များကို ပိုမိုကောင်းမွန်စေရန် ထောက်ပံ့ပေးခြင်းအပြင် အခြားသော ခရီးသွားရာတွင် လုပ်အပ်သည့်လုပ်ငန်းများ (ဥပမာ-ဗီဇာကိစ္စ၊ လက်မှတ်များရရှိရေး စသည်)ကို ကူညီပေးခြင်း လုပ်ငန်းများဖြစ်သည်။ သဘာဝဆွဲဆောင်မှုများအတွက် Seashores, Sea bath, Fishing, Rock climbing, Trekking, Sightseeing စသည့် ဝန်ဆောင်များနှင့် လူတို့ပြုလုပ်ထားသည့် ဆွဲဆောင်မှုများဖြစ်သော Dance, Music, Drama, Cinema, Swimming Pool, Festivals, Night Bazaars စသည့် ဝန်ဆောင်မှု တစ်ခုချင်းစီအလိုက် မြှင့်တင်ကြော်ငြာရေးလုပ်ငန်းများကို မီဒီယာများအသုံးပြု၍ ဆောင်ရွက်လျက်ရှိကြသည်။

အထက်ပါ ခရီးသွားလုပ်ငန်း အခြေခံအချက်များအပြင် ခရီးစဉ်များ အစအဆုံး ဝန်ဆောင်မှုပေးနေသော ခရီးသွားအေဂျင်စီများနှင့် ကုမ္ပဏီများသည်လည်း ၎င်းတို့ဆောင်ရွက်နေသည့် ပြည်ပမှပြည်တွင်း ခရီးစဉ်(Inbound)၊ ပြည်တွင်းမှ ပြည်ပခရီးစဉ် (Outbound) နှင့် ပြည်တွင်းခရီးစဉ် (Domestic) စသည့် ခရီးစဉ်များ ရောင်းဝယ်ဖောက်ကားခြင်းအမှုကို အင်တာနက်မှတစ်ဆင့် ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသည်။

ယနေ့ခေတ်တွင် ၎င်း ခရီးသွားအေဂျင်စီများနှင့် ကုမ္ပဏီများ၏ လုပ်ငန်းအားလုံးနီးပါးကို Online တွင် ဆောင်ရွက်နိုင်ပြီဖြစ်သည့် Online Travel Agent (OTA)များပေါ်ပေါက်လာခြင်းပင်ဖြစ်ပါသည်။ အဆိုပါ OTA သည် မြေပြင်တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်၍ ဆိုင်းဘုတ်ထောင်လုပ်ကိုင်နေသည့် သမားရိုးကျ ခရီးသွားအေဂျင်စီများနှင့် ကုမ္ပဏီများအား လုပ်ငန်းယှဉ်ပြိုင် ခြိမ်းခြောက်နေသည့် အခြေအနေသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ထို့အပြင် ခရီးသွားလုပ်ငန်းတွင် မရှိမဖြစ်အရေးပါသော Tour Guide များ သည်လည်း မီဒီယာကိုအသုံးပြု၍ မြှင့်တင်ကြော်ငြာခြင်းများအပြင် www.showaround.com ကဲ့သို့ Online Agency website များမှတစ်ဆင့်လည်း ခရီးသည်များကို ကိုယ်တိုင်ချိတ်ဆက် ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်သည်။

**ခရီးသွားလာခြင်းနှင့် မီဒီယာ**

လွန်ခဲ့သော နှစ်ပေါင်းများစွာက ခရီးသွားလုပ်ငန်းသည် လူအချင်းချင်း သတင်းစကား ပြန်လည်ဖြန့်ဖြူးသည့် (word of mouth)အပေါ်တွင်သာ မှီခိုလျက် မိမိတို့ ပတ်ဝန်းကျင်မှ အပေါင်းအသင်း သူငယ်ချင်း၊ မိတ်ဆွေများ၏ ထောက်ခံအကြံပြုချက်များဖြင့် ခရီးသွားလာလည်ပတ်ခြင်းနှင့် ခရီးသွားအေဂျင်စီများ၊ ဧည့်လမ်းညွှန်များ၊ စာရွက်စာတမ်း၊ မြေပုံ၊ ခရီးသွားလမ်းညွှန်စာအုပ်များ၏ အကူအညီကို ရယူ၍ ခရီးသွားလာခြင်းအမှုကို ပြုခဲ့ကြသည်။ ခရီးသွားလုပ်ငန်းတွင် မီဒီယာ၏အခန်းကဏ္ဍကို စတင်စဉ်းစားမည်ဆိုပါက သမားရိုးကျမီဒီယာများဖြစ်သည့် တီဗွီ၊ သတင်းစာ၊ မဂ္ဂဇင်းများ၊ ခရီးသွားစာအုပ်၊ စာတမ်း၊ လက်ကမ်းစာစောင်၊ စီဒီ၊ ဒီဗီဒီစသည့် တို့ကို မျက်စိတွင် မြင်ယောင်မိမည်ဖြစ်သည်။ word of mouth ၏ အရေးပါမှုသည့် ယခင်က မိမိနေထိုင်ရာ ပတ်ဝန်းကျင်လောက်ကိုသာ လွှမ်းမိုးသော်လည်း ယနေ့ခေတ်တွင် ပြောင်းလဲလာသော နည်းပညာများနှင့်အတူ လူမှုကွန်ရက်မီဒီယာကြောင့် တစ်ကမ္ဘာလုံးသို့ပင် လွှမ်းမိုးလာပြီဖြစ်သည်။

ပြောင်းလဲလာသည့် ခရီးသွားလာမှုပုံစံကို ရှင်းလင်းတင်ပြလိုပါသည်။

(က) ပထမဦးစွာ သမားရိုးကျ ခရီးသွားလာမှုပုံစံတွင် ခရီးသည်တစ်ယောက်သည် ခရီးစဉ်ဒေသတစ်ခုကို အာရုံစိုက်မှု(Attention) ရှိလာသည်။ ထို့နောက် စိတ်ဝင်စားမှု(Interest) ဖြစ်လာပြီး သွားရောက်လည်ပတ်ချင်စိတ်(Desire) တဖြည်းဖြည်း ပေါ်လာသည်။ ၎င်းနောက် အကြိမ်ကြိမ် စိတ်ထဲတွင်ခရီးစဉ်အကြောင်း စဉ်းစားမိလာ(Memory)ပြီး နောက်ဆုံးတွင် အဆိုပါခရီးစဉ်ဒေသကို သွားရောက်လည်ပတ်ခြင်း(Action) ဖြစ်ပါတော့သည်။ အဆိုပါ ဖြစ်စဉ်ကို ပြန်ချုပ်လျှင် Attention၊ Interest၊ Desire၊ Memory နှင့် Action ဟူသော အဆင့် (၅) ဆင့်ရှိသည်ကို တွေ့နိုင်သည်။

(ခ) ဒုတိယပုံစံသည် အင်တာနက် စတင်ပေါ်ပေါက်လာပြီးနောက် ပြောင်းလဲသွားသည့်ပုံစံဖြစ်ပြီး ၎င်းတွင်လည်း Attention၊ Interest၊ Search၊ Action နှင့် Share ဟူသောအဆင့် (၅) ဆင့်ရှိပါသည်။ ခရီးသည်တစ်ယောက်သည် ပထမဦးစွာ ခရီးစဉ်ဒေသတစ်ခုကို (Attention)အာရုံစိုက်မှုရှိလာပြီး (Interest) စိတ်ဝင်စားမှု ဖြစ်လာသည်။ ထို့နောက် ၎င်းခရီးစဉ်ဒေသအကြောင်းကို (Search) အင်တာနက်တွင်ရှာဖွေပြီး (Action)အဆိုပါ ခရီးစဉ်ဒေသသို့ သွားရောက်လည်ပတ်ပါသည်။ ခရီးသည်သည် သွားရောက်ကာလအတွင်း (သို့မဟုတ်) ပြန်လာအပြီးတွင် အဆိုပါခရီးစဉ်အကြောင်းကို အင်တာနက်တွင်(Share) အချက်အလက်များပြန်လည်မျှဝေခြင်းကို ပြုလုပ်ပါသည်။

(ဂ)နောက်ဆုံးပုံစံသည် ယနေ့ခေတ် လူမှုကွန်ရက်များ ပေါ်ပေါက်လာပြီးနောက် ပြောင်းလဲသွားသည့် ခရီးသွားလာမှုပုံစံဖြစ်ပါသည်။ ခရီးသည် တစ်ယောက်သည် ပထမဦးစွာခရီးစဉ် ဒေသတစ်ခုကို (Attention) အာရုံစိုက်မှုရှိလာပြီး (Interest) စိတ်ဝင်စားမှု ဖြစ်လာပါသည်။ ထို့နောက် ၎င်းခရီးစဉ်ဒေသအကြောင်းကို (Social) လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ဆက်သွယ်မေးမြန်း စုံစမ်းပါသည်။ ထို့နောက် အဆိုပါ ခရီးစဉ်ဒေသသို့ (Action) သွားရောက်လည်ပတ်ပါသည်။

**ပြောင်းလဲလာသော ခရီးသွားလာမှုပုံစံများ**

အဆိုပါ ပြောင်းလဲလာသော ခရီးသွားလာမှုပုံစံများသည့် မီဒီယာများ၏ ပြောင်းလဲမှုဖြစ်စဉ်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်ကို တွေ့မြင်နိုင်ပါသည်။ လူအချင်းချင်း သတင်းစကားပြန်လည်ဖြန့်ဖြူးသည့် word of mouth သည်လည်း ယနေ့အချိန်တွင် online word of mouth အသွင် ဖြစ်လာခဲ့ပြီး ခရီးသွားလုပ်ငန်းတွင် များစွာ သက်ရောက်မှုရှိလာပါသည်။ online word of mouth တွင် ခရီးသည်တစ်ဦးသည် ယင်းသွားရောက်လည်ပတ်သည့် ခရီးစဉ်ဒေသကို ကိုယ်တိုင်မြှင့်တင်ကြော်ငြာပေးသည့် သဘောမျိုးလည်း ဖြစ်လာပြီး ၎င်းကို Social + Local + Mobile Marketing (SoLoMo)ဟု ခေါ်ဆိုလာကြပါသည်။

SoLoMo သည် ယနေ့ခေတ်တွင် အလွန်ထိရောက်မှုရှိသော ဈေးကွက်ရှာဖွေရေးပုံစံတစ်မျိုး ဖြစ်လာသည်။ ဥပမာအနေဖြင့် နိုင်ငံခြားသား ခရီးသည်တစ်ဦးသည် ပုဂံဒေသသို့ ရောက်ရှိလည်ပတ်နေစဉ် ကာလအတွင်း Mobile Phone ဖြင့် ရိုက်ထားသော ဓာတ်ပုံကို Social Media ဖြစ်သော ၎င်း၏ Facebook တွင် Location တည်နေရာကို ဖော်ပြ၍ post တင်လိုက်သည်။ ထိုအခါ Facebook မှသူငယ်ချင်းများက like ပေးပြီး comment များရေးသား၍ ပုဂံဒေသအကြောင်းကို မေးမြန်းကြမည်ဖြစ်ကာ အဆိုပါခရီးသည်က သူကြုံတွေ့ခံစားနေရသည့် အကြောင်းများကို real time ပြန်လည်ဖြေကြားပေးပါလိမ့်မည်။ ၎င်း၏ သူငယ်ချင်းများအနက် စိတ်ဝင်စားသူများက post ကို ထပ်မံ share ပါလိမ့်မည်။ အဆိုပါဖြစ်စဉ်တွင် ပုဂံသို့ လာရောက်လည်ပတ်သည့် ယင်းနိုင်ငံခြားသားကိုယ်တိုင် SoLoMo အသုံးပြု၍ ပုဂံဒေသကို ကြော်ငြာပေးနေကြောင်း သိမြင်နိုင်မည်ဖြစ်သည်။

**ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုပုံစံအသစ်များ**

တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသော ခရီးသွားလုပ်ငန်းကဏ္ဍနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသည့် ဒီဂျစ်တယ်နည်းပညာများ၏ အကျိုးဆက်ကြောင့် စီးပွားရေးလုပ်ငန်းပုံစံ၊ ခရီးသွားဧည့်သည်တို့၏ အမူအကျင့်နှင့် လိုအင်ဆန္ဒများ ပြောင်းလဲလာလျက်ရှိသည်။ အဆိုပါပြောင်းလဲမှုနှင့်အတူ ခရီးသည်အချင်းချင်း စရိတ်မျှခံ၍ သုံးစွဲခြင်း (shared economy)ကဲ့သို့သော ခရီးသွားလုပ်ငန်းဝန်ဆောင်မှု ပုံစံအသစ်များလည်း ပေါ်ပေါက်လာပါသည်။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု ပေးလျက်ရှိသည့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များကဲ့သို့ တစ်သီးပုဂ္ဂလအနေဖြင့်လည်း ဧည့်သည်များအတွက်

*စာမျက်နှာ ၂၄ သို့*

# အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂တွင်-

(က) ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(က) အလုပ်သမားဆိုသည်မှာ အလုပ်ရှင်ထံ ကာယအား၊ ဉာဏအား အသုံးပြုပြီး အချိန်ပိုင်းအလုပ်၊ အမြဲတမ်းအလုပ်၊ အလုပ်သင်အဖြစ် သို့မဟုတ် အစမ်းခန့်အဖြစ်ဖြင့် အခကြေးငွေရယူပြီး လုပ်ဆောင်သူဖြစ်သည်။ ယင်းစကားရပ်တွင် နိုင်ငံ့ဝန်ထမ်းများပါဝင်ပြီး အငြင်းပွားမှုဖြစ်ပွားနေစဉ်အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမားများလည်း ပါဝင်သည်။ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းဝင်တို့ မပါဝင်။"

(ခ) ပုဒ်မခွဲ(ဂ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) အလုပ်ရှင်ဆိုသည်မှာ မိမိ၏လုပ်ငန်းအတွက် လုပ်အားကိုရရှိရန် အလုပ်သမားအား ခိုင်းစေပြီး အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်သေဆုံးသည့်အခါ သို့မဟုတ် နာမကျန်း၍လုပ်ငန်းကိုစီမံခန့်ခွဲမှုမပြုနိုင်သောအခါ လုပ်ငန်းအမွေဆက်ခံသူ သို့မဟုတ် ၎င်း၏တရားဝင်ကိုယ်စားလှယ်၊ အစုစပ်ဖြစ်ပါကလုပ်ငန်းကိုကြီးကြပ်အုပ်ချုပ်ရန် တရားဝင်လွှဲအပ်အုပ်ချုပ်ခံရသူ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တည်ထောင်သော ကုမ္ပဏီဖြစ်ပါက လုပ်ငန်းကိုကြီးကြပ်အုပ်ချုပ်မည့် အကြီးအကဲနှင့် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များလည်း ပါဝင်သည်။"

(ဂ) ပုဒ်မခွဲ(စ)၊ပုဒ်မခွဲငယ်(၆)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(စ)(၆)ဝန်ကြီးဌာနက မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် လုပ်ငန်းများ။"

(ဃ) ပုဒ်မခွဲ(ဋ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဋ) စုပေါင်းတောင်းဆို ဆွေးနွေးမှု ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများနှင့်အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအကြား အလုပ်လုပ်ကိုင်မှု အခြေအနေနှင့်စည်းကမ်းချက်များ၊ ယင်းတို့၏ အလုပ်သမားရေးရာ ဆက်ဆံမှုများ သို့မဟုတ် အငြင်းပွားမှု မဖြစ်ပွားစေရန်ကာကွယ်မှုနှင့် ဖြေရှင်းမှုများကို စုပေါင်းဆွေးနွေးညှိနှိုင်းပြီး စုပေါင်းသဘောတူညီချက်ချမှတ်နိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို ဆိုသည်။"

(င) ပုဒ်မခွဲ(ဌ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဌ) စုပေါင်းသဘောတူညီချက် ဆိုသည်မှာ စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှုအရ အလုပ်သမားများ၏ လုပ်ငန်းခွင်နှင့် အလုပ်လုပ်ကိုင်မှု အခြေအနေများသတ်မှတ်ခြင်း၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၊ယင်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများအကြားတွင် ဆက်ဆံမှုဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ၏ တရားဝင်ရပ်တည်မှုကို အသိအမှတ်ပြုဆောင်ရွက်ခြင်းနှင့် အလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်မှု အာမခံချက်များကို မြှင့်တင်ခြင်းတို့ အပါအဝင် အလုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စာဖြင့်ချုပ်ဆိုသည့် နှစ်ဖက်သဘောတူညီချက်ကို ဆိုသည်။"

(စ) ပုဒ်မခွဲ(ဍ) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဍ) အငြင်းပွားမှုဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမား သို့မဟုတ် အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများ၏အလုပ်ခန့်ထားခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ အလုပ်ရပ်စဲခြင်းတို့နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ပင်စင်၊ လုပ်သက်ဆု၊ လုပ်အားဆုနှင့် စရိတ်အပါအဝင် အလုပ်လုပ်ကိုင်မှု သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်နှင့်သက်ဆိုင်သည့် ထိခိုက်နစ်နာမှုများ၊ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများ၊ သေဆုံးမှုများ သို့မဟုတ် လုပ်ငန်းခွင်ကြောင့် ဖြစ်ပေါ်သော ရောဂါများအတွက် လျော်ကြေးနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်သမားများ၏ နားရက်၊ ခွင့်ကိစ္စအပါအဝင် အလုပ်သမားရေးရာ အခြားကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း အလုပ်ရှင်တစ်ဦး သို့မဟုတ် အလုပ်ရှင်များသို့မဟုတ် ယင်းတို့အားကိုယ်စားပြုသည့် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားတစ်ဦးသို့မဟုတ်အလုပ်သမားများ သို့မဟုတ် ယင်းတို့အားကိုယ်စားပြုသည့် အလုပ်သမားအဖွဲ့အစည်းတို့အကြား ဖြစ်ပွားသောအငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုကို ဆိုသည်။"

(ဆ) ပုဒ်မခွဲ(ဎ) နှင့် (ဏ) တို့ကို ပယ်ဖျက်ရမည်။

(ဇ) ပုဒ်မခွဲ(တ)၊(ထ)၊(ဒ)၊(ဓ)၊(န)နှင့်(ပ)တို့ကို(ဎ)၊(ဏ)၊ (တ)၊(ထ)၊(ဒ)၊(ဓ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(ဈ) ပုဒ်မခွဲ(ဖ)နှင့်(ဗ)တို့ကို ပုဒ်မခွဲ (န)နှင့် (ပ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတို့တွင်ပါရှိသော"အလုပ်သမားဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မခွဲ(ဗ)ကိုပုဒ်မခွဲ(ပ)အဖြစ် ပြင်ဆင်ပြီး ပုဒ်မခွဲ(ပ)နောက်တွင် ပုဒ်မခွဲ(ဖ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဖ) ဦးစီးဌာနဆိုသည်မှာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနကို ဆိုသည်။"

၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ၃တွင်-

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) အလုပ်သမားအဖွဲ့အစည်းရှိလျှင် စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နိုင်ရေးအတွက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-"

(ခ) ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က)(၁) အလုပ်သမားအဖွဲ့အစည်းတစ်ခုချင်းက အဆိုပြုသည့် အလုပ်သမားကိုယ်စားလှယ်သုံးဦးစီ၊"

(ဂ) ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ)(၁)အလုပ်သမားများက ရွေးချယ်ပေးသော အလုပ်သမားကိုယ်စားလှယ်သုံးဦး၊
(၂)အလုပ်ရှင်ကိုယ်စားလှယ်သုံးဦး။"

၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ၄၊ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။(ခ)ညှိနှိုင်းရေးကော်မတီ၏သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။"

၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။(က)အလုပ်သမား သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဘက်ကဖြစ်စေ၊ အလုပ်ရှင်ဘက်ကဖြစ်စေ ၎င်းတို့၏နစ်နာချက်ကို ညှိနှိုင်းရေးကော်မတီသို့ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်ဖြင့် တောင်းဆိုတိုင်ကြားလာပါက ညှိနှိုင်းရေးကော်မတီသည် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရမည်။"

၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ အလုပ်သမား ၃၀ ဦးမပြည့်သဖြင့် ညှိနှိုင်းရေးကော်မတီဖွဲ့စည်းခြင်းမရှိသည့် လုပ်ငန်းတွင် နစ်နာချက်ကို အလုပ်ရှင်ထံတောင်းဆိုပါက အလုပ်ရှင်သည် အလုပ်သမားများ သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ်များနှင့် တောင်းဆိုချက်ကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းပြီး ဖြေရှင်းမှုမှတ်တမ်းရေးသားထားရှိ၍ သက်ဆိုင်ရာ ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့က တောင်းခံသည့်အခါ ယင်းမှတ်တမ်းကိုပေးပို့ရမည်။"

၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ ဝန်ကြီးဌာနသည် မြို့နယ်အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) အခြေခံနှင့်မြို့နယ်အဆင့် အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်ပေးသော အလုပ်ရှင်ကိုယ်စားလှယ်သုံးဦး၊

(ခ) အခြေခံနှင့် မြို့နယ်အဆင့်အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော အလုပ်သမားကိုယ်စားလှယ်သုံးဦး၊

(ဂ) ဝန်ကြီးဌာနက တာဝန်ပေးအပ်သော မြို့နယ်အဆင့် ကိုယ်စားလှယ်သုံးဦးတို့ဖြင့် ဖွဲ့စည်းရမည်။

(ဃ) ထိုဖွဲ့စည်းပြီးသော ကိုယ်စားလှယ်များပါဝင်သည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးကို အဖွဲ့ဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။"

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

၆၅။ မြေသိမ်းခြင်းဆောင်ရွက်မှုအရ မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများနှင့် ထိခိုက်နစ်နာသူ မိသားစုများအတွက် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးရန် တာဝန်ခံဆောင်ရွက်သူ သို့မဟုတ် ထပ်ဆင့် တာဝန်ပေးအပ်ခံရသူ မည်သူမဆို ဆောင်ရွက်ပေးသည့် လုပ်ငန်းမှ မသမာသည့် နည်းလမ်းဖြင့် ကိုယ်ကျိုးစီးပွားရှာခဲ့လျှင်ဖြစ်စေ၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်း မပြည့်မီစွာ ဆောင်ရွက်လျှင် ဖြစ်စေ၊ ထိုသို့ဖြစ်ပေါ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၆။ အများအတွက် မြေသိမ်းခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်မှုအရပ်ရပ်တွင် လုပ်ငန်းစဉ်များ ထိခိုက်ပျက်ပြားစေရန် မိမိသဘောအလျောက်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မှုများ ပြုလုပ်သူ၊ သို့တည်းမဟုတ် သိမ်းယူလက်ခံခဲ့သည့် မြေအား ရည်ရွယ်သည့်အတိုင်း အသုံးမပြုလျှင်ဖြစ်စေ၊ အသုံးမလိုတော့လျှင်ဖြစ်စေ၊ နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည့်အစား အခွင့်အမိန့်မရရှိဘဲ အခြားသူများသို့ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း ဆောင်ရွက်ခဲ့သည့် မည်သူမဆို ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၁၂)**
**အထွေထွေ**

၆၇။ မြေသိမ်းအက်ဥပဒေ (The Land Acquisition Act, 1894) အရ ဆောင်ရွက်နေဆဲဖြစ်သော မြေသိမ်းမှုများနှင့်စပ်လျဉ်း၍ ဤဥပဒေ အတည်ပြုသည့်နေ့မှစ၍ ခြောက်လအတွင်း ပြီးပြတ်သည်အထိ ယင်းအက်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အမြန်ဆောင်ရွက်ရမည်။

၆၈ ။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ (The Land Acquisition Act, 1894) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၆၉။ မြေသိမ်းရန် အဆိုပြုလွှာတွင် ပူးတွဲပါဝင်ရန် ပုဒ်မ ၈ အရ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရသည် မြေသိမ်းယူမည့်အကြောင်းအရာ အပေါ်မူတည်၍ ခြွင်းချက်ပြုရန် အချက်များကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်နိုင်သည်။

၇၀။ မြေသိမ်းယူခဲ့သည့် ဌာန၊ အဖွဲ့အစည်းများသည် သိမ်းယူခဲ့သော မြေအား သိမ်းယူသည့် ရည်ရွယ်ချက်အတိုင်း အသုံးပြုရန် မလိုအပ်တော့သည်ဖြစ်စေ၊ အသုံးမပြုတော့လျှင်ဖြစ်စေ၊ နိုင်ငံတော်သို့ ပြန်လည်အပ်နှံမှုမပြုခြင်း၊ သက်ဆိုင်ရာခွင့်ပြုပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ အခြားဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများသို့ မိမိသဘောအလျောက်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း ပြုလုပ်ခဲ့ပါက အခန်း (၁၁) ပါ ပြစ်မှုပြစ်ဒဏ်များနှင့်အညီ တာဝန်ရှိသူအား ထိရောက်စွာအပြစ်ပေး အရေးယူရမည်။

၇၁။ ဤမြေသိမ်းဥပဒေဖြင့် သိမ်းယူခြင်းမဟုတ်ဘဲ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေကို ရယူအသုံးပြုခြင်းကြောင့် အကျိုးစီးပွားထိခိုက်နစ်နာမှုများ ရှိခဲ့ပါကလည်း ဤဥပဒေပါ လျော်ကြေး၊ နစ်နာကြေး၊ ပြန်လည်နေရာချထားမှုနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များအတိုင်း ကျင့်သုံးဆောင်ရွက်ရမည်။

၇၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၃။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ (The Land Acquisition Act, 1894) သည် အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။

# မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကူညီပေးမည်

**ဘားအံ နိုဝင်ဘာ ၄**

ကရင်ပြည်နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်အင်္ဂါမသန်စွမ်းသူများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန် Handicap International နှင့်မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းတို့ ပူးပေါင်းပြီး ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ Handicap International ရုံးခွဲ (ဘားအံ)ကနေပြီးတော့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကိုယ်အင်္ဂါ မသန်စွမ်းသူတွေကို ခြေတုပြုပြင်တပ်ဆင်ပေးခြင်းလုပ်ငန်း၊ အထောက်အကူပြုပစ္စည်း ထောက်ပံ့ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ မိုင်းအန္တရာယ် အသိပညာပေးခြင်းလုပ်ငန်းနဲ့ နှစ်သိမ့် ဆွေးနွေးပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးမှာ ဖြစ်တယ်"ဟု Handicap International စီမံကိန်း ဒါရိုက်တာ Ms.Carla က ပြောကြားသည်။ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၇)ရပ်ကွက်၌ နိုဝင်ဘာ ၂ ရက်က Handicap International ရုံးခွဲ(ဘားအံ) ဖွင့်ပွဲကို ကျင်းပခဲ့ရာ ဖွင့်ပွဲတွင် ၎င်းက ပြောကြားခြင်း ဖြစ်သည်။

ကရင်ပြည်နယ်အတွင်း လူမှုရေးအကျိုး ဆောင်ရွက်နေသူများအနေဖြင့် ယခုဖွင့်လှစ်ထားသည့် ရုံးခွဲတွင် လာရောက်စုဝေးနိုင်စေရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်အင်္ဂါမသန်းစွမ်းသူများကို ဝန်ဆောင်မှု အပြည့်အဝ ပေးနိုင်စေရန် ရည်ရွယ်ပြီး ယခု ရုံးခွဲကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကိုယ်အင်္ဂါမသန်းစွမ်းသူများ အနေဖြင့် Handicap International ရုံးခွဲများသို့ လာရောက်၍ အကူအညီများ တောင်းခံပါက ရယူလိုသော ဝန်ဆောင်မှုအပေါ် မူတည်ပြီး အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

Handicap International နှင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းအဖွဲ့(MPHA )တို့ ပူးပေါင်း၍ ကရင်ပြည်နယ်အတွင်း ကော့ကရိတ် နှင့် သံတောင်ကြီး တို့တွင် Victim Assistance Center(VAC) များကို ဖွင့်လှစ်ထားရှိကာ ကိုယ်အင်္ဂါမသန်စွမ်းသူများ အား လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း နှင့် ပူပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ Handicap International ရုံးခွဲများအနေဖြင့် မြန်မာနိုင်ငံအတွင်း အသေးစား ခြေတုပြင်ဆင်ပေးမှု ၆၅၆ ဦး၊ အားပြုကိရိယာ ပြုလုပ်ပေးခြင်း ၉၅၈ ဦး၊ ခြေတုအသစ် တပ်ဆင်ပေးခြင်း ၄၈ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုံးခွဲ ဖွင့်ပွဲတွင် Handicap International စီမံကိန်း ဒါရိုက်တာက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ကရင်ပြည်နယ်အတွင်း လူမှုရေး လုပ်ငန်းများ ဆောင်ရွက်အောင်မြင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရုံးခွဲကို ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်း ဒါရိုက်တာ၊ VAC မှ ဒုစီမံကိန်းမန်နေဂျာ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာမှ ကိုယ်အင်္ဂါ မသန်စွမ်းသူ ဦးမျိုးဇော်က "ကိုယ်အင်္ဂါမသန်စွမ်းသူများ အနေဖြင့် မိသားစု စားဝတ်နေရေးအတွက် အခက်အခဲများနှင့် ကြုံတွေ့နေရပြီး အများအားဖြင့် ရပ်ရွာအတွင်း ပစ်ပယ်ထားကြခြင်းကို ခံနေကြရကာ နိုင်ငံတော်အစိုးရ အနေဖြင့် မသန်စွမ်းသူများအား ပစ်ပယ်မထားဘဲ ၎င်းတို့နှင့်သင့်လျော်မည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးစေလိုကြောင်း၊ သို့မှသာ မသန်စွမ်းသူများ၏ ဘဝအတွက်၊ စားဝတ်နေရေးအတွက် အဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း ပြောသည်။

"မြဝတီခရိုင်အတွင်းမှာရှိတဲ့ ဝေါလေမြိုင်ကျေးရွာနဲ့ ၁၅ မိုင်လောက်ဝေးတဲ့ လယ်တောမှာ နေ့စားနဲ့ စပါး သွားရိတ်ရင်း မိုင်းထိပြီး ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့တယ်၊ ဒီလို မသန်စွမ်းတဲ့ဘဝကို ရောက်သွားတော့ လူ့ဘဝမှာ နေချင်တဲ့စိတ်တောင် မရှိတော့ဘူး၊ အဲဒီအချိန်ကဆို မိသားစုအတွက် အလွန်အခက်အခဲဖြစ်တယ်၊ ပတ်ဝန်းကျင်ကလည်း မသန်စွမ်းတဲ့လူဆိုပြီးတော့ မခေါ်မပြောချင်ကြတော့ဘူး၊ မသန်စွမ်းဆိုပြီး ပစ်ပယ်ထားတာတွေရှိတယ်"ဟု ကိုယ်တိုင်ကြုံခဲ့ရပုံကို ၎င်းက ဆက်ပြောပြသည်။

ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ သတင်းအချက်အလက်များအရ လက်ရှိအချိန်တွင် ပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် မသန်စွမ်းသူများမှာ ကိုယ်အင်္ဂါမသန်စွမ်းသူ ၂၅၁၆ ဦး၊ ဉာဏ်ရည်မမီသူ ၈၅၄ ဦး၊ မျက်မမြင် ၄၉၇ ဦး၊ ဆွံ့အနားမကြား ၇၄၉ ဦးတို့ ရှိကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# တပ်ကုန်းမြို့ အထင်ကရ ဘုံကထိန်ပွဲတော်ကြီး ပျော်ရွှင်စွာဆင်နွှဲ

**တပ်ကုန်း နိုဝင်ဘာ ၄**

နေပြည်တော် တပ်ကုန်းမြို့၌ ဒေသခံပြည်သူများ နှစ်စဉ် အစဉ်အလာအတိုင်း ဆင်နွှဲလာသည့် မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၃၀ ရက် (တန်ဆောင်မုန်း လဆန်း ၁၁ ရက်)မှ စတင်၍ ကျင်းပလျက်ရှိသည်။

**လှူဒါန်း**

ဘုံကထိန်ပွဲတော်တွင် မြို့ပေါ် အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် / ကျေးရွာများမှ ပြည်သူများ၊ တစ်ဦးချင်း စေတနာရှင်များ၊ ဘဏ်များ၊ တပ်ရင်းတပ်ဖွဲ့များက လှူဖွယ်ပစ္စည်းများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပဒေသာပင် အလှဆင်၍ လှူဒါန်းကြပြီး အိုးစည်ဗုံမောင်းများဖြင့် မြို့တွင်း၌ လှည့်လည်ပြသကာ မြို့နယ် သာသနာပြုဗိမာန်တော်ကြီးသို့ ပို့ဆောင်ကြသည်။ သာသနာပြု ဗိမာန်တော်ကြီးတွင် ပဒေသာပင်များကို ငါးရက်၊ ငါးညတိုင်တိုင် ခင်းကျင်းပြသကာ နိုဝင်ဘာ ၅ ရက်(တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်)တွင် ကထိန်အာနိသင်ရ ကျောင်းပေါင်း ၅၀၊ အထူးပင့် ဆရာတော်ကြီး ၁၂ ပါးနှင့် အထူးပင့် သီလရှင်ဆရာကြီး တစ်ပါး၊ စုစုပေါင်း ၆၃ ပါးတို့အား လှူဒါန်းမှု အစုစုတို့ကို ရေစက်ချ၍ ဆက်ကပ် လှူဒါန်းကြမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသောလတစ်လဟု ဆိုအပ်သော သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လသည် မိသားစုအလိုက်လည်းကောင်း၊ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများ စု၍သော်လည်းကောင်း၊ ဌာနဆိုင်ရာများ စုပေါင်း၍လည်းကောင်း၊ မဟာကထိနဒါန ကထိန်အလှူတော် ခင်းကျင်း လှူဒါန်းနိုင်ကြရန် ပြင်ဆင်ဆောင်ရွက်သော အခါကာလဖြစ်သည့်အလျောက် တပ်ကုန်းမြို့တွင်းရှိ ဗုဒ္ဓသာသနာပြု ဗိမာန်တော်ကြီးကို ဗဟိုပြု၍ ပွဲတော်ကျင်းပသည့်နေရာ ပတ်ပတ်လည်၌ ဆိုင်ခန်းများ ဖွင့်လှစ်ပေးထားပြီး နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေရေးယာဉ်များဖြင့် မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေခြင်း အစီအစဉ်များလည်း ပါဝင်သည်။

"ဟိုယခင်နှစ်တွေက ကျေးလက်နေ ဒေသခံပြည်သူတွေ ပွဲတော်လာရောက်လည်ပတ်ရာမှာ ညအိပ်ညနေ လာကြရပါတယ်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာလို့ စတိတ်ရှိုးဖျော်ဖြေရေးယာဉ် ကြည့်ရှုပြီး စားသောက်ကုန်ပစ္စည်းများ ဝယ်ယူပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ လိုက်ထရပ်ကားတွေနဲ့ အေးချမ်းပျော်ရွှင်စွာ ညတွင်းချင်း ပြန်နိုင်ကြပါတယ်"ဟု တပ်ကုန်းမြို့ပေါ်မှ ဒေသခံအမျိုးသမီးတစ်ဦးက မဟာဘုံကထိန် ပွဲတော် ကျင်းပလာသည့် အစဉ်အလာနှင့် ပြောင်းလဲလာပုံများကို ပြောပြသည်။ တပ်ကုန်းမြို့၌ မဟာဘုံကထိန်ပွဲတော်ကို အစဉ်အလာအရ နှစ်စဉ် တန်ဆောင်မုန်း လတိုင်း ကျင်းပခဲ့သည်မှာ ယခု ၂၀၁၇ ခုနှစ်သည် (၅၁)ကြိမ်မြောက် ပွဲတော်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**



ဖျော်ဖြေရေးယာဉ်တစ်စီး လှည့်လည်ဖျော်ဖြေနေသည်ကို အားပေးနေသောပရိသတ်များ





# ချင်းတွင်းမြစ်အတွင်းမှ ငါးဖမ်းဆီးရမိမှု နည်းပါးနေသော်လည်း အင်းငါးများ ပေါများလျက်ရှိ

**ရေစကြို နိုဝင်ဘာ ၄**

ယခင်နှစ်များက ချင်းတွင်းမြစ်ရေကျပြီး ချိန်များတွင် မြစ်အတွင်း မြစ်ငါးများ လှိုင်လှိုင်ပေါများ လေ့ရှိသော်လည်း ယခုနှစ် မြစ်ရေကျချိန်တွင် မြစ်အတွင်းမှ ငါးဖမ်းယူရမိမှု နည်းပါးနေကြောင်း နှင့် အင်းငါးများမှာမူ ပေါများလျက်ရှိ ကြောင်း သိရသည်။

"နှစ်တိုင်းက အခုလို မြစ်ရေကျချိန် ဆိုရင် တစ်နေ့ကို မြစ်ငါး ၁၀ ပိဿာ လောက် ဖမ်းရတယ်၊ ဒီနှစ်တော့ ချင်းတွင်းမြစ်ရေက တက်လိုက်ကျလိုက် နဲ့ ဖြစ်နေတော့ အခုရေကျသွားပေမယ့် မြစ်ငါး များများ ဖမ်းမရဘူး၊ ရေကျချိန် ကလည်း နှစ်တိုင်းထက် နောက်ကျသွား တယ်၊ အခုက အေးတဲ့ရာသီရောက်လာ တော့ ငါးက ရာသီဥတုအေးလာရင် သိပ်ဖမ်း မရဘူး၊ တစ်ခါတလေ တစ်နေ့ လုံးမှာ တစ်ပိဿာတောင် မရချင်ဘူး" ဟု ချင်းတွင်းမြစ်အတွင်း ပိုက်ကွန်ပစ်ငါး ဖမ်းသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ချင်းတွင်းမြစ်ရေသည် သုံးကြိမ် မြင့်တက်ခဲ့သဖြင့် ချောင်း၊ မြောင်းများထဲတွင် မြစ်ငါးကျန်ရှိမှု လျော့နည်းခဲ့ပြီး ချောင်း၊ မြောင်းများတွင် တစ်ပိုင်တစ်နိုင် ငါးဖမ်းသူများအနေဖြင့် ငါးဖမ်းဆီးရမိမှု နည်းခဲ့ခြင်းဖြစ်ကြောင်း၊ ချောင်း၊ မြောင်းများသာမက ချင်းတွင်း မြစ်အတွင်းတွင်လည်း ငါးဖမ်းဆီးရမိမှု လျော့နည်းလျက်ရှိကြောင်း ငါးဖမ်းသူ များ၏ ပြောကြားချက်များအရ သိရ သည်။

"ဒီနှစ်က ချင်းတွင်းမြစ်ရေကျတော့ခါ တိုင်းနှစ်လို ချောင်းမြောင်းတွေထဲ ငါး မကျန်ဘူး၊ ခါတိုင်း မြစ်ရေကျပြီးချိန်မှာ ချောင်းမြောင်းတွေထဲ မြှုံးထောင်ဖမ်းရင် တောင် မြှုံးနဲ့အပြည့်ရတာ၊ ဒီနှစ် ငါးတစ် ကောင်မှကိုမရဘူး၊ ရေက တက်လိုက် ကျလိုက်နဲ့ဆိုတော့ နောက်ဆုံးတက်ပြီး ပြန်ကျတဲ့ရေနဲ့ ငါးတွေ မြစ်ထဲပြန်ပါ သွား တာ ထင်ပါတယ်"ဟု ချောင်းမြောင်း များအတွင်း တစ်ပိုင်တစ်နိုင် ငါးဖမ်းသူ တစ်ဦးက ပြောသည်။

ထိုသို့ ချင်းတွင်းမြစ်အပါအဝင် မြစ်၊ ချောင်း၊ မြောင်းများအတွင်း ငါးဖမ်းဆီး ရမိမှု လျော့နည်းလျက်ရှိသော်လည်း ချောင်းဦးမြို့နယ်အတွင်းရှိ ပေါက်အင်း တွင် ငါးများပေါများ၍ ဖမ်းဆီးရမိမှု များ ပြားကာ အဆိုပါအင်းမှ အင်းငါးများမှာ ရေစကြို မြို့မဈေးကြီးနှင့်ဈေးလေးများ အတွင်းသို့ ပေါပေါများများ ဝင်ရောက် နေသဖြင့် အင်းငါးအသေးလေးများမှာ ဈေးနှုန်းချိုသာလျက်ရှိသည်ဟု သိရ သည်။

"ဒီနှစ်မှာ ငါးသေးလေးတွေ တော် တော်ပေါတယ်၊ မနှစ်က ငါးစင်စပ်တို့ ငါးစင်ရိုင်းတို့ဆိုရင် တစ်ပိဿာ နှစ် ထောင်ကျော်၊ သုံးထောင်လောက်ပေးပြီး ဝယ်စားရတယ်၊ ဒီနှစ်မှာ ငါးစင်စပ် တစ် ပိဿာကို တစ်ထောင်ပဲပေးရတော့ များများဝယ်ဖြစ်တယ်"ဟု ငါးဝယ်ယူနေ သူတစ်ဦးက ပြောသည်။ ရေစကြိုမြို့နယ် အတွင်းရှိ ဈေးများတွင် မြစ်ငါးများ ရောင်းချမှု နည်းပါးလျက်ရှိသော် လည်း အင်းငါးသေးများ ပေါများနေပြီး ဈေးနှုန်း ချိုသာသဖြင့် ငါးဝယ်ယူစားသုံး သူ များပြားလျက်ရှိသည်ကို တွေ့ရသည်။ **အိမ့်မွန်ဆွေ (ရေစကြို)**



ချင်းတွင်းမြစ်အတွင်း ကွန်ပစ်ငါးဖမ်းနေစဉ်

# အစေ့ထုတ်ပြောင်း အထွက်တိုး ရလဒ် သရုပ်ပြ

**လားရှိုး နိုဝင်ဘာ ၄**

လားရှိုးမြို့တွင် ရုံးစိုက်သည့် တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့က လားရှိုးမြို့နယ်အတွင်းမှ ပြောင်းစိုက်ပျိုးရေး တောင်သူများနှင့် ချိတ်ဆက်ကာ ပူးပေါင်းစီစဉ် ဆောင်ရွက်နေသည့် မြန်မာ-တရုတ် ပူးပေါင်းစိုက်ပျိုးရေးမှ အစေ့ထုတ်ပြောင်း အထွက်တိုးရလဒ် သရုပ်ပြပွဲကို နိုဝင်ဘာ ၂ ရက်က မယ်ဟန်ကျေးရွာအုပ်စုရှိ ပြောင်းစိုက်တောင်သူ ဦးလှသိန်း၏ ပြောင်း စိုက်ခင်း၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် လားရှိုးမြို့ရှိ တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းအိုက်ထွန်းလျှံတို့က မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းစိုက်ပျိုးရေး လုပ်ငန်းများအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တယ်ဟုန်ပြည်နယ်ခွဲမှ စိုက်ပျိုးရေးပညာရှင် စိုင်းကမ်က မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များတွင် စပါး၊ ပြောင်း စိုက်ပျိုးမှုများ အောင်မြင်နေမှု ရလဒ်များကို လည်းကောင်း၊ မယ်ဟန်ကျေးရွာမှ ပြောင်းဧက ၁၀၀ စိုက်ပျိုးထားသည့် တောင်သူဦးလှသိန်းက မြန်မာ-တရုတ် ပူးပေါင်းစိုက်ပျိုးရေးကြောင့် ပြောင်းအထွက်တိုးနေမှု ရလဒ်ကောင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြောင်းစိုက်တောင်သူ ဦးလှသိန်း၏ ပြောင်းခင်းအတွင်း အပင်များ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့်အတူ ဒေသခံ ပြောင်းစိုက်တောင်သူ ၃၀ ခန့်နှင့် စိုက်ပျိုးရေးပညာရှင်များက လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **မမ(လားရှိုး)**

# မိုးစပါး စံပြကွက်ရိတ်သိမ်းမှု တောင်သူများအား သရုပ်ပြ

**မိုးညို နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံတောင်သူများအား မိုးစပါး စံပြကွက်ရိတ်သိမ်းမှု သရုပ်ပြပွဲကို ညောင်ဝိုင်းကျေးရွာအုပ်စု ကံကြီးပိုင်းကျေးရွာရှိ တောင်သူတစ်ဦး၏ မိုးစပါး (S.R.I)စံပြကွက်၌ နိုဝင်ဘာ ၂ ရက်က သရုပ်ပြခဲ့သည်။

သရုပ်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးအေးဝင်းနှင့် ဦးဝင်းကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူ ၁၀၀ ခန့် လာရောက်ကြည့်ရှုလေ့လာကြပြီး တောင်သူများ သိရှိလိုသည့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ မေးမြန်းချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ရှင်းလင်းဖြေကြားသည်။ ထို့နောက် စံကွက်ရိတ်သိမ်းမှု လက်တွေ့သရုပ်ပြခဲ့ရာ ဆင်းသုခစပါးမျိုး တစ်ဧကမှ စပါးအစို တင်း ၁၅၀ နှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **ကိုမင်း(မိုးညို)**



# ရွှေဘုံသာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၄**
ကောဇာသက္ကရာဇ် ၁၁၅ ခုနှစ် ကဆုန်လဆုတ် ၅ ရက် ကြာသပတေးနေ့တွင် ရှင်မဟာကဿဖနှင့် ရဟန္တာတစ်ထောင်တို့သည် လူနတ်ဗြဟ္မာ စုံညီစွာဖြင့် သိကြားမင်းကိုယ်တိုင် ရွှေပန်းခိုင် ငါးခိုင်ကို ဌာပနာသွင်း၍ ကမ္ဘည်းရေးထိုး တည်ထားကိုးကွယ်ခဲ့သော မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်အတွင်းရှိ သမိုင်းဝင် ရွှေဘုံသာစေတီတော် (၆၇)ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်၌ ဆွမ်းကြီးခံလောင်းလှူပူဇော်ပွဲ၊ ပထမအကြိမ် ဆီမီးငါးထောင်ပူဇော်ပွဲနှင့် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်များကို တန်ဆောင်မုန်းလပြည့်နေ့က စည်ကားစွာ ကျင်းပခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၇ နာရီခွဲအချိန်မှ စတင်၍ ရွှေဘုံသာစေတီတော် ရင်ပြင်၌ မြို့နယ်သံဃနာယက ဆရာတော်ကြီးများအား အမှူးထား၍ သုဝဏ္ဏဝတီမြို့ အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၈၀ မှ ပင့်သံဃာ အပါး ၄၀၀၊ သီလရှင် အပါး ၁၀၀ တို့အား အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြပြီး ကျောင်းစဉ်အလိုက် စာရေးတံမဲများဖြင့် ငွေပဒေသာပင် ငွေသားလှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆွမ်းကြီးခံကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား ဆွမ်းနှင့် အချိုပွဲများ၊ ဧည့်ပရိသတ်များအား စတုဒိသာ ထမင်းဟင်းများ ကျွေးမွေးဧည့်ခံကြသည်။

မွန်းလွဲပိုင်းတွင် မြို့အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အလှူရှင်ပြည်သူများက လှူဖွယ်ပစ္စည်းများ၊ ကြာသက်န်းများ ကိုင်ဆောင်၍ အတီးအမှုတ်၊ အကအခုန်များဖြင့် ဘုရားပေါ်သို့ တက်ရောက် ပူဇော်လှူဒါန်းကြသည်။ ယခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားပွဲလာ ဧည့်ပရိသတ်များအား စွမ်းအားသစ်ဇာတ်သဘင်က ဇလာပွဲဖြင့် နှစ်ရက်တိုင် ကပြဖျော်ဖြေခဲ့သလို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ညနေပိုင်းတွင် ပထမအကြိမ် ဆီမီး ၅၀၀၀ ပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်တို့ကို ကျင်းပကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဟိုတယ်နှင့် တည်းခိုခန်းများ မီးဘေးကြိုတင်ကာကွယ်မှု အားနည်းနေ



**မုံရွာ နိုဝင်ဘာ ၄**
ဟိုတယ်နှင့် တည်းခိုခန်းများအတွက် လိုင်စင်များ ခွင့်ပြုသည့်အခါ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်များကို ထည့်သွင်းစဉ်းစားပြီးမှ ခွင့်ပြုပေးနေသော်လည်း ဟိုတယ်နှင့်တည်းခိုခန်းများမှာ နောက်ပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ထိထိရောက်ရောက် လုပ်ဆောင်မှု အားနည်းနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာနမှူး ဦးအောင်သူဦး၏ ပြောကြားချက်အရ သိရသည်။

နိုဝင်ဘာ ၂ ရက်က မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ပြုလုပ်သော ဟိုတယ်နှင့် တည်းခိုခန်းများ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေးပွဲတွင် ဦးစီးမှူးက ပြောကြားခြင်းဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ အရင်က ဟိုတယ် ၂၃ လုံးသာ ရှိခဲ့ရာက အခုအချိန်မှာ ဟိုတယ် ၂၉ လုံး ဖွင့်လှစ်ထားသလို စည်ပင်သာယာအဖွဲ့က လိုင်စင်ထုတ်ပေးထားတဲ့ တည်းခိုခန်း ၃၁ လုံး ရှိပါတယ်၊ ဟိုတယ်နဲ့ခရီးသွားဝန်ကြီးဌာနအနေနဲ့ ဟိုတယ်လုပ်ငန်းလိုင်စင်တွေ ခွင့်ပြုတဲ့အခါ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနတွေရဲ့ ထောက်ခံချက်တွေကို ထည့်သွင်းစဉ်းစားပြီး ခွင့်ပြုပေးနေပါတယ်၊ ဒါ့အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနရဲ့ထောက်ခံချက်တွေနဲ့ ဟိုတယ်နဲ့ တည်းခိုခန်းတွေရဲ့ လိုင်စင်ကို ခွင့်ပြုပေးနေပါတယ်"ဟု ဦးအောင်သူဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ဟောပြောပွဲတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးစီးဌာနမှူးက ဟိုတယ် တည်းခိုခန်းများ မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ပြုလုပ်ထားမှု အခြေအနေများကို အကြံပြုဆွေးနွေးပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန်များကို ရုပ်ပုံ၊ ဓာတ်ပုံများ ပြသကာ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော စစ်ကိုင်းမြို့နှင့် မုံရွာမြို့တို့မှ ဟိုတယ် တည်းခိုခန်းပိုင်ရှင်များ၊ မန်နေဂျာ နှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြကာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ဆက်လက်၍ မုံရွာခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ၊ မန်နေဂျာများ၊ အလုပ်သမားများနှင့်အတူ မီးဘေးအန္တရာယ်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများကို ဝင်းယူနတီဟိုတယ်အတွင်း လက်တွေ့ပြုလုပ်ခဲ့ကြသည်။

"မြန်မာနိုင်ငံမှာ ဟိုတယ်နဲ့ တည်းခိုခန်းအများစုဟာ မီးကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားတာ အလွန်အင်မတန်နည်းပါတယ်၊ ဟိုတယ်၊ တည်းခိုခန်း ဆောက်ရင် မီးသတ်ကား တွေရဲ့ အဝင်အထွက် လမ်းချန်ရသလို ဟိုတယ်မှာ တပ်ဆင်ရမှာတွေကိုကြည့်ရင် အတော်လေး အားနည်းပါတယ်၊ အချို့ ဟိုတယ်တွေမှာဆို တပ်ဆိုလို့ တပ်ထားတယ်၊ ကွာလတီမမီတာတွေကို တပ်ထားတွေက အများစုဆိုတာ တွေ့နေရပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ဟိုတယ် ၁၂၉၁ လုံး ရှိပါတယ်"ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ရှင်းပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ဟိုတယ်နှင့်တည်းခိုခန်း အများစုအနေဖြင့် မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင် ဆောင်ရွက်ထားမှု အားနည်းနေခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးစီးဌာနမှူးက "အဲဒီလို ခွင့်ပြုပေးတဲ့အခါမှာ ထောက်ခံချက်တွေနဲ့ စစ်ဆေးအတည်ပြုပြီးမှ ဟိုတယ် လိုင်စင်တွေကို ပေးခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ ဟိုတယ်၊ တည်းခိုခန်းတွေမှာ မီးဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ထဲထဲဝင်ဝင် ထိထိရောက်ရောက် ဆောင်ရွက်တာ မရှိတဲ့အတွက် အချို့ ဟိုတယ် တည်းခိုခန်းတွေမှာ မီးလောင်မှုတွေဖြစ်ပေါ်ပြီး အဆောက်အအုံတွေ ဆုံးရှုံးနစ်နာပြီး လူများထိခိုက်နစ်နာရတာတွေ များစွာ တွေ့နေရပါတယ်"ဟု ပြောသည်။

ဟိုတယ်နှင့် တည်းခိုခန်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် ရေးအတွက် ဟိုတယ်တွင် တပ်ဆင်ထားသော မီးဘေးအချက်ပြ ကိရိယာများ၊ လမ်းညွှန်များ၊ ရေပိုက်လိုင်းများ၊ ရေပိုက်ခေါင်းများ ရှိမရှိနှင့် ရှိလျှင်လည်း ဟောင်းနေသည်ဆိုလျှင် အသစ်လဲရန်များ ဆောင်ရွက်ရန်နှင့် အရေးပေါ်လှေကားများ ကြံ့ခိုင်မှု စစ်ဆေးရန်၊ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို လစဉ်ပြုလုပ်ပေးရန် ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာန ရုံးချုပ်က ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်သည့်အတွက် တိကျစွာ လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# စာတုဆေးဝါး အသုံးပြု ငါးဖမ်းဆီးမှု ပိတ်ပင်ရေး ရေလုပ်သားအစုအဖွဲ့များ ဆန္ဒဖော်ထုတ်

**အင်္ဂပူ နိုဝင်ဘာ ၄**
အင်္ဂပူမြို့၌ ဓာတုဆေးဝါးများ အသုံးပြု၍ ငါးဖမ်းဆီးမှု ပိတ်ပင်ရေးနှင့် ရေလုပ်သားအစုအဖွဲ့များ မှန်မှန်ကန်ကန် ရရှိရေးအတွက် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ရေလုပ်သားအစုအဖွဲ့များ လမ်းလျှောက်၍ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ရေလုပ်သား ဦးသောင်းဟန် ဦးဆောင်သော ရွှေကညင်-မမြအင်း ရေလုပ်သား အစုအဖွဲ့များ အင်အား ၈၅ ဦးခန့်က စုရပ်ဖြစ်သော ဝက်သေကျေးရွာအုပ်စု အေးစေတီကျေးရွာ ဘုရားအနီးမှ စတင်၍ ငဝန်ရေလမ်း၊ နန္ဒဝန်လမ်း၊ ချယ်ရီ(တောင်)လမ်းနှင့် ခတ္တာလမ်းမတစ်လျှောက် အမှတ်(၁)ရပ်ကွက် ပြည်သူ့အားကစားကွင်းရှေ့အထိ လမ်းလျှောက်၍ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

လမ်းလျှောက်ဆန္ဒထုတ်ဖော်ရခြင်းမှာ နောက်မီးအင်းအတွင်း ဓာတုဆေးဝါးများ အသုံးပြု၍ ငါးဖမ်းနေကြသူများ ရှိနေသည့်အတွက် ငါးသယံဇာတများ လျော့နည်းလာပြီး ရေလုပ်သားအနေဖြင့် ရှာဖွေစားသောက်မှု အခက်အခဲများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့်လည်းကောင်း၊ ရေလုပ်သားအစုအဖွဲ့များ မှန်မှန်ကန်ကန် ရရှိစေရန် အတွက်လည်းကောင်း၊ ငါးသယံဇာတများ မပြုန်းတီးရေး ရေလုပ်သား အစုအဖွဲ့များက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်လိုသည့်အတွက်လည်းကောင်း ယခုလို ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း နောက်မီးအင်း ရေလုပ်သားအစုအဖွဲ့ဝင် ဦးအောင်မိုးခိုင်ထံမှ သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# မိုင်းရယ်မြို့တွင် ပထမဆုံးအကြိမ် မီးပုံးပျံလွှတ်တင်ပွဲကျင်းပ

**မိုင်းရယ် နိုဝင်ဘာ ၄**
မိုင်းရယ်မြို့၌ တန်ဆောင်တိုင် ပျော်ပွဲရွှင်ပွဲများကို ကျင်းပလျက်ရှိရာ မြို့၏ ပထမဆုံးအကြိမ် မီးပုံးပျံလွှတ်တင်ပွဲကို မိုင်းရယ်မြို့ ပြည်သာယာဘုရားဝင်းအတွင်း၌ နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

မိုင်းရယ်မြို့နယ်အနေဖြင့် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်အထိ နှစ်ရက်တိုင် ကျင်းပခဲ့ခြင်းဖြစ်ပြီး မီးပုံးပျံလွှတ်တင်ပွဲတွင် အမှတ်(၃) စစ်ဗျူဟာအဖွဲ့က မီးပုံးပျံ တစ်လုံး၊ မြို့ပေါ်ရပ်ကွက်များက မီးပုံးပျံ သုံးလုံး စုစုပေါင်း လေးလုံး လွှတ်တင်ခဲ့ကာ ဒေသခံများကလည်း ရှမ်းတေးသီချင်းများ ရှမ်းရိုးရာ အကအလှများဖြင့်လည်း ဖျော်ဖြေခဲ့ကြသည်။ မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပခြင်းမှာ ရှေးရိုးရာအစဉ်အလာများကို လူငယ်များ မမေ့မလျော့ ထိန်းသိမ်းတတ်စေရန်နှင့် နှစ်စဉ် ကျင်းပသွားနိုင်ရေးအတွက် ယခုနှစ်မှစတင်ပြီး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

*စာမျက်နှာ ၂၁ မှ*
အချက်အလက်များပေးခြင်း(Information)၊ တည်းခိုနေထိုင်ရေး(Accommodation)၊ ပို့ဆောင်ရေး(Transport)၊ အစားအသောက်(Food)နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုများ(Tourism Activities)စသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဒီဂျစ်တယ်နည်းပညာများ အသုံးပြု၍ စီးပွားရေးလုပ်ကိုင်ခြင်းကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ ထပ်မံရှင်းလင်းတင်ပြရလျှင်-

အချက်အလက်များပေးခြင်း (information) တွင် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ၊ လာရောက်လည်ပတ်ပြီးသူ ဧည့်သည်များ၏ မှတ်ချက်များ၊ ဒေသရှိ ခရီးသွားဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များကို အင်တာနက်မှတစ်ဆင့် ဖော်ပြပေးခြင်း(TripAdvisor, Yelp ponfh site များ)

တည်းခိုနေထိုင်ရေး (Accommodation)တွင် ခရီးစဉ်ဒေသ၌ အိပ်ရာ၊ အိပ်ခန်း၊ တိုက်ခန်း၊ နေအိမ်စသည်တို့ကို ကာလတိုငှားရမ်းခြင်း(Airbnb, Home Away, Couchsurfing ponfh site rsm;)

ပို့ဆောင်ရေး(Transport)တွင် ခရီးတိုအတွက်နှင့် ခရီးရှည်များအတွက် ခရီးသည် အချင်းချင်း ကုန်ကျစရိတ် မျှခံသွားလာသည့် ဝန်ဆောင်မှုပေးခြင်း(Uber, Lyft, BlaBlaCar စသည်)

အစားအသောက်(Food)တွင် ခရီးစဉ်ဒေသရှိ သီးသန့်ပတ်ဝန်းကျင်တွင် ဒေသန္တရ အစားအစာများကို ဧည့်သည်အချင်းချင်း ကုန်ကျစရိတ်မျှခံ၍ စားသောက်နိုင်သည့် ဝန်ဆောင်မှုပေးခြင်း(EatWith, Feastly, VizEat ponfh site များ)

ခရီးသွားလုပ်ငန်းဆိုင်ရာလှုပ်ရှားမှုများ(Tourism Activities)တွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်ခြင်းနှင့် အပျော်ခရီးသွားခြင်းများနှင့် အခြားဝန်ဆောင်မှုများ(BeMyGuest, ToursByLocals, Vayable ponfh site များ)

အထက်ပါကဏ္ဍအလိုက် ပူးတွဲဖော်ပြထားသော Site အမည်များကို Internet Search Engine များ(ဥပမာ-Google)မှတစ်ဆင့် ရှာဖွေကြည့်ပါက တစ်ခုချင်းစီ၏ အသေးစိတ်အချက်အလက်များကို လေ့လာသိရှိနိုင်မည်ဖြစ်ပါသည်။

ထိုသို့ ပြောင်းလဲလာသော ခရီးသွားလုပ်ငန်း စီးပွားရေးပုံစံများ ဆောင်ရွက်ရာတွင် ခရီးသွားဧည့်သည်များ လုံခြုံစိတ်ချရမှုရှိရေး၊ ဈေးကွက်ယှဉ်ပြိုင်ရာတွင် အရည်အသွေးပြည့်မီရေး စသည့်အချက်များ ရှိရန် လိုအပ်မည်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများအနေဖြင့်လည်း ခရီးသွားဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် အပြောင်းအလဲများနှင့် လိုက်လျောညီထွေမှုဖြစ်စေသည့် မူဝါဒများ၊ မဟာဗျူဟာအစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ရာ ထိုသို့ဆောင်ရွက်ရန် (၁)လက်ရှိ မိမိနိုင်ငံ မိမိဒေသတွင် ဖြစ်ပေါ်ဖွံ့ဖြိုးနေသော ခရီးသွားလုပ်ငန်းဝန်ဆောင်မှု ပုံစံအသစ်များကို သိရှိနားလည်ပြီး စောင့်ကြည့်ခြင်း၊ (၂)ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်သည့် ကဏ္ဍအားလုံး၏ စိတ်ပါဝင်စားမှုကို လေ့လာခြင်း၊ (၃) ဈေးကွက်နှင့် လိုက်လျောညီထွေမှုဖြစ်စေရန်အတွက် စီးပွားရေး လုပ်ငန်းပုံစံပြောင်းလဲခြင်း စသည့်အချက်များ ပါဝင်ရန် လိုအပ်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

သို့ဖြစ်ရာ ယနေ့ခေတ် တိုးတက်လျက်ရှိသည့် နည်းပညာများအပေါ် အခြေခံ၍ ခရီးသွား လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုပုံစံများ၊ ခရီးသွားလာမှုပုံစံများ၊ ဧည့်သည်များ၏ အမူအကျင့် အလေ့အထများ ပြောင်းလဲလာမှု အခြေအနေများနှင့် နည်းပညာ၏ အခန်းကဏ္ဍကို ရှုမြင်သုံးသပ်နိုင်ရန်အတွက် ရေးသားတင်ပြအပ်ပါသည်။ ။

**ကိုးကား**

(၁) UNWTO Tourism Highlights 2017 Edition
(၂) New Platform Tourism Services
(or the so-called Sharing Economy)
Understand, Rethink and Adapt,
September 2017, by UNWTO

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ နိုဝင်ဘာလ ၂၄၊ ၂၅၊ ၂၆ (၈၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

အောက်တိုဘာလ ၂၁ ရက်တွင် စတင်လက်ခံ၍ နိုဝင်ဘာလ ၂၄၊ ၂၅၊ ၂၆ ရက်များတွင် ၈၅-ကြိမ်မြောက် ဦးရေ (၁၀၇၂၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရှိကင်း။ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေကုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒမာသီရိလက်ခံရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



**အင်ဂျင်နီယာပိုင်ဆိုင်ရာ လက်တွေ့ကျွမ်းကျင်မှု သင်တန်းများ**

1. Handphone ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရောနစ်သင်တန်းများ
3. TV , DVD , EVD စက်ပြင်သင်တန်း
4. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
5. မော်တာ၊ ဒိုင်နမို၊ ထရမ်စဖော်မာ လက်တွေ့သင်တန်း
6. အဆင့်မြင့် Electrical Control သင်တန်း
7. ဒီဇယ်၊ ဂါတ်စ် အင်ဂျင်စက်ပြင် သင်တန်း
8. အဲယားကွန်း ရေခဲသေတ္တာကျွမ်းကျင် သင်တန်း
9. PLC & Automation သင်တန်း
10. Advanced PLC & SCADA သင်တန်း
11. CNC (Computerized Numerical Control) သင်တန်း
12. PIC Microcontroller သင်တန်း
13. ဂဟေဆက် သင်တန်း (3G, 4G, 3F, 4F)
14. ပိုက်ဖစ်တာသင်တန်း
15. Marine Electrical / Fitter / Welding သင်တန်းများ

(Since 2004)

**ထူးခြားမှုများ**

- GLORY သည်သင်တန်းကျောင်းသက်တမ်း (၁၃)နှစ် ရှိပြီဖြစ်ပြီးလေ့ကျင့်သင်တန်းပေးပြီး သင်တန်းသား (၂၀,၀၀၀)ကျော်မွေးထုတ်ခဲ့ပြီးဖြစ်သည်။
- ဝါရင့်ဆရာများက ဦးစီးသင်ကြားပေးပြီး စာတွေ့ ၊ လက်တွေ့ အချိုးညီညီလေ့ကျင့်သင်ကြားပေးနေသည်။
- ဂျပန် ၊ UK အစရှိသော နိုင်ငံတကာကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းခွင်နှင့် ကိုက်ညီမှုရှိစေမည့် အထိရောက်ဆုံး သင်ရိုးညွှန်းတမ်းများ ဖြင့် လေ့ကျင့်သင်ကြားနေသည်။

GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com



• SATELLITE • BROADBAND • MOBILE • IoT • ENTERPRISE • BROADCAST SOLUTIONS • DELIVERY • CONTENT

Visit

The 4th Communications Technology, Enterprise & Convergence Solutions Show

CommuniCast 2017 Myanmar

**Tuesday 28 - Thursday 30 November 2017**

Novotel Yangon Max, Yangon (10.00 -18.00 Hrs.)

ပြပွဲသည် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာအတွက်ဖြစ်ပါသည်။
အသက် (၁၆) နှစ်အောက် ဝင်ရောက်ခွင့်မပြုပါ။

Co-located with: International Myanmar ICT Exhibition 2017

Incorporating: Satellite Forum 2017 Myanmar



Pre-register at www.communicastmyanmar.com

Info Hotline: +95-1 513 515-519

Supported by: MCF, Software Park Thailand

Silver Sponsor: COMMSCOPE

Organised by: UBM



University of East London နှင့် Myanmar Noble College တို့၏ Joint Program များဖြစ်ကြသော Bachelor's Degree တန်းခွဲများဖြစ်ကြသည့် -

- BEng(Hons) Civil Engineering
- BA(Hons) Business Management

တန်းခွဲများကို MNC တွင်ပင် တက်ရောက်သင်ကြားနိုင်သည့်အပြင် UEL မှ ကြီးမှူးကျင်းပသော Graduation Ceremony ကို တက်ရောက်ပြီး Bachelor ဘွဲ့ကိုလည်း ရယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

MNC MYANMAR NOBLE COLLEGE

**Enroll Now!!!**





UEL University of East London

**Early Bird Promotion** 13th October 2017 ~ 13th November 2017

Contact us : Yangon - No.6 (A), Kyoe Sett Yone Street, Thuwana - Thingankyun Township, Yangon, Myanmar.
Tel : 01 - 2331276, 2331257, 2331264
Mobile : 09 - 780 63 9577, 448066660 ~ 3

MNCEducation

# မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရန် ကညင်ချောင်း စီးပွားရေးဇုန်က များစွာ ကူညီနိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဝန်းကျင်ဒေသများ၏ ပြန်လည် ထူထောင်နိုင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကညင်ချောင်း စီးပွားရေးဇုန်က အချက်အချာကျကြောင်း ကုန်သည် စက်မှုအသင်းချုပ်၏ ရခိုင်ပြည်နယ် လေ့လာရေးခရီးစဉ်မှ တွေ့ရှိချက်အရ သိရသည်။

မောင်တောမြို့နယ်ရဲ့အနောက်မြောက်ဘက် နှစ်မိုင်ခန့်သာဝေးသည့် နတ်မြစ်နှင့် ကညင်ချောင်းဆုံရာ အရပ်တွင် သတ်မှတ်အခြေချထားသည့် ကညင်ချောင်း စီးပွားရေးဇုန်နေရာသည် တစ်ဖက်နိုင်ငံ ဆိပ်ကမ်းနှင့် လေးမိုင်ခန့်သာ ကွာဝေးပြီး ဆိပ်ခံ တံတား ရေစူးနက်သဖြင့် တန်ချိန်မြင့် သင်္ဘောများ ၂၄ နာရီ ဆိုက်ကပ်နိုင်ခြင်းကြောင့် မောင်တောဒေသ ဖွံ့ဖြိုးရေးအတွက် အချက်အချာကျသည့် နေရာဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ် တာဝန်ရှိသူများက လေ့လာတွေ့ရှိ *စာမျက်နှာ ၇ ကော်လံ ၁* ●




ပဋိပက္ခတွေနဲ့ တစ်ခန်းရပ်သွားခဲ့တဲ့ ကက်တလိုနီးယားခွဲထွက်ရေး စာ » ၁၅

သင့်တော်တဲ့ အလုပ်တွေမှာ စွမ်းရည်ပြနိုင်သူများ စာ » ၂၀

ယနေ့ခေတ် ခရီးသွားလုပ်ငန်းနှင့် နည်းပညာ၏ အခန်းကဏ္ဍ စာ » ၂၁

# KBZ Bank Women's League ပြိုင်ပွဲ ချန်ပီယံ မြဝတီအသင်းအား ဆုချီးမြှင့်


**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank က အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ဘောလုံးပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ဗိုလ်စွဲခဲ့သည့် မြဝတီအသင်းအား ချန်ပီယံဆုဖလားချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

နောက်ဆုံးပွဲတွင် မြဝတီအသင်းသည် အားကစားနှင့် ကာယပညာ ဦးစီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း လက်ကျန်တစ်ပွဲအလိုကတည်းက ချန်ပီယံဖြစ်ပြီးသောကြောင့် ယခုပွဲရလဒ်မှာ အရေးပါခြင်းမရှိခဲ့ပေ။ အားကစားနှင့် ကာယပညာ ဦးစီးဌာနအသင်းသည် တတိယနေရာရယူနိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် မြဝတီအသင်းက ၂၉ မှတ်ဖြင့် ချန်ပီယံဆုရခဲ့ပြီး သစ္စာအားမာန်အသင်းက ၂၈ မှတ်ဖြင့် ဒုတိယ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၂၆ မှတ်ဖြင့် တတိယရရှိခဲ့သည်။ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ မြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၁၅၀ နှင့် ဆုဖလား၊ ဒုတိယဆုရ သစ္စာအားမာန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ တတိယဆုရ အားကစားနှင့် ကာယပညာ ဦးစီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀ တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမျိုးသမီးလိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးလှမြေး၊ အမျိုးသမီးဘောလုံးကော်မတီမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



အောင်လအန်ဆန်က အလိန်းဂါလာနီ၏ကုပ်ကို အမိအရချုပ်ထားစဉ်။

# ကမ္ဘာ့ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်ရန် အားသွန်ကြိုးပမ်းနေဆဲ အောင်လအန်ဆန်

**ရန်ကုန် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၃ ရက်ညက ကျင်းပခဲ့သည့် One Championships Hero's Dream Open Weight Super-Bout ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Middle Weight တန်းမှ ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က စိန်ခေါ်သူ Heavy Weight တန်းမှ ကစ်ဘောက်ဆင် ကမ္ဘာ့ချန်ပီယံ အလိန်းဂါလာနီ ကို အနိုင်ရရှိခဲ့ခြင်းအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ယခုပြိုင်ပွဲသည် အောင်လ၏ ထူးချွန်ပြောင်မြောက်ပြီး အံ့မခန်းလောက်အောင် စိန်ခေါ်သူပြိုင်ဘက်ကို စွမ်းဆောင် အနိုင်ရယူခဲ့သည့်အတွက် ဂုဏ်ယူကြောင်း" ချီးကျူးဂုဏ်ပြုလွှာပေးပို့ခဲ့သည်။

"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အန်တီဒေါ်အောင်ဆန်းစုကြည်က ကျွန်တော့်ကို ဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာပေးပို့လို့ အတိုင်းမသိ ဝမ်းသာဂုဏ်ယူရတယ်ဗျာ၊ ကျွန်တော်အနိုင်ရရှိတာကလည်း ပရိသတ်တွေရဲ့ အားပေးဆုတောင်းမှုတွေကြောင့်ပါပဲ"ဟု အောင်လအန်ဆန်က သူ၏ ကိုယ်ပိုင်လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားခဲ့ပြီး 'ချစ်စွာသောသားအောင်လ'ဟု အစချီထားသည့် ဒေါ်အောင်ဆန်းစုကြည်၏ ချီးကျူးဂုဏ်ပြုလွှာကို ပြသထားခဲ့သည်။

အောင်လအန်ဆန်သည် ပြိုင်ဘက်ဖြစ်သူအား ပထမအချီ ၄ မိနစ်နှင့် ၃၁ စက္ကန့်မှာပင် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲအပြီး ဆက်လက်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အောင်လက "ကျွန်တော့်ရဲ့ ပြိုင်ဘက်က အားအလွန်သန်တယ်၊ သူ့ကိုထိန်းချုပ်ရတာ ခက်တယ်၊ ကိုယ်ကအပေါ်ကနေချုပ်ဖို့စဉ်းစားတယ်၊ ဒါပေမယ့် ပြိုင်ပွဲမှာ ရတာယူရမှာပဲ၊ ခေါင်းပေး ခေါင်းယူရမယ်၊ လက်ပေးရင် လက်ယူရမယ်၊ ကျွန်တော့်မှာ အတွေ့အကြုံတွေ လိုနေသေးတယ်၊ *စာမျက်နှာ ၂ ကော်လံ ၁* ❄

## လေဖိအားနည်းရပ်ဝန်း အားပျော့ပြီဖြစ်

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာ၊ တမီနာဒူးလ်ကမ်းခြေ (အိန္ဒိယနိုင်ငံ)အနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။ (မိုး/ဇလ)

